www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

တစေ

# တစ္ဆေမျက်ကွင်း

မဂ္ဂဇင်း

အမှတ်-၂



BURMESE CLASSIC

2017.GRAPHIC DESIGN : KYAW MINN MO

www.burmeseclassic.com

www.burmeseclassic.com

# ကတော

စီစဉ်သည်

# တစ္ဆေမျက်ကန်း

မဂ္ဂရင်း



အမှတ်-၂၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်

သတိပေးချက်။ ။ ဤမဂ္ဂရင်းအား ကြောက်တတ်သူများ ညမဖတ်ရ

www.burmeseclassic.com

www.burmeseclassic.com



## တစ္ဆေနိုင်တဲ့ဂါထာကလေး

## တာရာ

စာ-၇

အေး...အဲဒီသရဲက ငါ့ကို တာတေ နင်ထုတ်တယ်၊
ငါ့ကို တာတေ နင်ထုတ်တယ်လို့အော်ပြီး
ခုန်ပေါက်သောင်းကြမ်းနေတာ၊ ငါရောက်သွားတော့မှ
ငါက ချော့မော့တောင်းပန်ပြီး ....

BURMESE CLASSIC

ယာဂလိပ်အင်းဖြင့်

## သင်းထုတ်ခြင်း

ရာဇော်လွင်

စာ-၁၅



## မွေးနေ့လက်ဆောင်ရသောတစ္ဆေအရုပ်ကလေး



ကျော်မြင့်(မြောင်းမြ) ........ စာ-၂၁

လူစီသည် အလွန်ကြောက်ရွံ့ထိတ်လန့်နေသောကြောင့်
တစ်ညလုံး တစ်မှေးမျှပင် အိပ်မရတော့ပါ။
မိုးလင်းသည်အထိ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com

## ပညာသည် ဒေါ်ဒိုဇာနှင့်ထူးဆန်းသောမိန်းမပျို့



စိုးမိုးနိုင် . . . . . . . . . . . . . . . စာ-၂၈

ဘကြီးအောင်မှာ အနားကပ်သွားပြီး ပရိုတ်ရေပြင်
ပက်ဖြန်းလိုက်သောအခါ ထိုမိန်းမပျို့မှာ
နီးဖြင့်ယက်လုပ်ထားသော နာနာဆေးရုပ်တစ်ခုအဖြစ်သို့
ထူးဆန်းစွာ ပြောင်းလဲသွားသည်ကို .....

## ကိုယ်တွေ့တစ္ဆေဖြစ်ရပ်မှန်များ(၁)

ကဝေနီ...............စာ-၄၀



ရှန်းကနဲ ကားတံခါး ရုတ်တရက်ပွင့်သွားတယ်။
ကျွန်ုပ်လည်း ခေါင်းထောင်ကြည့်လိုက်တယ်။
ကားတံခါးဝမှာ ပါးစပ်ပေါက်ကြီး တစ်ပေါက်။
သွားတွေက ပါးစပ်ထဲမှာ အပြည့်။
တံခါးပိတ်ဖို့ကြိုးစားပေမယ့် .....



## ဝိဇ္ဇာနဲ့တွေ့တဲ့ လက္ခဏာ

တာတေ..................စာ-၆၃

ဒီတုန်းက ဖျူးမကြီးပြောတာကို ကျုပ် သိပ်ပြီး နားမလည်ခဲ့ ဘူးဗျ။
ဒါပေမဲ့ အသက်တလေး ရလာတာနဲ့ ကျုပ်ဘဝမှာ မမျှော်လင့်တဲ့
အတွေ့အကြုံတွေကို တစ်ခုပြီး တစ်ခု ကြုံလာခဲ့တော့တာပါပဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## ဂြလောကနှင့်ဆက်သွယ်ခြင်း

:ဇေဝ . . . . . . . . . . . . . . စာ-၆၈



သူမဆိုစမ်းသပ်ဆောင်ရွက်နိုင်သောနည်းဖြစ်ပါသည်။
ုးမှတ်သားရန်မှာ တစ်ခါတရံတွင် မိမိခေါ်ယူသော
:လာကသားမဟုတ်ဘဲ အခြားပရလောကသားများ
က်လာပြီး နှောက်ယှက်ခြောက်လှန့်တတ်ခြင်းပင် . . . .

## ကွင်းပိုင်သရဲကြီးနှင့်မောင်ညာဏ်ရှင်

မင်းဘုန်းသိခ်သူ..............စာ-၈၂



နှာတံမှိုး ချိုင့်ဝင်နေပြီး မျက်ခုံးမွေး မရှိဘူး။
မောင်ညာဏ်ရှင်ကို မြူးပြီးကြည့် လိုက်ချိန်မှာ
ကြောက်မယ်ဖွယ်ကောင်းလှတဲ့ မျက်လုံးကြီးက
မျက်ဆန်အနက်ပျောက်နေတယ်။
ဘဲဥပြုတ်ကို အခွံခွာထားသလိုဖြစ်ပြီး . . . . .

## ရာဝတီမြစ်ကမ်းနဘေးအင်တောထဲက
## ပြန်တစ္ဆေများ

ဘိုးသာဒင်.................စာ-၁၀၆



ာ်မီးရောင်ကြောင့် သူတို့အားလုံး သာဒင်တို့ဘက်ကို
သ်ကြည့်လိုက်ကြစဉ် အစိမ်းရောင်တောက်နေသည့် မျက်လုံးအစုံများ။
ုးများပေကျံနေပြီး ပါးစပ်မှ အစွယ်ငေါငေါ ထွက်ကြလျက်
လူစုမှာ သွေးဆာနေသော ဖုတ်ကောင်များအသွင် . . . .

www.burmeseclassic.com

www.burmeseclassic.com



## သရဲစီးသောရိုက်ကွင်း

ဝသုန်ဟိန်းထက်...........စာ-၁၂၆

ဖပီမသ ဖလုံးဖထွေး ညည်းညူသံကြီးတစ်ခု။
သေအုံမှုံမှုံ လူနာတစ်ယောက်၏ အသက်ငင်အသံမျိုး။
အသံနှင့်အတူ ဖြူဖြူကောင်ကြီးတစ်ကောင်
လူပ်ရှားရှုန်းထွက်လာပုံကို အမှောင်ထဲမှာ မထင်မရှား.....

## ခွာမဲ

တာတေ............စာ-၁၄၆

တာတေ၊ ရွှေစိန်တ.ကလေးကို ရအောင်ခေါ်ဖို့
လုပ်နေတာ၊ သူမှာ အဲဒီအစွမ်းမရှိဘူးဟဲ့၊
ဒါကြောင့် မီးလောင်တုန်းသချိုင်းထဲက
အနံ့ဘေ့းသင်းသရဲမကို အကူအညီတောင်းတာ၊
ဒါပေမဲ့ အိမ်ထဲ ကို သူတို့ ဝင်လို့မရသေးဘူး....




### စာမူပေးပို့လိုသူများဆက်သွယ်ရန်

အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၁၁၊ ၀၉၄၂၀၁၀၅၆၁၃၅၄၊ ၀၉၂၆၁၁၁၇၈၂၂


www.burmeseclassic.com

www.burmeseclassic.com

## ယ်ဒီတာအဖွဲ့

ဝတေစီစဉ်မွမ်းမံတည်းဖြတ်သည်။

ာဝန်ခံအယ်ဒီတာ

ဇော်ဇော်

ဲ့ဆောင်အယ်ဒီတာ

ယမုံစိုး၊ ခင်မြင့်သီ

်ပဆက်သွယ်ရေး

မောင်ဦး၊ ကိုထက်

## ်မှတ်တမ်း

်ဝေသူ - ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

်နှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

်နာဖုံး - ကျော်မင်းမောင်

းပန်းချီ - ပန်းချီအောင်နိုင်လတ်၊ ကျော်စိုးညိန်း

ပျူတာ - ဇာနည်မော်

ုပ်ချုပ် - ဦးမျိုးကြီး၊ မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း

ုပ်ရေ - ၁၀၀၀ - အုပ်၊ ၂၀၁၇ - ခုနှစ်၊ ဇန်နဝါရီလ

ာန်ဖိုး - ၅၀၀ - ကျပ်

ဲ့ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၁၁၇၇၁၁၈၁၊ ၀၉၄ ၂၀၈၆၁၉၈

www.burmeseclassic.com

www.burmeseclassic.com





# တစ္ဆေနိုင်တဲ့ဂါထာကလေး

ဒီဂါထာကလေးကို ကျုပ်အဘ သင်ပေးတာဗျ။ ဒီတုန်းက ကျုပ်အသက်က ခုနစ်နှစ်၊ ရှစ်နှစ်ပေါ့ဗျာ။ အဘက ကျုပ်ကို ကိုရင် စည်းပေးတာဗျ။ ဒီတုန်းက ကျုပ်ကိုရင်စည်းတဲ့ ပုဗ္ဗာရုံကျောင်းမှာက ကိုရင်တစ်ပါးပဲ ရှိတာဗျ။ ဒီကိုရင်နဲ့ ကျုပ်နဲ့မှ နှစ်ပါးပေါ့ဗျာ။ နေရတာက ပုဗ္ဗာရုံကျောင်းဝင်းရဲ့ အရှေ့ဘက်က ကျောင်းဟောင်းကြီးမှာဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အဘက ကျုပ်ကြောက်မှာ စိုးရိမ်တယ်လေ။ တကယ်တော့ အဘ မသိလို့ပါဗျာ။ ကျုပ်က ငယ်ငယ်လေးက တည်းက ကြောက်တတ်တာမှ မဟုတ်တာ။ ကျုပ်မှာ မွေးကတည်းက ပါလာတဲ့ စပ်စပ်စုစုလုပ်ချင်တဲ့စိတ်ကြောင့် ကျုပ်မှာ ကြောက်ရမှန်း လန့်ရမှန်းကို မသိတာဗျို့။

"ကိုရင် ညဘက် အိပ်ရဲလား၊ အဘလာပြီး အိပ်ပေးရမလား"

အဘက ခေါင်းတုံးပြောင်ပြောင်လေးနဲ့ ကိုရင် အသစ်ကျပ်ချွတ်ကလေးဖြစ်တဲ့ ကျုပ်ကို မေးသဗျ။

"ဟာ မကြောက်ပါဘူး ဒကာကြီးရဲ့"

လို့ ကျုပ်က ပြန်ပြောပေမယ့် အဘက ကျုပ်ကို စိတ်မချသလို ကြည့်တယ်ဗျ။

"ကိုရင် တခွန်းနိုင်တဲ့ဂါထာ ယူမလား"

အဘက ကျုပ်ကို မေးတယ်ဗျ။

"ဘာ...တခွန်းနိုင်တဲ့ဂါထာ ဟုတ်လား ဒကာကြီး၊ ဒါတော့ ကျုပ် စိတ်ဝင်စားသားဗျ၊ ဒီဂါထာရရင် ကိုရင်လူထွက်တော့ နည်းနည်းပါးပါး စမ်းကြည့်ရတာပေါ့ဗျာ"

"ဟုတ်တယ် ကိုရင်၊ ဒကာကြီးရဲ့အဘ သင်ပေးထားတဲ့သူကိုလည်း သူ့အဘသင်ပေးသွားတာတဲ့"

"ဟာ ကိုရင် သင်ချင်တယ်၊ ကိုရင့်ကို သင်ပေးပါ၊ ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ဒီဂါထာလေးကို ကျူပ်အဘက ကျူပ်ကို သင်ပေးတာဗျို့။

"ကဲ ဒါဆိုရင် လိုက်ရွတ်ပေတော့ ကိုရင်"

"ဦု အဌ မဂ္ဂင်ဂါဏီ
ကြို ပိဋကတ်တရံ
သုံည် မေ ဘဝိတ်သတိ
အမ်း အံနိစ္စ အမြဲမရှိ"

ကျူပ်က လိုက်ဆိုတယ်။ တစ်ခေါက်၊ နှစ်ခေါက်၊ သုံး ခေါက်။ ကျူပ် အလွတ်ရသွားပြီ။

"ကိုရင် သေသေချာချာနားထောင်၊ ရွတ်ပုံ ရွတ်နည်းရှိ တယ်၊ ဟောဒီလိုရွတ်ရတယ် ဒီမှာကြည့်"

ကျူပ်က အဘလုပ်ပြတာကို သေသေချာချာ ကြည့်နေရတာ ပေါ့ဗျာ။

"တရွေ့ရှိတဲ့နေရာကို လက်ညှိုးနဲ့ ဟောဒီလို တည့်တည့်ထိုး၊ ပြီးတော့ ဂါထာ စရွတ်လိုက်"

"ဦု အဌ မဂ္ဂင်ဂါဏီ"

အဲဒီလို ပါးစပ်က ရွတ်လိုက်တာနဲ့ တစ်ပြိုင်နက် ခုနက ထိုးထားတဲ့ လက်ညှိုးနဲ့ လေထဲမှာ ရှစ် ဂဏန်းရေးလိုက်၊ ဟောဒီ လိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ပါးစပ်က ထပ်ရွတ်လိုက်။

"တြဲ ဝိငှကတ်တရံ"

ပါးစပ်က အဲဒီလို ရွတ်လိုက်တာနဲ့ လက်ညှိုးကလည်း
းလထဲမှာ သုံးဂဏန်းကို ရေးလိုက်။ စောစောက ရှစ်ဂဏန်း
ဆုံးတဲ့နေရာကနေ ဆက်ရေးရတယ်။ ဟောဒီလိုပေါ့။



ပြီးရင် ပါးစပ်က ထပ်ရွတ်လိုက်။

"သုံ့ညှံ့ မေ ဘဝိတ်သတိ"

ပါးစပ်က အဲဒီလိုရွတ်လိုက်တာနဲ့ လက်ညှိုးကလည်း
ပုံညဂဏန်းကို စောစောက ရေးထားတဲ့ သုံးဂဏန်းရဲ့ အဆုံးတနေ
ဝက်ဝဲရစ် ဆက်ရေးလိုက်ပေတော့။ ဟောဒီလိုပေါ့။



www.burmeseclassic.com


www.burmeseclassic.com



ပြီးရင် ပါးစပ်က ထပ်ရွတ်လိုက်။

**"အမ်း အနိစ္စ အမြဲမရှိ"**

အဲဒီလို ပါးစပ်က ရွတ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း လက်ညှိုးက ရှစ်နဲ့သုံးရဲ့ကြား တည့်တည့်ကနေ ဖြတ်တဲ့မျဉ်းကို ဆွဲလိုက်ပေတော့။ ဟောဒီလိုပေါ့။



အဘက ကျုပ်ကို သေသေချာချာ သင်ပေးတော့ဗျ။ ကျုပ်ကိုရင်ကနေ ထွက်လည်းလာရော ဘာပြောကောင်းမတုံးဗျာ။ အဘ သင်ပေးတဲ့ ဂါထာကလေးကို စမ်းသပ်တော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာလယ်မှာ လူနှစ်ဖက်စာလောက်ရှိတဲ့ မန်ကျည်းပင်ကြီးတစ်ပင် ရှိတယ်ဗျ။ အဲဒီအပင်မှာ သရဲရှိတယ်လို့ ကျုပ်သူငယ်ချင်း အောင်စိန်က ကျုပ်ကို ပြောရောဗျို့။ ဒါနဲ့ ကျုပ် အဲဒီမန်ကျည်းပင်ကြီးကို လက်ညှိုးနဲ့ထိုးပြီး အဘသင်ပေးတဲ့ ဂါထာကို မာန်ပါပါနဲ့ ရွတ်လိုက်တာပေါ့ဗျာ။

ကျုပ်မျက်စိထဲမှာတော့ ဘာမှထူးထူးခြားခြား ဖြစ်တာ မတွေ့ရဘူးဗျ။ ဒါပေမဲ့ ကျုပ် အဲဒီညနေ ရွာထဲလှည့်ပတ်ကစားပြီး အိမ်ပြန်ရောက်တော့မှ ပြဿနာတက်တော့တာဗျို့။

"တာတေ လာခဲ့စမ်း အိမ်ပေါ်ကို"

အဘက ကျုပ်ကို ဒီလိုလေသံမာမာနဲ့ ဘယ်တုန်းကမှ ပြောဖူးတာ မဟုတ်ဘူးဗျ။

ကျုပ် အိမ်ပေါ်ရောက်တော့ အဘက တော်တော်စိတ်ဆိုးနေတာဗျို့။ ဘာမပြော ညာမပြောနဲ့ ကျုပ်ကို လှမ်းဆွဲပြီး ကျောကုန်းကို ထုတော့တာပါပဲဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

"ကဲကွာ၊ ဂါထာပေး တေးဖြစ်တဲ့ကောင်၊ ကဲ မှတ်ပလား"

ကျုပ်လည်း အဘ ဘာပြောမှန်းတောင် မသိပါဘူးဗျာ။

"မင်း ရွာလယ်က မန်ကျည်းပင်ကြီးမှာ ဘာသွားလုပ်တဲ့ ပြောစမ်း"

ဟာ ဒီတော့မှ ကျုပ် သဘောပေါက်သွားတာဗျို့။

"ကျုပ် အဘ သင်ပေးတဲ့ဂါထာ သွားရွတ်ကြည့်တာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ရွှတ်ကြည့် ရွှတ်ကြည့်၊ အဲဒီ အခန်းမှာနေတဲ့သရဲ ရှာမြောက်ပိုင်းက မယ်တင့်ကို ဝင်ပူးလို့ စိန်ကြည်တို့၊ ဗိုင်းကြည်တို့ ပြေးလာပြီး ငါ့ကို ခေါ်ကြတယ်၊ အဲဒါ မင်းသိသလား တာတေ"

"ကျုပ် မသိဘူး အဘ"

"အေး...အဲဒီသရဲက ငါ့ကို တာတေ နှင်ထုတ်တယ်၊ ငါ့ကို တာတေ နှင်ထုတ်တယ်လို့အော်ပြီး ခုန်ပေါက်သောင်းကြမ်းနေတာ၊ ငါရောက်သွားတော့မှ ငါက ချော့မော့တောင်းပန်ပြီး အဲဒီမန်ကျည်းပင် မှာပဲ ပြန်နေပါ၊ တာတေ့ကို ကျုပ် ဆုံးမပါ့မယ်၊ နောက် ဒါမျိုးမလုပ် စေရပါဘူးလို့ပြောမှ ထွက်သွားတာ၊ မင်းဟာ တော်တော်ကို အငြိမ် မနေနိုင်တဲ့ကောင်ပဲ"

ဒီတော့မှ အဘ ကျုပ်ကို သင်ပေးတဲ့ဂါထာ စွမ်းမှန်း ကျုပ် သိတာဗျ။ နောက်လည်း ဒီဂါထာကို ကျုပ်မသုံးတော့ပါဘူးဗျာ။ ခင်ဗျားတို့လည်း မလိုအပ်ဘဲနဲ့တော့ မသုံးကြပါနဲ့ဗျာ။ ဓာတ်လမ်းတွေ ရှုပ်ကုန်လို့ ထိန်းမနိုင် သိမ်းမရတွေ ဖြစ်ကုန်ရင်တော့ မလွယ်ဘူး ဗျို့။

ကိုယ့်ကိုလာပြီး ခြောက်တာလှန့်တာ လုပ်ရင်တော့ ခင်ဗျား သုံးချင်သုံးပေါ့ဗျာ။

◆ ◆ ◆

တာတေ

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရပ်ခြား တစ္ဆေဖြစ်ရပ်မှန်



### အဖြူရောင်ညဝတ်အင်္ကျီနဲ့အမျိုးသမီး

သောမတ်စ်[illegible]သူတို့အိမ်မြေအောက်ခန်းမှာနေဖို့ မြေအောက်ခန်းကို အသစ်ပြန်ပြင်ခဲ့ပါတယ်။ ညတစ်ညမှာ မြေအောက်ခန်းထဲမှာပဲ သူရုပ်ရှင်ကြည့်နေရင်း အပေါ့သွားချင်လာလို့ မြေအောက်ခန်းထဲက အိမ်သာကိုပဲ သူလျှောက်လာခဲ့ပါတယ်။ အိမ်သာမီးကို ဖွင့်လိုက်တဲ့အချိန် မှန်ထဲမှာ အဖြူရောင်ညဝတ်အင်္ကျီကိုဝတ်ထားတဲ့ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ပါတယ်။ သူနောက်ပြန်လှည့်ကြည့်လိုက်တဲ့အချိန်မှာ ဘယ်သူမှမရှိပါဘူး။ အမြင်မှားတာပဲထင်ပြီး သောမတ်စ် သူ့မိသားစုကို ပြန်မပြောခဲ့ပါဘူး။

နှစ်ပတ်လောက်ကြာပြီးတဲ့အချိန်မှာတော့ သောမတ်စ်က သူငယ်ချင်းဖြစ်သူ ဘန်ကို ခရစ္စမတ်အတွက်ဈေးဝယ်ထွက်ဖို့ သူ့အိမ်ကိုလာခေါ်ခိုင်းခဲ့ပါတယ်။ ဘန်က သောမတ်စ်အိမ်ကို တစ်ခါမှ မရောက်ဘူးသလို သောမတ်စ်မိသားစုကိုလည်းတစ်ခါမှ မမြင်ဘူးပါဘူး။ ဧည့်ခန်းထဲမှာ ဘန်ထိုင်စောင့်နေခဲ့ပြီး သောမတ်စ်အားလုံးပြင်ဆင်ပြီးသွားချိန်မှာတော့ စူပါမားကတ်ကိုထွက်လာခဲ့ကြပါတယ်။ ဘန်က သူဧည့်ခန်းထဲမှာထိုင်စောင့်နေတုန်း ညဝတ်အင်္ကျီအဖြူရောင်ဝတ်ထားတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို နှုတ်ဆက်လိုက်သေးတယ်လို့ပြောတယ်။ သောမတ်စ်က အံ့သြသွားပြီး အိမ်မှာမိသားစုဝင်တွေ တစ်ယောက်မှမရှိဘူးလို့ ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com






ပယောဂလိပ်အင်းဖြင့်

# အပင်းထုတ်ခြင်း

ဆရာဇော်လွင်

ပယောဂလိပ်အင်းသည် ဆရာတော်ဦးခန္တာဓောတိကိုယ်တိုင် စီရင်ခဲ့ပြီး အပင်းကျအင်းဟုလည်း ခေါ်ဆိုသည်။ ဤအင်းကို အသုံးပြုမည်ဆိုပါက သိမ်ဝင်သပိတ်ကွဲ၊ မှိုင်းကိုင်စက္ကူ ပေရွက်တို့တွင် ချပါ။ အင်းစီရင်ရာ၌ ပွဲပါရမည်။ အဝင်အထွက် ခါးပတ်နက္ခတ်တို့မိသော စနေနေ့အချိန်တွင် ချရမည်။ ဤအင်းကို သမားကိုင်အင်းဟု ဆရာတော်ကြီးမှ အမည်ပေး မှည့်ခေါ်ခဲ့သည်။ အသုံးပြုရာတွင် အလွန်သတိထားသင့်ကြောင်း သိရမည်။

www.burmeseclassic.com

www.burmeseclassic.com



သတိထားရန်မှာ အိမ်ထောင်သည် အမျိုးသမီးဖြစ်က ကိုယ်ဝန်ရှိ၊ မရှိကို အထူးသတိနှင့် စစ်ဆေးပြီးမှ ကုသရမည်။ ကိုယ်ဝန်ရှိသည်ဆိုလျှင် လုံးဝမကုရ။ ကုသော် ကိုယ်ဝန်သည် မည်မျှ လရင့်ပါစေ။ ကျိန်းသေ ပျက်ကျလိမ့်မည်။ ကိုယ်ဝန်မရှိဘူးကျိန်းသေသိမှ ကုရမည်။ မစစ်ဆေးဘဲကုပါက ကိုယ်ဝန်ပျက်ကျသော် ဆရာသည် လူသတ်မှုကျူးလွန်သည်ဟု သတ်မှတ်ခြင်းခံရမည်။

ကုသရန်ရောဂါများမှာ ဖူးအပင်း၊ အစာလုံး၊ သွေးလုံး၊ လေလုံးတို့ရှိက ငှင်းအင်းဖြင့် အုပ်လိုက်ပါ။ အုပ်မိလျှင် ထခုန်၏။ ငှင်းအင်းကို ပန်းကန်ပြားတွင် ထည့်၍ အထက်မှ အမွေးတိုင်မီးဖြင့် အင်းကို မထိစေဘဲ ပေါက်ပါ။ ငှင်းအစာလုံးသည် ဝမ်းနှင့်အတူတွဲ၍ ပါလာလိမ့်မည်။ သားသမီးဟူသည်ကလည်း ထိုကဲ့သို့ပင် အသက်ဆုံး၍ အသေမွေးသည်။ သို့အတွက် ဤအင်းကို အသုံးပြုတိုင်း ဆင်ခြင်ရမည်။ ဆရာတိုင်း သတိရှိဖို့ အထူးလိုအပ်သည်။

အင်းသေး၍ အထင်မသေးပါနှင့်။ မှိုင်းကိုင်စက္ကူ၊ သိမ်ဝင်သပိတ်ကွဲ၊ ပေရွက်တို့မရခဲ့လျှင် လက်ဝဲဖနောင့်ကို ညာလက်နှင့် ကျွန်းသားမီးသွေးကို ကိုင်၍ ချပါ။ ချပြီးလျှင် ရင်ဝမှ ဆီးခုံရောက်အောင် (၇)ချက် လမ်းတွင် မတွန့်စေဘဲ အသက်အောင့်၍ တွန်းချရမည်။ (၃)ရက် ဆက်၍ တွန်းချပါကလည်း ထိုရောဂါတို့ ပျောက်ကင်းသည်။

မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ လယ်ပိုင်းရှိ ဒေါ်ညိုအေးသည် စာရေးသူ ပညာသင်နေခိုက်အချိန်တွင် ကျိုက္ကလဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်းကျောင်းသို့ မိသားစုများနှင့် ရောက်ရှိလာသည်။ ကျောင်းပေါ်သို့ တက်လာပြီး ဆရာတော်အား ဝတ်ပြု၍ "တပည့်တော်၏ ဝမ်းဗိုက်မှာ ည (၈)နာရီထိုးလျှင် မနေနိုင်၊ မထိုင်နိုင်အောင့်တာ (၁၀)ရက်လောက် ရှိနေပါပြီ။ အောင့်တိုင်း သန်းခေါင်အထိ အောင့်ပါတယ်။ အောင့်တိုင်းလည်း ဗိုက်က တစ်နေ့တခြားပူလာတာ ယခု ဆရာတော် မြင်ရတဲ့အတိုင်းပါပဲဘုရား။ ဒေါ်ကလည်း ပြောတယ်။ ကိုချစ်ဟန်ကလည်း ပြောတယ်။ နင်ဘုန်းကြီးဆီသွားမှ ကောင်းလိမ့်မယ်လို့ ပြောပါတယ်။ ဒါကြောင့် တပည့်တော် ကျောင်းကို လာပြီး ဆရာတော်ကို အသနားခံတာပါ။ ဆရာတော် ကောင်းသလို သင့်တော်သလို စီစဉ်ပေးတော်မူပါဘုရား"

ဆရာတော်မှ ဒေါ်ညီအေးအား မှုံးစိုက်၍ ကြည့်လိုက်ပြီး...

"ဟော့...ပက်လက်လှန်စမ်း၊ မင်းလက် ငါ့ကိုပေး"

လက်ထိပ်များသို့ ဆရာတော် စမ်းကြည့်ပြီးမှ အင်းပြားဖြင့် ဝမ်းဗိုက်ကိုကိုင်၍ အုပ်ရာ ချက်အောက်နားတွင် အလုံးကို အုပ်မိပြီး အင်းမှာ ထခုန်၏။ ထထိုင်စေပြီး ခေါ်သွင်းသူကို မေးမြန်းရိုက်နှက်၏။ ရိုက်နှက်ပြီးမှ မှိုင်းကိုင်စက္ကူတွင် ထိုအင်းကိုချကာ အစိမ်းအတိုင်း တိုက်သည်။ ဆွဲသပ်ချပြီး မိနစ် (၃၀)အကြာတွင် အလုံးသည် အောက်သို့လျှော၍ ဝမ်းသွားချင်သလို ဖြစ်လာသည်။ ရေအိမ်သို့သွားရာ ကျဆင်းသွားသည်။ (၃)ရက်ဆက်၍ ကုသသည်ကို စာရေးသူကိုယ်တိုင် (၉)နှစ်သားအရွယ်၌ မြင်ခဲ့ဖူးသည်။

ဒုတိယအကြိမ် စာရေးသူ၏အဒေါ် ယခု ကြံ့ခုစမ်းရွာသစ်၊

www.burmeseclassic.com

www.burmeseclassic.com



ယခင် ရွာသစ်ကုန်းတွင် နေထိုင်သော ဒေါ်ကြင်မြကို လှည်းဖြင့်တင်၍ ခင်ပွန်းဖြစ်သူ ဦးသောင်း၊ ဦးသင်းအုံ၊ ဒေါ်ကြင်မြ၏မိခင် ဒေါ်နှင်းနွယ် တို့လေးဦး ကျောင်းသို့ ရောက်ရှိလာသည်။ စာရေးသူ၏ ဖခင်မှ ဒေါ်ကြင်မြကို ကျောင်းပေါ်သို့ ပွေ့ချီတင်ပြီး ဆရာတော်အား အကျိုးအကြောင်း လျှောက်ထား၍ အပ်နှံသည်။ ဆရာတော်လည်း လူနာကို လက်ခံပြီး ယခင်ကဲ့သို့ မေးမြန်းစမ်းသပ်ပြီး ခေါ်သွင်းကာ ကုသရာ ပျောက်ကင်းသွားသည်။

စာရေးသူသည် ဆရာတော်ထံနေပြီး ပညာသင်နေသော (၁၇)နှစ်ကာလအတွင်း ယခုကဲ့သို့သော ရောဂါများကို ဆရာတော် သည် အကြိမ် (၃၀၀)ထက်မနည်း တွေ့ရှိခဲ့ရသည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ဆရာဖြစ်၍ ကုသသောအချိန်တွင် ယခင်ကဲ့သို့သော အစာပင်း၊ ဖူးပင်း၊ သွေးပင်း၊ လေပင်းတို့ကို ကုသခဲ့ရသူပေါင်း ယခုအချိန်ထိဆိုလျှင် (၃၀)ကျော်ခန့်အထိ ကုသ ပြီးသည်မှာ အမှန်ပင်ဖြစ်သည်။ ၎င်းတို့ထဲမှ တကယ်ထင်ရှားသောသူ မြောက်မြားစွာ ပါရှိသည်။ မြောက်မြားစွာတို့ထဲမှ အနည်းငယ် တင်ပြလိုပါသည်။

မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရွာမတွင် နေထိုင်သော ဒေါ်ဝင်း၏သမီးဖြစ်သူ အေးသီတာဝင်းကို ကုသခဲ့သည်။ ကုသရာတွင် ညစဉ်ရက်ဆက်မပျက် (၇)ရက်မျှ ကုသခဲ့ရာ အပင်းလုံးကျ၍ အောင်မြင်ခဲ့သည်။ ယနေ့ထိ ပျောက်ကင်းခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တိုးကြောင်လေးအပိုင်၊ ရွာသာကြီးကျေးရွာ ဒေါ်အေးမြိုင် ဗူးမတည့်၍အောင့်ပြီး စာရေးသူထံ ရောက်လာသည်။ အကျိုးအကြောင်းမေး၍ စစ်ဆေးရာ ပညာလုံး ဖြစ်နေသည်။ ထိုပညာလုံးကို စာရေးသူသည် အကြိမ်ကြိမ် စစ်ဆေးပြီး ယခင်အတိုင်းကုသရာ အောင်မြင်ခဲ့သည်။


တတိယ ပန်းတောင်းမြို့နယ်၊ စွယ်တော်စံပြကျေးရွာတွင် နေထိုင်သော မဝင်းမော် စစ်ဆေးပြီးမေးမြန်းရာ သူမ၏ဝမ်းဗိုက်တွင်းမှ ပညာဗူးကို ယခင်က ဆရာတော်ကုသသကဲ့သို့ မှိုင်းကိုင်စက္ကူနှင့် အင်းကိုချပြီး အစီမံအတိုင်း တိုက်ကျွေးသည်။ ခုနစ်ရက်မြောက် သောအခါ လုံးဝကင်းစင်သွားသည်။ ယနေ့ထက်တိုင် ပကတိ အကောင်းပင်ဖြစ်၏။ ထိုနယ်ပယ်တွင် (၄)ဦးမျှ ကုသပေးခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်၊ ဦးကျော်ဟုန်းလမ်းတွင်နေထိုင်သော ဒေါ်စန်းမြတ်သူ၏သမီး မလေးလေးနွယ်သည် ပညာသည်၏ မလို မုန်းထား၍ ပြုစားခြင်းကို ကုသပေးခဲ့ရသည်။ ရွှေပြည်သာမြို့နယ်၊ စီးတုန်းကျေးရွာမြောက်ပိုင်းတွင် နေထိုင်သော မကြည်ကြည်ဝင်းအား ကုသပေးခဲ့ရပြန်ပါသည်။ ထိုသူလည်း အမှန်တကယ် ပျောက်ကင်း သွားပြီး ယနေ့ထက်တိုင် ရှိနေပါသေးသည်။ ဘုံရှည်ကုန်းရွာ အလယ်ပိုင်းတွင် နေထိုင်သော မနုနုဝေသည်လည်း သူများပြု စားခြင်းကို ခံနေရသဖြင့် စာရေးသူကိုယ်တိုင် သွားရောက်၍ ကုသပေးရာ ထိုသူလည်း ကောင်းမွန်၍ ယနေ့ထက်တိုင် ရှိနေပါ သေးသည်။

www.burmeseclassic.com

www.burmeseclassic.com






ပယောဂလိပ်အင်းပုံ

ထိုကဲ့သို့ ကုသရာတွင် အမှားအယွင်းဖိတ်စင်မှု မရှိဘဲ ကုသပျောက်ကင်းခဲ့သည်မှာ အမှန်တကယ်ပင်ဖြစ်ပါသည်။

အသက်သွင်းရန်မှာကား အခြားအခြားသော အင်းတို့နှင့် မခြားပါ။ ငွေရလျှင်ပြီးရောဆိုပြီး မကုသရပါ။ ကုသရာတွင် အကြိမ်ကြိမ်စစ်ဆေးပြီးမှ ကုသလျှင် အထူးအောင်မြင်စေပါသည်။

◆ ◆ ◆

ကျိုက္ကလှဲမင်းကျောင်းဆရာတော်ဦးဩဘာသ၏တပည့် ဆရာဖော်လွင် ရေးသားတင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com





# မွေးနေ့လက်ဆောင်ရသော
# တစ္ဆေအရုပ်ကလေး

ကျော်မြင့်(မြောင်းမြ)

လူစီ၏ မွေးနေ့မနက်တွင် လူစီ၏မိခင်က လူစီအို နှိုးကာ ဘတိုက်ပုံးထဲတွင် အထုပ်တစ်ထုပ် ရောက်နေပြီး ထိုအထုပ်က သူ၏ လိပ်စာတပ်ထားသည်ဟု ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီမှာ ကပျာကယာ အထုပ်ကိုဖွင့်ရာ အထုပ်ထဲတွင် တွေ့ရသောအရာကြောင့် လန့်ဖျတ်သွားသည်။ အလွန်မနှစ်မြို့စရာကောင်းသည့် ကလေးအရုပ်ဟောင်းကြီးတစ်ခုပါ။ အရုပ်မှာ နဖူးပြောင်နေပြီး အရေခွံမှာ အက်ကွဲရာများဖြင့်ပြည့်ကာ ဖုန်များ ပေကြံနေပါသည်။ အဆိုးဆုံးမှာ ၄င်း၏သွားများ ဖြစ်၏။ ရှည်လျား ချွန်ထက်ကာ သားရဲတိရစ္ဆာန်အစွယ်လို ဖြစ်နေသည်။ ဝံပုလွေ၏ အစွယ်များနှင့်တောင် တူနေသည်။

လူစီသည် ကြောက်ကြောက်လန့်လန့်ဖြင့် အရုပ်ကိုယူကာ အိမ်ထောင့်သို့ လွှင့်ပစ်လိုက်၏။ ထိုအခါ သူ့မိခင်သည် တစ်ယောက်ယောက်က ထိုအရုပ်ကိုပေးဖို့ ဒုက္ခအများကြီးခံရကြောင်းပြောပြီး သူမကို ဆူလေ၏။ အရုပ်လက်ဆောင်ပေးသူ၏ စေတနာကို အသိအမှတ်ပြုဖို့ကောင်းကြောင်းလည်း သူမကို ပြောပြသည်။

လူစီက မိခင်၏စကားကို ဆန့်ကျင်ဖို့ ကြိုးစားသော်လည်း သူမ၏မိခင်က နားမဝင်ဘဲ အရုပ်ကို ဖွတ်အတင်းသိမ်းခိုင်း၏။ ထို့ကြောင့် နောက်ဆုံးတွင် လူစီသည် မိခင်စကားကို လိုက်လျောရကာ အရုပ်ကို အိမ်အောက်ထပ်ရှိ ဖိနပ်များထည့်သော ဘီရိုထဲတွင် သိမ်းထားလိုက်လေသည်။ အရုပ်ကလေးမှာ ဖိနပ်များကြားတွင် ပိနေလျက်။ သူမကမူ ထိုကျက်သရေမရှိသည့် အရုပ်ကလေးကို တစ်ကြိမ်တစ်ခါမျှပင် ထုတ်မကြည့်ဖြစ်တော့ပါ။

◆ ◆ ◆

ရက်အနည်းငယ်ကြာသောအခါ တစ်ညတွင် လူစီသည်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာတွင် အိပ်နေရင်း ခြေတစ္ဆတ်တိုက်ဆွဲသံလိုလို အသံကို ကြားလိုက်ရသည်။ ငါးမိနစ်ခန့်ကြာ၏။ ထို့နောက် တစ္ဆတ် တိုက် ဆွဲသံတစ်ချက်ကြားလိုက်ရပြီး နောက်ဆုံးတွင် တဖျတ်ဖျတ်ဖြင့် လျှင်မြန်စွာ ပြေးသွားသည့်အသံကို ကြားလိုက်ရလေသည်။

ယခုအချိန်တွင် လူစီမှာ အိပ်ရာထဲတွင် ကြောက်ရွံ့ တုန်လှုပ်ကာ လှုပ်ရှား၍ပင် မရနိုင်တော့ပေ။ ထိုအခိုက် အိမ်အောက် ထပ်မှနေ၍ ကျားလျှာဖြင့် ပွတ်တိုက်သလို ကျိန်းစပ်စပ် အသံ သဲ့သဲ့ကို ကြားလိုက်ရသည်။ လူစီသည် အမှောင်ကို ကြောက်တတ်သူ ဖြစ်သောကြောင့် အမြဲတမ်း အခန်းတံခါးကိုဖွင့်၍ လူသွားစင်္ကြံလမ်းက မီးကို မပိတ်ဘဲ အိပ်တတ်သူဖြစ်သည်။

"လူစီ ငါ ပထမဦးဆုံး လှေကားထစ်ပေါ်မှာ ရောက်နေပြီနော်"

ဟူသော အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထို့နောက် စကားသံက ထင်ရှားလာပြီး တခြစ်ခြစ်ဖြင့် မြည်သံကို ကျယ်လောင်စွာ ကြားလိုက်ရပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

လူစီသည် အလွန်ကြောက်ရွံ့ထိတ်လန့်နေသောကြောင့် တစ်ညလုံး တစ်မှေးမျှပင် အိပ်မရတော့ပါ။ မိုးလင်းသည်အထိ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အိပ်ရာထဲတွင်ရှိကာ သူမ၏မိခင်က ကျောင်းသွားဖို့ လာနှိုးသောအခါကျမှသာ အိပ်ရာမှနေ ထလာ နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ညက ဖြစ်ပျက်ခဲ့သမျှကို သူ့ မိခင်အား ရှင်းပြဖို့ ကြိုးစား၏။ သို့သော် သူ့မိခင်က 'အိပ်မက်တွေပါ သမီးရယ်' ဟု ပြောသည့်အခါ သူမလည်း ဘာမျှပြန်မပြောတော့ဘဲ ထိုအဖြစ်အပျက်ကို မေ့ထားလိုက်လေသည်။

◆ ◆ ◆

သို့သော် ထိုအတိုင်း ဖြစ်မလာခဲ့ပါ။ လူစီသည် နောက်ည များတွင်လည်း ထိုအဖြစ်အပျက်မျိုးနှင့် ဆက်၍ကြုံတွေ့ခဲ့ရပြန်သည်။ လူစီက သူမ၏ မိဘများကို ထိုအရုပ်ကလေးအား အမှိုက်ပုံးထဲ ထည့်ခွင့်ပေးရန် တောင်းတောင်းပန်ပန် ပြောဆိုလေ၏။ သို့သော် သူတို့က ၄င်းမှာ လက်ဆောင်ဖြစ်၍ သိမ်းထားရမည်ဟုသာ ဇွတ် အတင်းပြောနေလေတော့၏။ ထို့ကြောင့် လူစီလည်း ၄င်းမှာ အိပ်မက် သာဖြစ်ပါစေဟု ကိုယ့်ကိုယ်ကိုယ်ပြောကာ စိတ်မပါ့တပါဖြင့် အိပ်ရာဝင်ခဲ့သည်။ သူမသည် မအိပ်ခင် အိမ်အောက်ထပ်ရှိ ဘီရိုလေး ကို စစ်ဆေးကြည့်သည်။ အရုပ်ကလေးမှာ လူစီထားသည့်နေရာတွင် သာ ရှိနေ၏။ ထိုညတွင် လူစီသည် အတင်းအကြပ် အိပ်ပစ်၏။ သို့သော် ထိုကဲ့သို့ လုပ်ရင်းဖြင့်ပင် အိပ်၍မရ မျက်လုံးက ကြောင်စီစီ ဖြစ်နေတော့သည်။ မည်သည့်နေရာမှ လာမှန်းမသိ၊ အသံလေးလေး ကြီးတစ်သံကို ကြားလိုက်ရသည်။ သူ့ခေါင်းထဲက ကြားရသည့်လို ထင်မိသည်။

"လူ...စီ...ငါ စတုတ္ထလှေကားထစ်ပေါ် ရောက်နေ ပြီနော်..."

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တရှပ်ရှပ်အသံကို ကြားလိုက်ရပြီးနောက် အသံတွေ တိတ်ဆိတ်သွားလေသည်။ ယခုအခါ လူစီသည် ငိုကြွေးနေမိတော့သည်။ ထိုညတွင် လုံးဝအိပ်၍မပျော်တော့ပေ။ ကျောင်းရောက်သောအခါ သူငယ်ချင်းများကို ထိုအရုပ်ကလေးအကြောင်း ပြောပြသည်။ သူတို့က ရယ်ကြသည်။ အရုပ်ကလေးက လှေကားလေးထစ် တက်ပြီးပြီဆိုလျှင် အပေါ်ထပ်ကိုရောက်ဖို့ နောက်ထပ် တစ်ညသာ ကျန်တော့သည်။

ထိုညရောက်သောအခါ လူစီသည် အိပ်ခန်းတံခါးကို ပိတ်ထားရန် ဆုံးဖြတ်လိုက်သည်။ သူမက လှေကားမီးကို ပိတ်လိုက်ချိန်တွင် သူမ၏မိခင်က လူစီကို ဘာကြောင့် အမှောင်ကို မကြောက်တော့တာလဲဟု မေးသည်။ သူမက လှေကားမီးအစား အခန်းမီးကို ဖွင့်ထားတာဖြစ်ကြောင်း မိခင်ကို ပြန်ပြောသည်။ သို့သော် သူမမိခင်က အိပ်ခန်းမီးမှာ အလွန်လင်းသောကြောင့် အိပ်လို့ရမှာ မဟုတ်၍ ဖွင့်မထားရန်ပြောရာ သူမက မိခင်၏စကားကို နားထောင်ပြီး အိပ်ခန်းမီးကို ပိတ်ပြီးအိပ်လေတော့သည်။ အခန်းအပြင်ရှိ လှေကားမီး ဝင်လာနိုင်ရန် အိပ်ခန်းလိုက်ကာကို အနည်းငယ် ဟထားလိုက်၏။ အိပ်ပျော်လုလု ဖြစ်သွားချိန်တွင် အသံဗလံတွေကို ကြားလိုက်ရသည်။

ယခုအခါ ထိုအသံမှာ ထင်ရှားပီပြင်လာ၏။

“လူ…စီ…ငါ အပေါ်ဆုံးလှေကားကို ရောက်လာပြီနော်…”

www.burmeseclassic.com

www.burmeseclassic.com



မှောင်မဲနေသည့် သူမ၏အိပ်ခန်းထဲတွင် လူစီသည် ကလစ်ခနဲ မြည်သံကို ကြားလိုက်ရပြီး ထိတ်လန့်တုန်လှုပ်သွားသည်။ အာရုံများကို စုစည်း၍ မရနိုင်သော်လည်း အိပ်ခန်းတံခါးမှာ တဖြည်းဖြည်းချင်း ပွင့်လာသည်ကို တွေ့မြင်နေရသည်ဟု တွေးမိလိုက်လေသည်။

◆ ◆ ◆

နောက်တစ်နေ့မနက် ရောက်သောအခါ လူစီ၏ မိဘများသည် လှေကားအောက်ခြေတွင် လူစီ၏အလောင်းကို တွေ့လိုက်ရလေသည်။ သူမသည် ညအချိန်မတော် မှောင်ကြီးမည်းကြီးထဲ၌ သန့်စင်ခန်းသို့သွားစဉ် ခြေချော်ပြီး လှေကားကနေ ပြုတ်ကျကာ လည်ပင်းရိုးကျိုးသွားခြင်းဖြစ်မည်ဟု သူတို့က ခန့်မှန်းကြ၏။ အရုပ်ကလေးကိုလည်း သူမ၏ အလောင်းဘေးတွင် တွေ့လိုက်ရသည်။ လူစီကို အရုပ်ကလေးနှင့်အတူ မြှုပ်နှံသင်္ဂြိုဟ်လိုက်သည်။ လူတိုင်းက ထိုကြေကွဲစရာ အဖြစ်အပျက်အကြောင်းကို ပြောဆိုနေကြ၏။ သူ့မိခင်ကမူ...

"လူစီက အရုပ်ကလေးကို သိပ်ချစ်တာ၊ အခုတော့ သူတို့တစ်တွေ ထာဝရ အတူတူနေလို့ ရပြီပေါ့"

ဟုသာ ပြောဆိုနေလေတော့သည်။

◆ ◆ ◆

ကျော်မြင့်(မြောင်းမြ)

The Antique Doll. Source: Horror Stories from Internet

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြား
တအွေ့ဖြစ်ရပ်မှန်



# ခြေရာမည်း

အမ်မာဟာ သူ့ချစ်သူ ဘာရေဒီရဲ့အိမ်တွင် ညစာသွားစားရင်း ညည့်နက်သွားသဖြင့် ဘာရေဒီအိမ်မှာပဲ အိပ်ဖြစ်ခဲ့ပါတယ်။ ညသန်းခေါင်လောက်မှာ အိပ်ရာကနိုးလာပြီး သူမကိုတစ်ယောက်ယောက်ကစိုက်ကြည့်နေတယ်လို့ ခံစားရတာကြောင့် အိပ်ခန်းမီးကို ဖွင့်ကာ လိုက်လံရှာဖွေမိပါတယ်။ ဘာမှမရှိပါဘူး။ ခုတင်ခြေရင်းကို ကြည့်လိုက်တဲ့အချိန်မှာတော့ ခြေရာအမည်းကြီးနှစ်ခု ထင်နေတာကို တွေ့လိုက်ရပါတယ်။ ဘာရေဒီကို နှိုးပြီးပြလိုက်ရာ ထိတ်လန့်သွားခဲ့ပါတယ်။ ကုတင်နဲ့ဝေးရာကို ခြေလှမ်းတွေဆုတ်လိုက်ကြပါတယ်။ အဲဒီတော့မှ ခြေရာအမည်းကြီးတွေ ပျောက်သွားခဲ့ပါတယ်။ မနက်ရောက်တဲ့အခါ ဘာရေဒီမိသားစုကို ပြောပြခဲ့ပါတယ်။ လူကြီးတွေက အဲဒီခြေရာအမည်းကြီးနှစ်ခုကို မကြာခဏတွေ့ရလေ့ရှိကြောင်းပြန်ပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





၁၉၄၇-ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလ ပဲခူးတိုင်း၊ စီးကုန်းရွာ၌ အင်္ဂလိပ်အစိုးရမှ ချီးမြှင့်ခဲ့သော ရွှေစားလွယ်ဒိုရ သူကြီးဦးထွန်းမြ အုပ်ချုပ်စဉ်အချိန်ကာလ၌ ဖြစ်ပါသည်။ ထိုရွာ၌ အောက်လမ်း၊ ကဝေ၊ မှော်ပညာရပ်များကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်သော ဒေါ်အိုစာဆိုသည့် အသက် (၆၀)အရွယ်

www.burmeseclassic.com

www.burmeseclassic.com



# ပညာသည့် ဒေါ်ဒိုဇာ
နှင့်
# ထူးဆန်းသော မိန်းမပျို

စိုးမိုးနိုင်




အဘွားကြီးတစ်ဦး ရှိခဲ့ဖူးလေသည်။ သူ့တွင် အသက် ၂၀ အရွယ်ခန့်ရှိ ခင်ခင်ကြီး ဟူသော မြေးမလေးတစ်ဦးလည်း ရှိ၏။ သူတို့သည် ရွာအစွန်သချိုင်းအနီး၌ နေထိုင်ကြ၏။

ထို့အတူ ရွာလယ်၌မူ ဘုရား၊ တရားအလုပ်၌ လွန်စွာ ထိုင်းရှိုင်းပြီး မြေလျှောက်ဝိဇ္ဇာလမ်းကို လိုက်နေသော ဘကြီးအောင်

www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် အသက် (၆၀)အရွယ် အဘိုးကြီးတစ်ဦးလည်း ရှိခဲ့ဖူးလေသည်။ သူ့တွင်လည်း အသက် (၂၀)အရွယ်ခန့်ရှိသော နှင်းမှုံ ဟူသည့် မြေးမလေးတစ်ဦး ရှိ၏။ နှင်းမှုံနှင့် ခင်ခင်ကြီး နှစ်ဦးလုံးမှာ ဘဝကံ အကျိုးပေးဆင်တူ ... ည်ဟု ဆိုရချေမည်။ နှစ်ဦးလုံးမှာ မိတဆိုး၊ ဖတဆိုးလေးများ ဖြစ်ကြ၏။

သက်တူရွယ်တူများ ဖြစ်ကြသော ဘကြီးအောင်၏မြေးနှင့် ဒေါ်အိုဇာ၏မြေးတို့သည် တစ်ကျောင်းတည်း၌ စာအတူသင် ကျောင်းသူများ ဖြစ်ကြသော်လည်း အထက်တန်းသို့ တက်ရောက်သည်အထိ သူငယ်ချင်းများအဖြစ်သို့ကား မရောက်ရှိခဲ့ကြပေ။

အကြောင်းမှာ နှင်းမှုံသည် ဘုရား၊ တရား မြဲသော အဘိုး ဖြစ်သူ၏ ဆုံးမမှုအောက်၌ ကြီးပြင်းခဲ့ရသူဖြစ်၍ လူတိုင်းအပေါ် မေတ္တာထားနိုင်သော်လည်း ခင်ခင်ကြီးမှာမူ အဘွားဖြစ်သူ၏ ယုတ်ညံ့သော အယူဝါဒအတိုင်း နှင်းမှုံအပေါ်၌ အမြဲလိုမပင် မနာလိုဝန်တို မုန်းတီးစိတ်များနှင့် မစ္ဆရိယစိတ်များပွားနေသူ ဖြစ်သောကြောင့်ပင်။

◆ ◆ ◆

တစ်နေ့တွင် ကျောင်းမှအပြန် လမ်းတွင် ခင်ခင်ကြီးအား သူငယ်ချင်းဖြစ်သူ ဂျမ်းပုံမှ...

"ဟဲ့ ခင်ခင်ကြီး ဒီနေ့ မြို့ကရောက်လာတဲ့ ကျောင်းဆရာ အသစ်က မဆိုးဘူးနော်၊ အသားကဖြူဖြူ၊ မျက်ခုံးက ကောင်းကောင်းနဲ့"

"ကောင်းမနော်၊ ဘာလဲ ငါ့ကို ဇရေလာ ... ကြောင်းပေးစကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောနေတာလား"

"အံမာ၊ အိုက်တင်ခံမနေစမ်းပါနဲ့ ခင်ခင်ကြီးရယ်၊ နင့်အကြောင်း ငါတို့က မသိရင်ခက်မယ်"

ဂျမ်းပုံစကားကြောင့် ခင်ခင်ကြီးမှ မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။

◆ ◆ ◆

ညရောက်တော့ ခင်ခင်ကြီး အိပ်၍မပျော်တော့။ ကျောင်းဆရာလေးအပေါ်၌ ရင်ခုန်စိတ်လှုပ်ရှားမိနေပြီလားမသိ။ အဓိကအရေးကြီးသည်က ဟိုကောင်မ နှင်းမွှေ့လည်း မိမိလိုမဖြစ်ပါစေနဲ့ဟု ကြိတ်၍ ဆုတောင်းနေမိသည်။

◆ ◆ ◆

သို့သော် ဆုတောင်းကား မပြည့်။ နောက် (၃)လခန့်အကြာ၌ နှင်းမွှေ့နှင့် ကျောင်းဆရာလေး ကိုကြည်နိုင်တို့ ချစ်သူများ ဖြစ်သွားကြပြီဟူသောသတင်းကို ကြားရတော့၏။ ခင်ခင်ကြီးမှာ ရည်းစားလူလုခံရကျွဲခတ်ဆိုသော စကားအတိုင်း ဒေါသအမျက်တို့ ချောင်းချောင်းထွက်ရလေပြီ။ သောကမျက်ရည်တို့ ယိုစီမ့်ကျရလေပြီ။

ထို့ကြောင့် ထိုကိစ္စကို မိမိတစ်ယောက်တည်း မစွမ်းသာပြီမို့ မှော်အောက်လမ်းပညာတို့၌ ပိုင်နိုင်လှသော အဘွားဖြစ်သူကို အကူအညီ တောင်းကြည့်မိ၏။ ဒေါ်အိုစာမှ ခင်ခင်ကြီးအား မိမိတာဝန်သာထားရန်၊ ဘာမှစိတ်မပူရန် နှစ်သိမ့်၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကောင်းကင်၌ လမင်းကြီး ပြည့်ဝန်းနေသော ည တစ်ည၌ ဆရာလေးကိုကြည်နိုင်တစ်ယောက် သာယာလှသော ရွာလေးအား လျှောက်ကြည့်ရန် တစ်ဦးတည်း လမ်းလျှောက်ထွက် လာမိ၏။

ရွာထိပ်က ညောင်ပင်ကြီးအနီးသို့ ရောက်သောအခါ မိမိစိတ် တို့ ဇဝေဇဝါ ဖြစ်သွားရ၏။ စိတ်ထဲတွင် မိမိမြင်တွေ့လိုက်ရ သောအရာမှာ လူလော၊ နာနာဘာဝလော၊ ဥစ္စာစောင့်လောဟု သို့လော သို့လော ထင်မြင်နေမိ၏။ နောက်တစ်ကြိမ် သေသေချာချာ စူးစိုက်ကြည့်မိသောအခါတွင်ကား မိန်းမပျိုတစ်ဦး ညောင်ပင်ကြီး အောက်၌ တစ်ကိုယ်တည်းထိုင်နေကြောင်း တွေ့လိုက်ရ၏။ ပို၍ အံ့သြစရာကောင်းသည်မှာ ထိုမိန်းမပျိုလေးမှာ အဝတ်အစား လုံးဝ မပါ၊ ဗလာနတ္ထိ။ ကြည့်မိသော မိမိမျက်စိတို့ကိုပင် ကိုယ့်လိပ်ပြာ ကိုယ်မလုံ ရှက်မိ၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်နမအရွယ်မို့ မဖြစ်သင့်တာ မဖြစ်ရအောင် သွားရောက်၍ သတိပေးရချေတော့မည်။

"ဒီမှာ ဒီကညီမ အခုလိုပုံစံနဲ့ ဒီလိုနေရာမျိုးမှာ တစ်ယောက် တည်း ရှိမနေသင့်ပါဘူးကွယ်"

"ညီမ အိမ်ကို ပြန်လိုက်ပါလား၊ အစ်ကို လိုက်ပို့ပေးမယ် လေ"

လှုပ်ရှားနေသော စိတ်ကို ထိန်းချုပ်ရင်းပြောလိုက်သော် လည်း သူမဘက်မှ တုံ့ပြန်မှုမရှိ။ တုံ့ဏှိဘာဝေနှင့်။ သူ့ကို အကြောင်း သားနဲ့ ငေးကြည့်နေသည်ကို တွေ့ရ၏။ သူ သတိထားမိသည့်

www.burmeseclassic.com

www.burmeseclassic.com



အချက်မှာ ထိုမိန်းမပျို၏ အသားအရေမှာ အနည်းငယ် ပြာနှမ်းနှမ်းဖြစ်နေသည်ဟု ထင်မိသည်။

ထို့နောက် ညောင်ပင်ကြီးအနောက်ရှိ အမှောင်ထုထဲသို့ လှစ်ခနဲ ပြေးဝင်၍ မျက်စိအောက်မှ ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ သူလည်း သက်ပြင်းကိုချလိုက်၍ ဇဝေဇဝါ အတွေးများနဲ့အတူ သူတည်းခိုရာ ကျောင်းစောင့်ကြီး ဦးဝဏ္ဏ၏ အိမ်ရှိရာသို့ လှည့်ပြန်လာခဲ့သည်။

ထိုကိစ္စကို သူ မေ့မေ့ပျောက်ပျောက် ထားလိုက်သော်လည်း သူလမ်းလျှောက်ထွက်တိုင်း ညောင်ပင်ကြီးနား အရောက်တွင် ထိုသို့သော ဖြစ်ရပ်မျိုးကို မကြာခဏ ကြုံတွေ့လာရ၏။ တစ်ခါတစ်ရံများဆိုလျှင် သူအိပ်နေသော အိပ်ရာဘေးသို့ပင် သူမက ရောက်ရောက်လာသည်ဟု ထင်မိသည်။ အိပ်ရာမှ နိုးထလိုက်သည်နှင့် အိပ်မက်လိုလို အကယ်လိုလိုဖြစ်ပြီး ပျောက်ကွယ်သွားတတ်သည်။

နောင်ကြာသော် စွဲလန်းစိတ်များ ဖြစ်ပေါ်လာ၍ သူမကို မတွေ့ရ မနေနိုင်တော့။ ညောင်ပင်ကြီးရှိရာသို့ မကြာခဏ သွားကြည့်တတ်၏။ သို့သော် သူမကတော့ ပေါ်မလာတော့။ အချိန်ကာလကို တွက်ကြည့်လိုက်တော့ သူမ မလာတာ တစ်လပင် ပြည့်တော့မည်။

နောင်များမကြာမီ ဆရာလေး ကိုကြည်နိုင်တွင် စိတ္တဇဝေဒနာ (ရောဂါ)တစ်ခု စွဲကပ်လာတော့သည်။ သူ၏ အချစ်ရဆုံး နှင်းမှုံကိုပင် အရင်လို အရောတဝင် မဆက်ဆံတော့။ နှင်းမှုံမှ…

“မောင်…မောင့်ကို ကြည့်ရတာ အခါတိုင်းနဲ့ မတူဘူး၊

www.burmeseclassic.com



တစ်မျိုးကြီးပဲ၊ မောင် ဘာဖြစ်နေတာလဲဟင်''

ဟု မေးသောအခါတိုင်း...

တစ်ခါမှ မတွေ့မမြင်ဖူးသော လူတစ်ယောက်ကို ကြည့်နေ သလို မျက်လုံးမျိုးဖြင့် တွေတွေဝေဝေနှင့် ပြန်ကြည့်နေတတ်သည်။

◆ ◆ ◆

အဘိုးဖြစ်သူ ဘကြီးအောင်ကို နှင်းမှုံက ဖွင့်ဟတိုင်ပင်ကြည့် သောအခါ...

''အင်း...အဘလည်း သူ့ကို သတိထားကြည့်မိတယ်၊ လုံမ လေး ပြောသလို တစ်မျိုးကြီးဖြစ်နေတာတော့ အမှန်ပဲ''

''ဒါကြောင့် ကွဲကွဲပြားပြား အဖြေသိရလေအောင် အဘရဲ့ နတ်ရေစင်(ရေမန်း)နဲ့ ပက်ဖြန်းကြည့်ရကွဲ့ လုံမလေး''

ဟု ပြောလေ၏။ တစ်နေ့တွင် ဘကြီးအောင်မှ ဆရာလေး ကိုကြည်နိုင်အား အိမ်၌ ထမင်းစားဖိတ်ပြီးနောက်...

''ဆရာလေး သုံးဆောင်ပြီးရင် ဒီရေအေးအေးလေးကို သောက်လိုက်ပါဦးနော်''

ဟု ရေမန်းကို သောက်ရေအမှတ်ဖြင့် တိုက်လေတော့၏။

ရေသောက်ပြီး ကွမ်းတစ်ယာညက်ခန့်မျှ ကြာသောအခါ ဆရာလေးမှ...

''အား...အမယ်လေး၊ ပူပါတယ်တော့၊ ကျွတ်ပါပြီ''

ဟူသော အဘွားကြီးတစ်ယောက်၏ အသံသြသြကြီးကို ကြားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြည့်ရှုကြသော အိမ်နီးနားချင်းများအားလုံး အံ့အားသင့်ကြသော်လည်း ဘကြီးအောင်မှာမူ မထူးဆန်းသော ကိစ္စ တစ်ခုလို ခပ်ပြုံးပြုံး ကြည့်နေ၏။

ထို့နောက် ဘကြီးအောင်မှ ဖုတ်ခြေးမန္တန်ကို ရွတ်ဆို၍ ဆရာလေးကိုကြည့်နိုင်၏ ခန္ဓာကိုယ်၌ စွဲကပ်နေသောဖုတ်ကို ခွာစေပြီး နောင်ထိုကဲ့သို့ မလုပ်ရန် သတိပေးလိုက်၏။

◆ ◆ ◆

ထိုအချိန်၌ ဒေါ်အိုဇာ၏အိမ်၌လည်း 'အား···အမယ်လေး ကြောက်ပါပြီတော့' ဟူသော အသံနက်ကြီးနှင့်အတူ ဖောချွေးများ ပြန်နေသော အဘွားဖြစ်သူကို ခင်ခင်ကြီးမှ အတင်းလှုပ်နှိုးနေလေ၏။

ဒေါ်အိုဇာမှ အသိဝင်လာသောအခါတွင်မူ···

"နေနှင့်ဦးပေါ့ ငအောင်ရယ်၊ ငါ့အကြောင်း တစ်နေ့ ကောင်းကောင်းသိစေရဦးမှာပေါ့"

ဟု ကြိမ်းဝါးလိုက်လေ၏။

◆ ◆ ◆

ထိုနေ့ညတွင် ဘကြီးအောင်တို့ လူစုမှာ ဆရာလေး၏ ပြောပြချက်အရ ရွာထိပ်သောင်ပင်ကြီးအနီးရှိ ခြုံပုတ်များနောက်၌ ပုန်းအောင်းရောက်ရှိနေကြ၏။

ကောင်းကင်တွင် လမင်းကြီးက ပြည့်ဝန်းထိန်သာနေသည်။ မှောင်းရင်ကွဲ မြည်သံများသာ ဟိုတစ်ချက် သည်တစ်ချက် ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘကြီးအောင်မှ မန္တန်တစ်ခုကို တတွတ်တွတ်နှင့် ရွတ်ဆိုလိုက်သည်မှာ (၅)မိနစ်ခန့်အကြာတွင် ညောင်ပင်ကြီးအနီးသို့ အဝတ်ဗလာနှင့် မိန်းမပျိုတစ်ဦး ရောက်ရှိလာတော့၏။

ဘကြီးအောင်မှ လိုက်ပါလာသော လူအားလုံးကို တိတ်တိတ်နေကြရန် အချက်ပေးလိုက်ပြီး ထိုမိန်းမပျိုအား ကြီးမားသော ပိုက်ကွန်ကြီးတစ်ခုဖြင့် အုပ်ဖမ်းလိုက်လေ၏။ မိန်းမပျိုမှာ ရုတ်တရက်မို့ ပိုက်ကွန်၌ မိသွားပြီး ရုန်းကန်နေလေ၏။ ဘကြီးအောင်မှာ အနားကပ်သွားပြီး ပရိတ်ရေဖြင့် ပက်ဖြန်းလိုက်သောအခါ ထိုမိန်းမပျိုမှာ နှီးဖြင့်ယက်လုပ်ထားသော နာနာဆေးရုပ်တစ်ခုအဖြစ်သို့ ထူးဆန်းစွာ ပြောင်းလဲသွားသည်ကို တွေ့ရ၏။ မိန်းမပျိုပုံ ထိုနာနာဆေးရုပ်အား ဘကြီးအောင်မှ ဓားပါလာသော ရွာသားတစ်ယောက်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင်ပိုင်းစေ၏။ ထို့နောက် မြေမှာမြှုပ်စေ၏။ ထိုအခါကျမှ ရွာသူရွာသားအားလုံးလည်း ကျောင်းဆရာလေးကိုကြည်နိုင်၏အဖြစ်ကို ဇာတ်ရည်လည်မိကြလေတော့၏။

♦ ♦ ♦

## ဒေါ်အိုစာ အသုံးပြုခဲ့သည့် မယုံကြည်နိုင်လောက်အောင် အစွမ်းထက်မြက်လှသော နာနာဆေးရုပ်အစီအရင်

နာနာဆေးရုပ်စီရင်နည်း စီရင်ပုံကို ဗဟုသုတရရှိအောင် ဖော်ပြလိုက်ပါသည်။

(၁) မိကျောင်းသည်းခြေ

(၂) စပါးကြီးသည်းခြေ

www.burmeseclassic.com



(၃) ဖားပြုပ်ကောင်လုံး
(၄) ကြွက်စုတ်ကောင်လုံး
(၅) အိမ်မြှောင်ကောင်လုံး
(၆) လေပွေလွင့်သစ်ရွက်(မြေမကျမီဖမ်း၍ယူ)
(၇) ရေထဲမှာ ထောင်၍မျောလာသော တုတ်(အဝတ် အစားမချွတ်ဘဲ လက်ပစ်ကူး၍ ဆယ်ယူ)
(၈) လူရိုး
(၉) ကျားရိုး
(၁၀) ဆင်ရိုး
(၁၁) မြင်းရိုး

ဤဆေး (၁၁)မျိုးကို ကျောက်ပြင်တွင် ကျောက်ခဲနှင့် ကြိတ်ပါ။ ထို့နောက် ဝါးကျည်တောက်နှင့် ထည့်ထားရမည်။

ဤနှာနှာဆေးရုပ် အစီအရင်၌ ဂါထာမန္တန်စုတ်ရန် မလိုပေ။

**နှာနှာဆေးရုပ်အညွှန်း**

- မန်ကျည်းရွက်ကို ဤဆေးသုတ်၍ ကြဲလျှင် မန်ကျည်းရွက်များ ပိတုန်းဖြစ်၍ ပျံလိမ့်မည်။
- မိမိလက်တွင်ဖြစ်စေ၊ ခြေထောက်တွင်ဖြစ်စေ တစ်နေရာရာမှာ ဤဆေးသုတ်၍ထားပါ။ တစ်စုံတစ်ယောက်က ဓား၍ခုတ်ခဲ့လျှင် ၄င်းဆေးသုတ်ထားသော နေရာမှ လက်(သို့မဟုတ်) ခြေထောက် ပြုတ်ပါလာသည်ဟု ထင်ရလိမ့်မည်။
- နှီးကို လိုရာအရုပ်သဏ္ဍာန် ယက်လုပ်၍ ဤဆေးကို သုတ်

www.burmeseclassic.com

www.burmeseclassic.com



ထားပါက အရှင်ဟု ထင်မှတ်ရလိမ့်မည်။ (ဒေါ်အိုစာမှ အသုံးပြုပုံမျိုး ဖြစ်၏)

- အိုးနှုတ်ခမ်း ပတ်လည်တွင် ဤဆေးသုတ်ထားပါက ရေဒွဲ နှစ်သော်လည်း ရေမဝင်နိုင်ပေ။

ဤကား နမူနာမျှသာ ပြလိုက်ခြင်း ဖြစ်သည်။ ဉာဏ်ရှိသမျှ ချဲ့ထွင်သုံး၍ရသော နာနာဆေးရုပ်တည်း။

ဘကြီးအောင် အသုံးပြုခဲ့သော ဖုတ်ပြေးမန္တန်ကိုပါ ဗဟုသုတ ရရန်အလို့ငှာ ဖော်ပြလိုက်ပါသည်။

## ဖုတ်ဝင်လျှင် နှင်ထုတ်ရန် ဖုတ်ပြေး ဂါထာ အစီအရင် စီရင်နည်း စီရင်ဟန်

လူနာကို အကာယ်၍ ဖုတ်တစ္ဆေ မှီကပ်နေသည်ဟု အထင်ရှိလျှင် ငယ်ထိပ်မှ ဆံပင်ကိုခွဲ၍ အောက်ပါမန္တန်ဖြင့် (၃၇)အုပ် မန်းရမည်။ (ဤနေရာတွင် ဘကြီးအောင်မှာတော့ ပရိတ်ရေအဖြစ် အသုံးပြု၍ ကျောင်းဆရာလေး ကိုကြည်နိုင်နှင့် နာနာဆေးရုပ်တို့ကို ပက်ဖြန်းခဲ့သည်)

### ဂါထာမန္တန်

ဦး-သမ္ဗုဒ္ဓေါ သမ္ဗုဒ္ဓေ၊ သဗ္ဗေ ဗုဒ္ဓါ၊ သဗ္ဗေ ဓမ္မာ၊
သဗ္ဗေ သံဃာ၊ သဗ္ဗေ ဒေဝါ၊ ခမတိ၊
သော သော သသ အ အ နိ နိ၊ ဂစ္ဆာဟိ၊ ဂစ္ဆာဟိ၊
အမုမှိ ဩကာသေ တိဋ္ဌာဟိ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။

ဤဂါထာဖြင့် မန်းလိုက်ပါက မည်မျှလောက် ကြမ်းသော တစ္ဆေတစ္ဆေ ဖြစ်စေကာမူ ချက်ချင်းပြေးလိမ့်မည်။

ဤဂါထာမှာ ပယောဂသက်သက်အတွက်ဖြစ်၍ ပယောဂနှင့် မသက်ဆိုင်သော ဥစ္စာရှိသလို အမျိုးမျိုး ချဲ့ထွင်သုံးစွဲနိုင်ပေသည်။

◆ ◆ ◆

စိုးမိုးနိုင်

သရဲတစ္ဆေ၊ စုန်းကဝေကို စိတ်ဝင်စားကြတဲ့ ကျုပ်ရဲ့ပရိသတ်တွေ အတွက် ထူးထူးခြားခြားဖြစ်မယ့် 'တစ္ဆေမျက်လုံး' ကို ကျုပ်ကိုယ်တိုင် စီစဉ်ပြီး ထုတ်ဝေနေတယ်ဗျို့....ဒီ 'တစ္ဆေမျက်လုံး' မှာ ကျုပ်နဲ့အတူ ခင်ဗျားတို့ရဲ့ ထူးထူးခြားခြား အတွေ့အကြုံတွေကို ပါဝင်ရေးသားနိုင် ပါတယ်။ ပါဝင်ရေးသားလိုသူများအနေနဲ့ အရှေ့ဘက်ဘောင်းတင် အမှတ် - (၃၅)၊ ဇေယျာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန် ကို ပေးပို့နိုင်တယ်ဗျို့....

တာတေ

www.burmeseclassic.com

www.burmeseclassic.com





# ကိုယ်တွေ့တစ္ဆေဖြစ်ရပ်မှန်များ (၁)

ကဝေနီ

ကျွန်တော်သည် အမှတ်(၁၉)၊ သီရိလမ်း၊ လေးလွှာခေါင်းရင်းခန်းသို့ ဦးလှထွန်းနှင့်တွေ့ဆုံရန်လာခဲ့ပါသည်။ ဦးလှထွန်း၏ အဖြစ်အပျက်ကို တဆင့်စကားတဆင့်နားနှင့် ကြားသိခဲ့ရပြီးနောက် တစ္ဆေမျက်လုံးမဂ္ဂဇင်း၏ ကိုယ်တွေ့တစ္ဆေကဏ္ဍအတွက် ၄င်းနှင့်တွေ့ဆုံမေးမြန်းရန် လာခဲ့ခြင်းဖြစ်ပါသည်။

ဦးလှထွန်းကိုယ်တိုင် တံခါးဖွင့်ဆီးကြိုပါသည်။ လူပုံမှာ ဂင်တိုတို ခပ်တောင့်တောင့်နှင့် အသက်ငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ကားသမားဗိုဗီ ကွမ်းကြိုက်တတ်ပုံပေါ်ပြီး ကျွန်တော်နှင့် တွေ့ဆုံမေးမြန်းနေစဉ်အတွင်း ကွမ်းကိုအဆက်မပြတ်စားနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကို နေရာထိုင်ခင်းပေးပြီး လာရင်းကိစ္စကို မေးမြန်းပါသည်။ ကျွန်တော်လည်း မဆိုင်းမတွပင် ပြောပြပါသည်။

"ဒီလိုပါဦးလေး ကျွန်တော်က တစ္ဆေမျက်လုံးမဂ္ဂဇင်းကပါ။ ကျွန်တော်တို့ မဂ္ဂဇင်းမှာ တစ္ဆေနဲ့ ကိုယ်တွေ့ကြုံခဲ့ရတဲ့လူတွေရဲ့ အဖြစ်မှန်တွေကိုပြန်လည်ဖော်ပြတဲ့ ကဏ္ဍတစ်ခုရှိပါတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍအတွက် ဦးလေးရဲ့ကိုယ်တွေ့အဖြစ်ကလေးကို မေးမြန်းချင်လို့ပါ။ တစ္ဆေအကြောင်းအင်တာဗျူးဆိုပါတော့ ဦးလေးရယ်"

"ခက်တော့နေပါပြီကွယ်၊ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ လည်း ပြောပြခဲ့တာမဟုတ်ပါဘူး၊ ဦးလေးကိုယ်တိုင်လည်း ခေါင်းထဲ မှာ ထည့်မထားချင်တဲ့ အကြောင်းတွေပါကွယ်။ အင်း ဗူးအပေါက် တစ် ရာသာပိတ်လို့ရမယ်၊ လူ့ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်လို့မရ ဘူးဆိုတာ တယ်မှန်ပါလားကွယ်၊ ဖြစ်နိုင်ရင် ဒီအကြောင်းတွေကို ဘယ်သူ့ကို မှမပြောပြချင်ပါဘူးကွယ်၊ လူတွေအတွက်လည်း အကျိုးရှိ မယ် မထင်ပါဘူး"

"အဲဒီလိုတော့ ပြောလို့ဘယ်ရမလဲ ဦးလေးရယ်၊ ဦးလေး ရဲ့ကိုယ်တွေ့ဖြစ်ရပ်ထဲက လူတွေအတွက် ဆောင်ရန်ရှောင်ရန်လေးတွေ ရလာနိုင်တာပေါ့၊ နောက်ပြီး လူတွေက သရဲတစ္ဆေကိစ္စတွေကို ယုံတမ်း တွေလောက် မှတ်ထင်နေကြတာဦးလေးရဲ့၊ ဒါကြောင့်ကျွန်တော်က ဆရာတာတေရဲ့တာဝန်ပေးချက်အရ ခုလိုကိုယ်တွေ့ကြုံခဲ့တဲ့ ဦးလေး တို့လိုလူတွေဆီကို လာရောက်မေးမြန်းရတာပါခင်ဗျာ"

ဦးလှထွန်းသည် ဆရာတာတေဟူသော အမည်ကိုကြား သည်နှင့် အမူအရာပြောင်းသွားပြီး

"ဩော် မောင်ရင်တို့နဲ့ ဆရာတာတေနဲ့က တစ်ဖွဲ့တည်း လားကွဲ့"

"တစ်ဖွဲ့တည်းပေါ့ ဦးလေးရဲ့၊ တစ္ဆေမျက်လုံး မဂ္ဂဇင်းဆို တာ ဆရာတာတေဦးစီးထုတ်ဝေနေတဲ့ မဂ္ဂဇင်းပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လားကွ၊ ငါ့အိမ်က ကလေးတွေက တာတေ့ပရိ သတ်တွေကွ၊ ခုတော့ကလေးတွေ မရှိဘူး၊ အပြင်သွားကြတယ်ကွ၊ ကောင်းပြီလေ၊ ဆရာတာတေ့မဂ္ဂဇင်းမှာဖော်ပြဖို့ဆိုရင်တော့ ငါ့အဖြစ် အပျက်တွေကိုပြောပြရသေးတာပေါ့ကွာ၊ ဖြစ်ပုံကဒီလိုကွ. . . ."

ဟုအစချီလျက် ကျွန်တော့်အား အောက်ပါအတိုင်းပြော ပြလာပါတော့သည်။

◆ ◆ ◆

ငါက အသက်ဆယ့်ရှစ်နှစ် မတိုင်ခင်ကတည်းက ကား မောင်းစားလာတာကွ။ သုံးဘီးခေတ်၊ လေးဘီးခေတ်၊ အက်စ်အီးခေတ် ခေတ်ပေါင်းစုံပေါ့ကွာ။ အငှားကား၊ အိမ်ကား၊ ရုံးကား မျိုးကိုစုံရောပဲ။ ပြောရရင် ကားမောင်းသက် သုံးဆယ်လောက်ရှိပြီပေါ့။ ကုန်ကားကြီး တွေနဲ့ မြန်မာပြည်အနှံ့လည်း ရောက်တာမျိုးရှိခဲ့ဖူးတယ်။ ကားသမား ဒီစီ သောက်ရယ်စားရယ်လည်းရှိတာပေါ့။ နေ့ညမရွေး၊ ရာသီမရွေး ကားပေါ်မှာပဲ အချိန်ကုန်ခဲ့တယ်ပြောရမယ်။ နောက်တော့ သားသမီး တွေကြီးလာပြီး အလုပ်အကိုင်လေးတွေနဲ့ အဆင်ပြေလာကြတော့ ကျုပ်ကို အသက်ကြီးပြီဆိုပြီး ကားမမောင်းဖို့ တိုက်တွန်းလာကြတယ်။ ခက်တာက ကျုပ်ကလည်း ကားမမောင်းရရင် စားဝင်အိပ်ပျော်တဲ့လူ စားမျိုးမဟုတ်ဘူး။

ဒီတော့ သူတို့ကကျုပ်အာသာပြေလေးလောက် မောင်းဖို့ဆို ပြီး အိမ်ကားတစ်စီးနဲ့ ချိတ်ပေးတယ်။ ကားက ကျုပ်တို့ခေတ်ကတော့ ဆေးမှုန့်ကားလို့ခေါ်တဲ့ ကားပုံစံမျိုး၊ ခုခေတ်တော့ ဇူပါကာစတမ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ့။ အမြဲလည်း မောင်းပေးရတာမဟုတ်ပါဘူး။ တစ်ခါတရံ အကြောင်းကြီးငယ်လေးရှိမှ ဟိုနားဒီနားလောက် မောင်းပို့ရတာ။ ငွေပေါလို့ရယ်၊ ဒီဘက်ခေတ်မှာ ကားဈေးကျတာရယ်ကြောင့်တာ ဝယ်ထားတာ။ ကျုပ်တို့ခေတ်နဲ့များ ကွာပါ့။ သိပ်မမောင်းရလေ ကျုပ်သားသမီးတွေကလည်း ကြိုက်လေပဲပေါ့။ သူတို့အဖေကို သိပ် မောင်းစေချင်ကြတော့တာ မဟုတ်ဘူးလေ။

တစ်နေ့တော့ကျုပ်ကားအိမ်က ချောင်းသာကိုမိသားစုလိုက် ကားနဲ့သွားကြမယ်လို့ ကျုပ်ကိုပြောလာတယ်။ ပြီးတော့

"ဦးလေး ချောင်းသာထိ မောင်းနိုင်လား" လို့မေးလာတယ်။

အဲဒီမေးခွန်းက ကျုပ်ကိုစော်ကားလိုက်တယ်လို့တောင် ခံစား ရတယ်။ ဘယ်နှယ့် ဒီလေးနာရီကျော်ခရီးလောက်ကိုများ မောင်းနိုင်ရဲ့ လားတဲ့။

"ဒီမှာချောင်းသာမဟုတ်ဘူးဟေ့ မြန်မာပြည်ထဲကြိုက်တဲ့နေ ရာသွား၊ မောင်းပို့မယ်" လို့ ခပ်မာမာပြန်ပြောလိုက်တယ်။

ကျုပ်အဖြေကိုသူတို့က သဘောကျပြီးရယ်တယ်။ ကျုပ်အ ကြောင်းသိနေသူတွေမို့ ကျုပ်ကိုတမင်မခံချင်အောင်ပြောတာ။ စနောက်တဲ့သဘောပါ။ ဘာပဲပြောပြောကျုပ်ကတော့ ဟိုင်းဝေး ခရီးလေးတစ်ခု မောင်းရမယ်ဆိုတော့ စိတ်ထဲမြူးသွားမိတာတော့ အမှန်ပဲ။

ဆိုပါတော့။ ဒီလိုနဲ့ပဲ ခရီးစဉ်အထမြောက်ပြီး ထွက်လာဖြစ်ခဲ့ ကြတယ်။ ကျုပ်အတွက်တော့ ပုသိမ်၊ ချောင်းသာဘက်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အလွတ်ရနေတဲ့ လမ်းခရီးတွေထဲက တစ်ခုပါ။ သာသာယာယာပဲ ထွက်လာခဲ့ကြတာပေါ့။ ကားရှင်လင်မယားနှစ်ယောက်ရယ်၊ သူ့သမီးသုံးယောက်ရယ်၊ အိမ်အကူကောင်မလေးတစ်ယောက်ရယ် သူတို့ကခြောက်ယောက်။ ကျုပ်နဲ့ဆိုစုစုပေါင်း(၇)ယောက်ပေါ့။ နေ့ခုနစ်နာရီလောက်ထွက်ကြတာ ညနေစောင်းလောက် ရောက်တယ်။ ပုသိမ်မှာလည်း ဟိုဆိုင်ဒီဆိုင် လိုက်စားသောက်ကြသေးတယ်။

ချောင်းသာမှာ နှစ်ညအိပ်တယ်။ ကျုပ်ကိုလည်းတော်တော်ဂရုစိုက်ကြပါတယ်။ ကျုပ်သားသမီးတွေနဲ့လည်း စီးပွားရေးအရ ပါတ်သက်နေကြပုံပါပဲ။ ယာဉ်မောင်းတစ်ယောက်လို သဘောမထားဘူး။ မိတ်ဆွေတစ်ယောက်လိုပါပဲ။ ဟိုတယ်မှာလည်းအခန်းတစ်ခန်းယူပေးတယ်။ ကျုပ်အတွက်တော့ အဲဒီနှစ်ရက်ဟာ တော်တော်ပျင်းရိစရာကောင်းပါတယ်။ တစ်ခါတရံတော့ ပင်လယ်ကြီးကိုကြည့်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးကိုကျောခိုင်းသွားတဲ့ ကျုပ်ဇနီးကိုသတိရမိတာပေါ့လေ။ ဒီလိုနဲ့ပြန်ဖို့အချိန်ရောက်လာတော့တာပေါ့။

သူတို့သမီးသုံးယောက်ဟာ ငါးခြောက်တွေ၊ ငါးကင်တွေ၊ ကဏန်းတွေ၊ ကင်းမွန်တွေ၊ ပင်လယ်စာတွေကို အစိုတွေရောအခြောက်တွေပါ အပြိုင်အဆိုင် ဝယ်တော့တာပဲ။ ရေခဲပုံးတွေနဲ့ ရေခဲရိုက်သယ်တာတွေလည်းပါတာပေါ့။ ကျုပ်တို့လို ကိုယ်ပိုင်ကားနဲ့ဖြစ်တဲ့လူတွေ ဒုနဲ့ဒေးပါ။ ဘယ်သူမှ အစိုတွေကိုရေခဲရိုက် မသယ်ပါဘူး။ သူတို့သာ ကဲကဲသဲသဲဖြစ်နေကြတာ။ အဖေအမေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောမနိုင်လို့ မပြောတော့ဘူးဆိုပြီး လွှတ်ထားလိုက်တဲ့ပုံပါပဲ။

ကားပေါ်မှာ အနံ့အသက်ပေါင်းစုံနဲ့ဆိုတော့ အဲယားကွန်း လည်း ဖွင့်လို့မရတော့ဘူး။ မှန်တံခါးတွေဖွင့်လို့ရသမျှ အကုန်ဖွင့်ပြီး မောင်းခဲ့ရတော့တယ်။ ချောင်းသာက ညနေစောင်းထွက်လာတာ။ ပုသိမ်ရောက်တော့ ညနေစာစားတယ်။ နာမည်ကြီးဆိုင်တစ်ဆိုင်ပါ။ မိုးချုပ်ခါနီးနေတော့ ဟင်းက မစုံတော့ဘူး။ ငါးနဲ့အမဲသားပဲရှိတော့ တယ်။ ချောင်းသာမှာ ငါးတွေချည်း စားလာတာဆိုတော့ အမဲသား ဟင်းကိုပဲ အားလုံးရွေးလိုက်ကြတယ်။ မမှာခင်ကျုပ်ကို မေးပါသေး တယ်။

"ကိုလှထွန်း အမဲသားစားရဲ့လားဗျ"

"စားပါတယ်"

ဟုတ်တယ်လေ။ ကျုပ်က တစ်ဘဝလုံး ကားသမားဘဝနဲ့ နေလာတာ စားတာရယ်၊ မစားတာရယ်ခွဲခြားနေလို့ ရတာမှ မဟုတ်တာ။ ဒါပေမယ့် အမဲသားကိုတော့ မစားဖြစ်တာများတယ်။ ဘာရယ်မဟုတ်ဘူး။ တစ်ခြားရွေးချယ်စရာရှိရင်တော့ အမဲသားကို ရှောင်လိုက်တာများတယ်။ အားလုံးအမဲသားဟင်းနဲ့ မြိန်ရည်ယှက်ရည် စားလိုက်ကြတယ်။ ပြီးတော့ခရီးဆက်ခဲ့ကြတယ်။ ကျုပ်ကတော့ လမ်းဆုံက ကွမ်းရာတွေ တစ်ထုပ်ကြီး ဝယ်လာခဲ့လိုက်တယ်။ အလာခရီးတုန်းက အဲယားကွန်းဖွင့်ထားတော့ ကွမ်းဝါးလို့မရခဲ့ဘူး။ ခံစားလိုက်ရတာဗျာ။ နေ့ခရီးဆိုတော့ သိပ်တော့ပြဿနာ မရှိဘူး ပေါ့လေ။ ညခရီးသာကွမ်းမစားရဘဲ မောင်းရင်တော့ တိုင်ပတ်ပြီဗျ။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းချင်တော့ သူတို့ဝယ်လာတဲ့ ပင်လယ်စာ အစိုအခြောက် အနံ့တွေကြောင့် တံခါးတွေအကုန်ဖွင့် မောင်းလာရတယ်လေ။ ကွမ်းကို အကြိုက်ဝါးပြီး မောင်းလို့ရတာပေါ့။ ကဲ စဉ်းစားကြည့်ဗျာ။ ဟိုင်းဝေးညခရီးတစ်ခုကို ကွမ်းလေးတဝါးပါနဲ့ မောင်းရတဲ့အရသာ။ ဒါကို နှစ်သုံးဆယ်လောက် ကားမောင်းစားဖူးတဲ့လူမှ သိမှာ။

ဒီလိုနဲ့ မောင်းလာလိုက်တာ ပန်းတနော်မြို့အထွက်နား တစ်နေရာလည်းရောက်ရော ကားစက်သံက တစ်မျိုးဖြစ်လာရော။ လီဗာကိုထိန်းနင်းပြီး ရသလောက်မောင်းကြည့်လိုက်တယ်။ မရဘူး။ ရှေ့မှာ မဲကနဲလူအုပ်စုတစ်စုလမ်းဖြတ်ကူးသွားတယ်ထင်လိုက်မိတယ်။ ဘရိတ်ကိုဆောင့်နင်းလိုက်တယ်။ လီဗာကိုပြန်နင်းတော့ ဝူးကနဲတစ်ချက်မြည်ပြီး ကားစက်ထိုးရပ်သွားတယ်။ ကားပေါ်ကလူတွေကတော့ ပင်ပန်းလွန်းလာတော့ အကုန်အိပ်ပျော်နေကြတယ်။ ကျုပ်လည်းကားစက်ကို တစ်ချက်ပြီးတစ်ချက် နှိုးကြည့်တယ်။ မရဘူး။ လုံးဝကို မနိုးတာ။ ဆီလား၊ ဆီကလည်း အပြည့်ရှိတယ်။ ကောင်းပြီ။ ကျုပ်ကားအောက်ကို ဆင်းလိုက်တယ်။ အဲဒီအချိန်မှာ ကိုဘဆန်းလည်း နိုးလာပြီး လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ ဆင်းလာတယ်။ ကိုဘဆန်းဆိုတာ ကောင်မလေးတွေရဲ့အဖေ။ ကားပိုင်ရှင်။ ကျုပ်အလုပ်ရှင်ပေါ့။ မအေကြီးနဲ့ကျန်တဲ့ကလေးတွေကတော့ အိပ်နေကြတာ တုပ်တုပ်တောင် မလှုပ်ကြဘူး။

ဆောင်းဝင်စဆိုပေမယ့် ကွင်းပြင်ကြီးကိုဖြတ်တိုက်လာတဲ့ လေတွေကြောင့် ကျောထဲစိမ့်ကနဲဖြစ်သွားတယ်။ ကျုပ်စက်ဖုံးကိုစဖွင့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုဘဆန်းက လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး အင်ဂျင်အတွင်းခန်းကို ပြတယ်။ ကျုပ်အကုန်စစ်ကြည့်တယ်။ အားလုံးအကောင်း။ ဘာတစ်ခုမှ မချို့ယွင်းဘူး။

စောစောက ယမ်းဖြုတ်ကူးတဲ့လူစု ဘယ်နားရောက်သွားလည်းလို့ ဟိုဟိုဒီဒီ လိုက်ကြည့်လိုက်တယ်။ လိုအပ်ရင် အကူအညီတောင်းရ အောင်ပေါ့။ မရှိဘူးဗျ။ ကားစက်ဖောက်နေချိန်မှာ ကျုပ်အမြင်မှားလိုက်တာ ဖြစ်မှာပေါ့လေ။

"ပြစ်ချက်တော့မတွေ့ဘူးဗျ ကိုဘဆန်း၊ လမ်းသွားလမ်းလာကားတစ်စီးစီးကို အကူအညီတောင်းပြီး စက်ပြင်ဆရာ တစ်ယောက်လောက် ရှာခိုင်းရင်ကောင်းမယ်၊ ကျုပ်က ဒီဘက်ပိုင်းကားတွေကိုအပြည့်အစုံ နားမလည်တော့ဘူးဗျ"

ကျုပ်ပြောတာကို ကိုဘဆန်းလည်း သဘောတူတယ်။ ဓာတ်မီးကိုဖွင့်ထားပြီး လမ်းမှာလာတဲ့ကားတစ်စီးကို တားဖို့စောင့်တာပေါ့။ အဲဒီအချိန်မှာ ကျုပ်သတိထားမိတာက ကားပေါ်ကအနံ့။ ပင်လယ်စာတွေ ဆိုကရတဲ့ အနံ့ကတော်တော်ပြင်းတာပဲ။ တချို့အစိမ်းသယ်လာတာတွေလည်း ရေခဲတွေပျော်လို့ ပုတ်ကုန်ပြီထင်ရတယ်။

ကျုပ်တို့ကားတားနေတာ တော်တော်ကြာသွားတယ်။ တစ်စီးမှ မလာဘူး။ ဓာတ်မီးတောင် အားကုန်စပြုလာတယ်။ အဲဒီအချိန်မှာပဲ ကားတစ်စီးမောင်းလာတယ်။ ကျုပ်တို့နှစ်ယောက်တားတယ်။ မရပ်ဘူး။ ကားနောက်ခန်းကလူတစ်ယောက်က ကျုပ်တို့ကားကို လက် ညှိုးထိုးပြီးတစ်ခုခုကို စူးစူးဝါးဝါး အော်ပြောသွားတာ ကြား

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရတယ်။ ဘာပြောတာလည်းဆိုတာကိုတော့ သဲသဲကွဲကွဲ ကြားလိုက်ရဘူး။ နောက်တစ်စီးကိုပဲ စိတ်ရှည်လက်ရှည် ပြန်စောင့်ရတော့မှာလေ။ အချိန်ကလည်း ဆယ့်တစ်နာရီ ထိုးတော့မယ်။ နောက်မှာ ကျန်ခဲ့တဲ့ ပန်းတနော်မြို့ထဲပြန်သွားပြီး အကူအညီ တောင်းဖို့ဆိုတာလည်း မလွယ်ဘူး။ နယ်တွေမှာက ဒီအချိန်ဆို အားလုံးမီးမှိတ်ပြီး အိပ်နေကြလောက်ပြီ။ ကျုပ်ကတော့ သွားဆိုလည်း တစ်ယောက်တည်း သွားရဲပါတယ်။ ပြောပြီးပါရောလား။ အဲဒီအချိန်အထိ သရဲတစ္ဆေဆိုတာကို ယုံခဲ့တာမဟုတ်ပါဘူးလို့။ ကျုပ်တို့ ကားသမားလောကလောက် တစ္ဆေပုံပြင်တွေပေါတာ ကျုပ်တို့ ကားသမားလောကပဲရှိတယ်။ တကယ့်တကယ် စစ်စစ်ပေါက်ပေါက် မေးရင် သူပြောသူပြောကို ပြန်ပြောကြတာက များပါတယ်။

အဲဒီလို ကားထပ်စောင့်နေတုန်း ကျုပ်တို့ကားထဲကနေ

"အူး…အူး…ဂူး…ဂူး"

ဆိုတဲ့ အော်သံအကျယ်ကြီးထွက်လာတယ်။ ကျုပ်လည်း ထိတ်ကနဲ လန့်သွားတယ်။ ဦးဘဆန်းကတော့ လက်နှိပ်ဓာတ်မီးပါ လက်ထဲက ပြုတ်ကျသွားတယ်။ အော်သံက အဆက်မပြတ် ထွက်နေတာ။ ကျုပ်လန့်သွားတယ်ဆိုတာ စောစောကရိပ်ကနဲ မြင်လိုက်ရတဲ့ လူက ပုန်းနေရာက ကားထဲကိုဝင်ပြီး မတော်မတရားများ လုပ်တာလားလို့ တွေးမိပြီးလန့်တာ။ ချက်ချင်းပဲ ကားတံခါးပွင့်လာပြီး အကြီးရယ်၊ သမီးသုံးယောက်ရယ် အလုအယက်ဆင်းလာကြတယ်။ လက်နှိပ်ဓာတ်မီး မီးရောင်အောက်မှာ မျက်နှာတွေဆိုတာ ဆေးအဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းထားသလား အောင့်မေ့ရတယ်။ ဖြူဆွတ်လို့။ ကားထဲကို လက်ညှိုးထိုးပြီး တစ်ခုခုပြောဖို့ ကြိုးစားနေကြတယ်။ ကြောက်လွန်း အားကြီးနေလို့ ထင်ပါရဲ့။ ဘယ်သူ့ဆီကမှ စကားသံထွက်မလာဘူး။ သူတို့ဆီကသာ စကားသံထွက်မလာတာ။ ကားထဲက အသံဆိုးကြီး ကတော့ 'အူးအူးဝူးဝူး' နဲ့ ဆက်တိုက်ကြားနေရတယ်။ ကားထဲမှာအိမ် အကူကောင်မလေးပဲ ကျန်ခဲ့တာ မဟုတ်လား။ ကျုပ်လည်း ကားနား ကပ်ပြီး ကားထဲကို ကြည့်လိုက်တယ်။ ကောင်မလေးက ဇက်ကြီး တစ်စောင်း၊ ဆံပင်ဖရိုဖရဲနဲ့ ပါးစပ်မှာလည်းသားရည်တွေ စီးကျလို့။ ကားတံခါးဖွင့်ထားရင် လင်းနေတဲ့ မီးလုံးအလင်းရောင်အောက်မှာ မြင်လိုက်ရတယ်။

အတွင်းတက် တက်နေတာဖြစ်မယ်လို့ ကျုပ်တွေးလိုက်မိ တယ်။ ဒါ တက်နေတဲ့လက္ခဏာပဲလေ။ ကျုပ်လည်း ခြေမတွေ ဘာတွေချိုးပြီး တက်သလောက် မှတ်သလောက်ကုပေးမယ်ဆိုပြီး ကားထဲဝင်လိုက်တယ်။ ကောင်မလေးက ကျုပ်ကိုမြင်တာနဲ့ ထိုင်ခုံ ကနေနောက်ကို ပက်လက်ကြီး လှန်ချလိုက်တယ်။ ကိုးရိုးကားရား ပုံစံကြီးနဲ့။ လူတစ်ယောက်နောက်ပြန်ကြီး အဲဒီလို နောက်ခန်းထဲလှိမ့် ချဖို့ဆိုတာ လွယ်တာမှတ်လို့။ အဲဒီမှာတင် ကျုပ်လည်း နည်းနည်းတော့ ထူးတယ်လို့ တွေးလိုက်မိတယ်။ ကျုပ်လှမ်းကြည့်လိုက်တော့ ကောင်မ လေးက ငါးတွေ၊ ကဏန်းတွေ ရေခဲရိုက်လာတဲ့ဖော့ပုံးကို ပါးစပ်နဲ့ရော လက်နဲ့ပါ ဖွင့်နေတာဗျို့။ ကျုပ်လည်း ဂုတ်ကို လှမ်းဆွဲလိုက်တယ်။ အောင်မလေးဗျာ။ ရေခဲတုံးကြီး ကိုင်လိုက်ရသလိုပဲ အေးစက်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်းတော်တော်တော့ သန့်တဲ့လူပဲ။ ဒါပေမယ့် ကောင်မလေးကို ကျုပ်အားနဲ့ဆွဲတာ လုံးဝကိုပါမလာဘူးဗျာ။

အဲဒီမှာ ကားအပြင်က လူသံသူသံတွေကြားလိုက်ရတယ်။ အပြင်ကားတစ်စီးရောက်လာပြီး ထိုးရပ်လိုက်တာဗျ။ ဦးဘဆန်းနဲ့ သည်း စကားတွေပြောနေကြတယ်။ ဟောဗျာ ကျုပ်ဂုတ်ဆွဲထားတဲ့ ကောင်မလေးက ချက်ချင်းပျော့ခွေ ကျသွားတယ်။ သေများသွား တာလားလို့တောင် တွေးလိုက်မိသေးတယ်။ ကောင်မလေးကို နောက်ခန်းထဲက ဆွဲထုတ်ပြီး နောက်ဆုံးကကူရှင်ပေါ် တင်ထား လိုက်တယ်။ ကြည့်လိုက်တော့ အိပ်မောကျနေတာ တွေ့ရတယ်။ ထယောင်တာလည်းဖြစ်နိုင်တာပဲလေ။ ကျုပ်ကားပေါ်က ပြန်ဆင်းလိုက်တယ်။

ကျုပ်တို့ကားဘေး ထိုးရပ်ထားတာ အုတ်သဲကျောက်တင်တဲ့ ကားကြီးဗျ။ ဦးဘဆန်းက ကားဆွဲပြီး ပန်းတနော်ပြန်ပို့ပေးဖို့ အကူအညီတောင်းနေတာ။ ကျုပ်လည်း ကူညီဖို့ဝင်ပြောလိုက်တယ်။ ဆီဖိုးတစ်သောင်းလည်းပေးပါ့မယ်လို့ ပြောလိုက်တော့ ပိုအဆင် ပြေသွားကြတာပေါ့။

ကားပေါ်ပြန်တက်ကြတယ်။ အိမ်ကူကောင်မလေးကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့။ အားလုံးကလည်း ဒီကောင်မလေးထယောင် တယ်ပဲ တွေးကြတော့တာပေါ့။ နောက်ခန်းထဲက ရေခဲပုံးကို နောက် ပြန်လှန်ချပြီး ဆင်းဖွင့်တာ သူတို့လည်း တွေ့မှမတွေ့လိုက်ကြတာကိုး။

ကားဆွဲဖို့လုပ်ကြပြီ။ သူတို့ မနီလာကြိုး အတုတ်ကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းပါလာတာ ကံကောင်းတာပဲ။ ကျုပ်လည်းသေသေချာချာ ကြိုးကိုချည်တယ်။ ကျုပ်တို့အားလုံး ကားပေါ်ပြန်တက်ကြတယ်။ ကျုပ်လည်း စတီယာရင်ကို သေသေချာချာကိုင်တယ်။ ဘရိတ်ပေါ်ခြေထောက်ချတယ်။ ကားဆွဲတယ်ဆိုတာလည်း နောက်ကမလိုက်တတ်ရင် လွယ်တာမဟုတ်ဘူး။ ကျုပ်အတွက်တော့ အေးဆေးပါ။

ကျုပ်တို့ကားမီး အုတ်သဲကျောက်ကားကြီးမီးတွေ ထွန်းလိုက်တော့မှ ကျုပ်တို့ကားပျက်နေတဲ့ ခပ်လှန်းလှန်းက ညောင်ပင်ကြီးတစ်ပင်ကိုတွေ့မိတယ်။ လမိုက်ညဆိုတော့ မှောင်မဲနေတာလေ။ ပတ်ဝန်းကျင်ကတော့ ကွင်းပြင်ချည်းပဲ။

ကားကြီးမှာက ဒရိုင်ဘာနဲ့အတူ စပယ်ယာတစ်ယောက်ပါသေးတယ်။ ကားကြီးစက်နိုးသံကြားလိုက်တော့ ကျုပ်ရင်ထဲ တော်တော်ပေါ့ပါးသွားတယ်။ ဟုတ်တယ်လေ။ ကားသမားတစ်ယောက်အဖို့ စက်နိုးလိုက်တာနဲ့ ပူးကနဲကောက်နိုးသွားတဲ့ကားစက်သံလောက် စိတ်ချမ်းမြေ့စေတဲ့ အသံမရှိဘူး။ ဆွဲပြီ။ ကြိုးတင်းကနဲဖြစ်သွားတာ ကျုပ်သိတယ်။ ဘရိတ်ကိုလွှတ်လိုက်တယ်။ အလိုက်သင့်ပါသွားဖို့ အသင့်ပဲ။ ရှေ့ကားကြီးက လီဗာနင်းသံ ကျယ်လာတယ်။ ကျုပ်တို့ ကားလေးကတော့ လုံးဝကိုမရွေ့ဘူး။ ရှေ့ကားဆရာလည်း ခေါင်းစောင်းပြီး ကျုပ်ကို အော်ပြောတယ်။

'ဘရိတ်တွေလွှတ်ထား'

'လွှတ်ထားတာပေါ့ကွ'

ကျုပ်လည်း ပြန်အော်ပြောတယ်။ ဟုတ်တယ်လေ။ မနေ့တစ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ ကားမောင်လာတဲ့ကောင်မှ မဟုတ်တာ။

ကားကြီးဆရာလည်း ဂီယာအကြီးနဲ့ကို ဆွဲတော့တာ။ မီးခိုးတွေတောင် အူလိုက်လာတယ်။ အင်ဂျင်သံဆိုတာလည်း ကမ္ဘာပျက်တော့ပဲ။ အံ့ဩဖို့ကောင်းတာက ကျုပ်တို့ကားက လုံးဝကိုမရွေ့ဘူး။ နည်းနည်းလေးတောင် မရွေ့တာ။ အဲဒီမှာတင် "ထောင်း"ဆိုတဲ့ အသံကျယ်ကြီး ကြားရပြီး မနီလာကြိုးအတုပ်ကြီးဟာ ပြတ်ထွက်သွားတော့တာပဲ။ ကားကြီးဆရာရော၊ သူ့စပယ်ယာရော မျက်လုံးတွေကို ပြူးကုန်တော့တာ။ ကျုပ်လည်း အခြေအနေကပုံမှန် မဟုတ်တော့ဘူးလို့ စတွေးလိုက်မိတယ်။ ကားကြီးစပယ်ယာလေးက သူ့ယာဉ်မောင်းကို စကားတိုးတိုးကပ်ပြောနေတယ်။ ယာဉ်မောင်းက ကျုပ်တို့ကို ပြောတယ်။

"ဦးလေးတို့ ကျွန်တော့်ကားနဲ့ ပန်းတနော်လိုက်ခဲ့ပါ။ ဟိုမှာ တစ်ညတည်းဖို့နိုဖို့ စီစဉ်ပေးပါ့မယ်။ အချိန်လည်းမနည်းတော့ဘူး။ နောက်ကျမှ ဝပ်ရှော့ဆရာခေါ်ပြီး ကားကိုစစ်ကြည့်ကြ"လို့ပြောတယ်။

သူပြောတာလည်းမဆိုးဘူး။ ဦးဘဆန်းတို့လည်း သဘောတူတယ်။ ခက်တာက ကားကိုဒီအတိုင်းထားခဲ့ဖို့ကလည်း မလွယ်ပြန်ဘူး။ ကျုပ်ကိုကားနဲ့ တစ်ယောက်တည်း ထားခဲ့ဖို့ဆိုတာလည်း အပြောရခက်နေတဲ့ပုံပါပဲ။ ဒါကိုကျုပ်က နားလည်တယ်။ ထူးဆန်းတယ်လို့ ထင်နေမိတာပဲရှိတယ်။ ကြောက်စိတ်တော့ ကျုပ်စိတ်ထဲ လုံးဝ မဖြစ်ပေါ်မိဘူး။

"ကိုဘဆန်းတို့ မိသားစုလိုက်သွားကြပါ။ ကားကိုစောင့်ဖို့

www.burmeseclassic.com



က ကျူပ်တာဝန်ထားပါ။''

ကျူပ်စကားကိုကြားတော့ သူတို့ တော်တော်ဝမ်းသာသွားတာ။ အိမ်အကူကောင်မလေးကို လှုပ်နှိုးတော့လည်း အင်းအင်းအဲအဲနဲ့ နိုးလာတယ်။ စောစောက ဘာမှမဖြစ်တဲ့အတိုင်းပဲ။ သူတို့လည်း ဒီနေရာကနေ အတော်ထွက်သွားချင်နေပုံပဲ။ ဟန်တောင်မစောင့်နိုင်တော့ပဲ ကျူပ်လက်ထဲ ခတ်မီးထည့်ပြီး အုတ်သဲကျောက်ကားပေါ် လှစ်ကနဲ တက်သွားတော့ကြတာပဲ။ ကျူပ်နဲ့ကားပဲ ကျန်ခဲ့တော့တာပေါ့။ ညကလည်း အတော်နက်နေပြီမို့ ဘာမှထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကားပေါ်တက်၊ တံခါးတွေ ချက်ချလိုက်တယ်။ မှန်တွေလည်း တင်လိုက်တယ်။ ကားထဲမှာ ပင်လယ်စာအနံ့တွေ လှောင်နေပေမယ့် နွေးသွားတာတော့ အမှန်ပဲ။ အနံ့တွေက ကျူပ်အတွက် အေးဆေးပါ။ ဒီ့ထက်ဆိုးတဲ့ ငါးပုတ်တင်တဲ့ကားတွေတောင် မောင်းခဲ့ဖူးသေးတာပဲ။

ကွမ်းတစ်ယာကို ပါးစောင်ထဲပစ်ထည့်လိုက်တယ်။ ကွမ်းလေးငုံပြီး တစ်မှေးလောက်မှေးလိုက်မယ်ပေါ့။ မနက်ကျရင် အကုန်အဆင်ပြေသွားမှာလို့ကျူပ်တွေးတယ်။ ကျူပ်အတွေးတောင် မဆုံးသေးဘူး ဝုန်းကနဲအသံနဲ့အတူ ကားလည်းယိမ်းထိုးသွားတယ်။ မောင်းလာတဲ့ ကားတစ်စီးများ ကျူပ်ကားကို ဝင်တိုက်သလားလို့ ထွက်ကြည့်မှန်တွေကနေ ကြည့်လိုက်မိတယ်။ ဘာမှမတွေ့ရဘူး အရှင်းကြီး။ အဲဒီ့အချိန်မှာပဲ တဝုန်းဝုန်းနဲ့ ကားကိုလူတွေအများကြီး ဝိုင်းရိုက်တွန်းထိုးနေကြသလိုမျိုး ကားက ဘယ်ညာလှုပ်ခါနေတယ်။ မှန်တွေကနေ

www.burmeseclassic.com



အယ်ညာ၊ နောက်ကိုကြည့်တော့လည်း ဘာမှမတွေ့ရဘူး။ ကျုပ်လည်း အဲဒီတော့မှ စိမ့်ကြောက်သွားတော့တာ။ တစ္ဆေချောက်တယ်ဆိုတာ ဒါမျိုးလားလို့လည်း စတွေးလိုက်မိတယ်။ ကြက်သီးတွေ တစ်ကိုယ်လုံးထပြီး မွေးညှင်းတွေထောင်ကုန်တယ်။ ကားရှေ့မီးကို ဖွင့်ထားဖို့ ဆုံးဖြတ်လိုက်တယ်။ ဖြစ်ချင်တော့ ကားမီးတွေ လုံးဝဖွင့်လို့မရတော့ဘူး။ ဘက်ထရီဒေါင်းသွားပြီ ထင်ရတယ်။ ကားကိုထုရိုက်နေကြတာပိုးဆိုးလာတယ်။ ခေါင်မိုးပေါ်က အသံတွေလည်း ပါလာတယ်။ ကားကိုတစ်ဖက်ဖက်ကို တွန်းလှဲဖို့လည်း ကြိုးစားနေကြသလိုပဲ။ ဘီးတောင် တစ်ချက်တစ်ချက် ကြွတက်သွားတယ်။ ကားလှုပ်နေတော့ နောက်ကအနံ့တွေကလည်း ပိုဆိုးလာတယ်။

အဲဒီမှာတင် ကျုပ်လည်း အတွေးတစ်ခုရလိုက်တယ်။ နောက်ခုံဘက်ကိုရွေ့သွားလိုက်ပြီး ငါးကင်၊ ပုဇွန်ကင်တွေ လက်တစ်ဆုပ်စာ နှိုက်ယူလိုက်တယ်။ ဘေးတံခါးကိုဆွဲဖွင့်လိုက်ပြီး လက်ထဲကဟာတွေကို လွှင့်ပစ်ထည့်လိုက်တယ်။ ကျုပ်အတွေးမှန်သွားတယ်။ ကားကို ထုရိုက်နေတာတွေ တိကနဲရပ်သွားတယ်။ ကျုပ်လည်း ယာဉ်မောင်းနေရာ ပြန်သွားပြီး မှန်ကနေကြည့်လိုက်တယ်။ သောက်ကျိုးနဲ့၊ ကျုပ်ပစ်ချလိုက်တဲ့ ငါးကင်၊ ပုဇွန်ကင်တွေ ပျောက်ခြင်းမလှ ပျောက်သွားပါရောလား။ ကျုပ်ကိုယ်ထဲက ကြောက်စိတ်ကတော့ နှစ်ဆတိုးပြီး ပိုဆိုးလာတယ်။ ဒါပေမယ့် အတော်ကြာတဲ့အထိ ဘာအသံမှ မကြားရတော့ဘဲ အခြေအနေကောင်းသွားလို့ ကြောက်စိတ်လျော့လာပြီး အိပ်ချင်စိတ်ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောကောင်းမလည်း အဲဒီမှာတင် အုန်းကနဲအသံကြီး နဲ့အတူ ကားလည်း ဘေးတိုက်ရွေ့သွားလိုက်တာ လေးငါးပေလောက် ရှိမယ်။ ကျွဲတစ်ကောင်များ ဝင်ဇော့လိုက်တာလား။ နောက်တစ်ဘက် ကနေ လာပြန်ရောဗျို့။ အုန်းကနဲပဲ။ ထုံးစံအတိုင်းဘဲ ဘာမှမမြင်ရဘူး။ ကားခေါင်မိုးပေါ်ကို တစ်ကောင်ကောင်ခုန်တက်လိုက်သံ ဘုန်း ကနဲ ကြားလိုက်ရတယ်။ ပြီးတော့ ခေါင်မိုးကို ကျောက်ခဲကြီးကြီး တစ် လုံးနဲ့ ထိုင်ထုနေသလိုးမျိုး အချက်မှန်မှန် တဒုန်းဒုန်းထုနေတယ်။ ကားကလည်း သိမ့်ကနဲ သိမ့်ကနဲဖြစ်နေတယ်။ ဒီတစ်ခါတော့ ဒီကောင်တွေ အများကြီးမဟုတ်ဘူး။ တစ်ကောင်တည်းဖြစ်လိမ့်မယ်။ တစ်ကောင်တည်းဆိုပေမယ့် စောစောကကောင်တွေထက် သုံးဆ လောက်ကြီးတဲ့ကောင်ကြီး ဖြစ်လိမ့်မယ်။

ဘာမှစဉ်းစားမနေတော့ဘူး။ ကျုပ်လည်း စောစောကလိုပဲ လက်ကျန်ငါးကင်၊ ပုဇွန်ကင်၊ ကဏန်းကင်တွေကို ပြတင်းပေါက်ဖွင့် ပြီးချပေးလိုက်တယ်။ ကျုပ်ကြည့်နေတယ်။ မျက်လှည့်ပြသလိုပဲ မြင် ကွင်းထဲကနေ ဖြုတ်ကနဲပျောက်ကုန်တယ်။ ကားခေါင်မိုးပေါ်က အသံ လည်းငြိမ်သွားတယ်။ ရုပ်တိုက်ပြီးလျှောက်သွားတဲ့ ခြေသံကြီးတစ်ခု ကြားလိုက်ရတယ်။ ကျုပ်လည်း တံခါးတွေ ပြန်ပိတ်လိုက်ပြီး အခြေအနေ စောင့်ကြည့်နေလိုက်တယ်။ နောက်ထပ်များ လာဦး မလားလို့။

ကျုပ်ထင်တဲ့ အတိုင်းပါပဲ။ ဒီတစ်ခါတော့ ဒီကောင်တွေ ဝိုင်းလာတာကို ကျုပ်က အရင်မြင်လိုက်ရတာ။ ပထမတော့ မီးလုံး

www.burmeseclassic.com

www.burmeseclassic.com



ငါးလေးတွေ ကားပတ်ပတ်လည်အမှောင်ထဲမှာ အများကြီးပေါ်လာတာ။ တဖြည်းဖြည်း ရှေ့တိုးလာကြတယ်။ မည်းမည်းအရိပ်တွေ ပုံသဏ္ဌာန်မျိုးစုံကို လှမ်းမြင်နေရပြီ။ တစ္ဆေအခြောက်ခံနေရပြီလို့ သေသေချာချာ သိလိုက်ရတဲ့အချိန်မှာ ကြောက်စိတ်ကငယ်ထိပ်ကို ဆောင့်တိုးသွားတယ်။ ဒါပေမယ့် ဒီကောင်တွေက ကိုယ့်ကို ရန်ပြုချင်တာမဟုတ်ပဲ ကားပေါ်ပါလာတဲ့ဟာတွေကို စားသောက်ချင်တယ်ဆိုတာကိုသိလိုက်ရတော့ စိတ်ထဲပေါ့သွားသလိုပဲ။ ခုလည်း နောက်မှာ ရေခဲရိုက်ထားတဲ့ ငါး၊ ပုစွန်တွေ အားကိုးနဲ့ သိပ်မကြောက်မိတော့ဘူး။

ဒီကောင်တွေ တဖြည်းဖြည်းကားနားကို တိုးသည်ထက်တိုးလာတယ်။ ကျုပ်လည်း 'ရှိပူရသေးကုန်မှအေး' ဆိုတဲ့ စကားအတိုင်း နောက်ထဲက ရေခဲပုံးကြီးကို ဆွဲထုတ်လိုက်တယ်။ ပြီးတော့ ကားတံခါးကနေ အကုန်သွန်ချပေးလိုက်တယ်။ တံခါးပိတ်တာ မြန်လို့ပဲ။ ဝုန်းကနဲ ဝင်ချလာတာ ရှန်းရင်းဆန်ခတ်တွေဖြစ်လို့။ အမည်းရောင်မီးခိုးငွေ့တွေလိုပဲ။ အချင်းချင်းလုယက်နေကြပုံရတယ်။ ပြီးပြီ။ ကျုပ်တာဝန်ကျေပြီလို့ ထင်လိုက်မိတယ်။ ကားပေါ်မှာ ကျွေးစရာလည်း ကုန်ပြီ။ အာရုဏ်လည်း တက်တော့မယ်။

ကျုပ်ထင်တဲ့အတိုင်းပဲ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားပြီး ဘာအရိပ်အငွေ့မှလည်းမတွေ့ရတော့ဘူး။ ကောင်းပြီ။ ကျုပ်ပါးစောင်ထဲက ကွမ်းယာလည်း ဘယ်ရောက်သွားမှန်းတောင်မသိတော့ဘူး။ ကွမ်းတစ်ယာထုတ်ပြီး ပါးစောင်ထဲထိုးထည့်လိုက်တယ်။ ကျုပ်အိပ်တော့မယ်လေ။ စိတ်ချလက်ချဖြစ်သွားလို့လားတော့မသိဘူး။ ချက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း အိပ်ပျော်သွားတယ်။

ဝုန်းကနဲ ကားတံခါး ရုတ်တရက်ပွင့်သွားတယ်။ ကျုပ်လည်း ခေါင်းထောင်ကြည့်လိုက်တယ်။ ကားတံခါးဝမှာ ပါးစပ်ပေါက်ကြီး တစ်ပေါက်။ သွားတွေက ပါးစပ်ထဲမှာ အပြည့်။ တံခါးပိတ်ဖို့ကြိုးစားပေမယ့် ကျုပ်တစ်ကိုယ်လုံးလှုပ်လို့မရဘူး။

"ဗိုက်ဆာတယ်၊ ငါ့ကိုကျွေး"

အသံကြီးက မိုးကြိုးပစ်သလိုကျယ်လောင်တယ်။ နားထဲမှာ အူထွက်သွားတယ်။

"ကုန်ပြီ၊ မရှိတော့ဘူး"

သေမတက်ကြောက်နေပေမယ့် ငါးတွေ၊ ပုစွန်တွေ ကုန်သွားတဲ့အကြောင်းကိုတော့ ပါးစပ်ကပြောထွက်သွားတယ်။ ပါးစပ်ကြီးကတင် ကားတံခါးအပြည့်ဆိုတော့ အကောင်ကြီးက ဘယ်အရွယ်လောက်ရှိမယ်ဆိုတာ စိတ်ထဲကအလိုလို ခန့်မှန်းမိနေတယ်။ အစားတွေ ကုန်သွားပြီပြောလိုက်ရင် ထွက်သွားလိမ့်မယ်လို့လဲထင်နေတယ်။ မရဘူး။

"ဗိုက်ဆာတယ်၊ မစားရတာကြာပြီ၊ စားချင်တယ်..."

ပြောပြောဆိုဆို သရက်ပင် ပင်စည်လောက်ရှိတဲ့ လက်ကြီး ကားတံခါးကနေ ဝင်လာတယ်။ ကျုပ်ကိုလှမ်းဆွဲတာ။ ကျုပ်တစ်ကိုယ်လုံးက လှုပ်လို့မရဘူးလေ။ လက်ကြီးက ကျုပ်တစ်ကိုယ်လုံးကို အရုပ်တစ်ရုပ်ကို ကိုင်ဆွဲလိုက်သလို ဖျစ်ညှစ်ပြီးကိုင်လာတယ်။ ကျုပ်ကိုယ် ကျုပ်သေပြီလို့ တွက်လိုက်တယ်။ ဒီကောင်ကြီး ကျုပ်ကို စားတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



သချာတယ်။ သူ့လက်ထဲကနေ ကားထဲကြည့်လိုက်တော့ ယာဉ်မောင်းနေရာမှာထိုင်နေတဲ့ ကျုပ်ကိုယ်ကျုပ်ပြန်မြင်လိုက်ရတယ်။ ကျုပ်ကိုယ်ကျုပ်လှမ်းဆွဲဖို့ကြိုးစားလိုက်မိတယ်။ ဒီကောင်ကြီးလက်ထဲမှာပါလာနေတဲ့ကျုပ်က ထိုင်ခုံပေါ်မှာထိုင်နေတဲ့ကျုပ်ကို လှမ်းဆွဲလိုက်တာမိတယ်ဗျို့။ စိတ်ထဲမှာအရမ်းကိုအားတက်သွားတယ်။ အကောင်ကြီးကတော့ သာသာလေးကျုပ်ကို ဆောင့်ဆွဲလိုက်တာ ကျုပ်လည်းကျုပ်ကိုကျုပ် ဆွဲထားတာလွှတ်ထွက်သွားတယ်။

ထိုခဏလေးအတွင်း မျက်လုံးထဲမှာ ဝေ့ကနဲ၊ လင်းကနဲမြင်လိုက်မိတာက ဘက်ကြည့်မှန်မှာချိတ်ထားတဲ့ ညောင်ရွက်ပုံတော်လေးကိုပဲ။ ကျုပ်မိန်းမ မသေခင်က ကျုပ်ကားမောင်းရင်ကားဘက်ကြည့်မှန်မှာ ချိတ်ထားဖို့ပေးထားတဲ့ ကြေးနဲ့လုပ်ထားတဲ့ ညောင်ရွက်လေးပါ။ အရောင်လေးလက်နေတယ်။ ချက်ချင်းပဲကျုပ်အာရုံမှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ထင်ဟပ်လာတယ်။

"အူး....."

အော်သံကြီးကြားလိုက်ရပြီး ကျုပ်ကိုညှစ်ထားတဲ့ လက်ကြီးက ကျုပ်ကိုကိုင်ပေါက်လိုက်တယ်။ ရှေ့ကခုံမှာထိုင်နေတဲ့ ကျုပ်ကိုယ်ခန္ဓာထဲကို အရှိန်နဲ့ ကျုပ်ပြန်ဝင်သွားတယ်။ ပြီးတော့ သတိလစ်သလိုဖြစ်သွားတယ်။

◆ ◆ ◆

ကားမှန်ကို တဒေါက်ဒေါက်လာခေါက်လို့ လန့်နိုးသွားပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ မိုးလင်းနေပြီ။ ဦးဘဆန်းတို့မိသား

www.burmeseclassic.com

www.burmeseclassic.com



စုနဲ့ လူအချို့ရောက်လာပြီး ကားမှန်လာခေါက်နေကြတာ။ လူတွေက ကားကို အထူးအဆန်းလို ဝိုင်းကြည့်နေကြတယ်။ ကျုပ်လည်း ကားပေါ်ကဆင်းပြီး ကြည့်လိုက်တယ်။ အားပါးပါး။ ကားကိုယ်ထည်မှာ ချိုင့်ဝင်နေတဲ့ လက်ဝါးရာတွေက ကားဘော်ဒီမှာအပြည့်။

ဝပ်ရှော့ဆရာက ကျုပ်ကိုကားပေါ်ပြန်တက်ပြီး ကားစမ်းနှိုးခိုင်းတယ်။ ကျုပ်လည်းဝတ်ကျေတန်းကျေနှိုးလိုက်တယ်။ သောက်ကျိုးနည်း။ တစ်ညလုံးမနိုးတဲ့စက်က တစ်ချက်တည်း ဝူးကနဲနိုးသွားတယ်။ကျုပ်ဖြင့်သေချင်စော်ကိုနံရော။ ကျုပ်တို့အားလုံး အရမ်းအံ့ဩသွားကြတယ်။ ပန်းတနော်မြို့ကပါလာတဲ့ မြို့ခံတွေကတော့ အံ့ဩဟန်မပေါ်ကြဘူး။ ကျုပ်လည်းသေချာအောင် ဂီယာထည့်ပြီး မောင်းကြည့်တယ်။ ကားကြီးနဲ့ဆွဲတာတောင်မရွေ့တဲ့ ကားက ငြိမ့်ကနဲထွက်သွားတယ်။ စိတ်ချရအောင် စက်ပြန်သတ်။ ပြန်နှိုး ပြန်မောင်းကြည့်တယ်။ အေးဆေးပဲ။ ဘာချို့ယွင်းချက်မှမရှိဘူး။ ကားပေါ်မှာ ချိုင့်ဝင်နေတဲ့ လက်ဝါးရာကြီးတွေကလွဲလို့ပေါ့။

ကျုပ်တို့လည်း ငွေပေးသင့်သူပေး၊ ကျေးဇူးတင်စကားပြောသင့်သူကိုပြောပြီး အဲဒီနေရာကနေထွက်ခဲ့ကြတော့တယ်။ ကားထွက်ကာနီး ပန်းတနော်မြို့ခံလူတစ်ယောက်က ကျုပ်နားကပ်ပြောတယ်။

"ကားဆရာ ညကဒီမှာကျန်နေခဲ့တာ တော်တော်အန္တရာယ်များတယ်၊ ဒီနေရာက အရင်သင်္ချိုင်းနေရာကြီးဗျ၊ အဝေးကြမ်းတာဘ်ကောင်းလို့ဘာမှမဖြစ်တာ"

ကျုပ်လည်း ဘာမှတုန့်ပြန်ပြီးပြောမနေတော့ပဲ ကားကို

www.burmeseclassic.com



ထောင်းထွက်ခဲ့လိုက်တော့တယ်။ လမ်းတလျှောက်လုံးချောမွေ့လို့ပါပဲ။ ထိုအခါ ဆန်းကတော့ မေးရှာပါတယ်။

"ညကဘာဖြစ်သေးလည်းတဲ့"

"ဘာမှမဖြစ်ပါဘူး၊ ဟင်းစားတွေတော့ ပုတ်ကုန်လို့လွှင့် ပစ်လိုက်တယ်ဗျို့"

"ကိစ္စမရှိပါဘူးဗျာ၊ လူဘာမှမဖြစ်တာပဲ တော်လှပြီ"

"ဘာမှမဖြစ်ဘူးတော့ မဟုတ်ဘူးဗျ...၊ တစ္ဆေကြီး တစ်ကောင်လာပြီး ကျုပ်ကို စားဖို့လုပ်တယ်ဗျ"

"ဟင်..ဟုတ်လား ဦး..."

သူတို့သမီးတွေ လှုပ်လှုပ်ရှရှဖြစ်သွားတယ်။

"ဟိတ်..ဦးလေးပြောတာ အိပ်မက်ထဲမှာလို့ပြောတာနော်" လို့ပြောလိုက်တော့မှ အကုန်ပြန်ငြိမ်သွားကြတယ်။

♦ ♦ ♦

အိမ်ပြန်ရောက်ပြီးနောက်နေ့မှာ ကျုပ်တစ်ကိုယ်လုံးနာကျင် နေလို့ဆေးခန်းပြရသေးတယ်။ ဆရာဝန်ကအင်္ကျီချွတ်ခိုင်းလို့ ချွတ်ပြလိုက်တယ်။ ဆရာဝန်လေးပါးစပ်က 'ဟာ' လို့ အာမေဋ္ဍိတ် ထွက်သွားတယ်။ ကျုပ်ကိုယ်ပေါ်မှာ ညိုမည်းနေတဲ့ လက်ငါးချောင်း လို အရာကြီးတွေကို သူတွေ့သွားတယ်လေ။ လိမ်းဆေးနဲ့ သောက်ဆေးတွေပေးလိုက်ပါတယ်။ နောက်ကျတော့လည်း သူ့ဘာသာသူ ပျောက်သွားတော့တာပါပဲကွယ်။

ကျုပ်လည်းဒီကိစ္စတွေကို ကားသမားတွေဆုံလို့ ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြတဲ့အခါ တစ်ခါနှစ်ခါပြောဖူးပါတယ်။ ဒီလောက်ပါပဲ။ ဘယ်လို ကနေဘယ်လို မောင်ရင်တို့ တစ္ဆေမျက်လုံးက ကြားသွားတာလည်း တော့ မသိဘူးပါဘူးကွယ်။

◆ ◆ ◆

ဦးလှထွန်းက သူ့အဖြစ်အပျက်ကို ရှည်လျားစွာပြောကြား သွားသည်။ ကျွန်တော်က တစ်လုံးမကျန် မှတ်တမ်းတင်ထားပြီး ယခုလို **'ကိုယ်တွေ့တစ္ဆေကဏ္ဍ'** တွင် ဖော်ပြလိုက်ရပါတော့သည်။

◆ ◆ ◆

လေးစားစွာဖြင့်
ကဝေနီ

တစ္ဆေမျက်လုံး

ဆက်သွယ်ရန်

၀၉ ၇၃၁ ၇၁၃ ၈၃
၀၉ ၄၂၁၀ ၅၆၃၅၄
၀၉ ၂၆၃၁၃ ၇၈၂၂

www.burmeseclassic.com

www.burmeseclassic.com





# ဝိဇ္ဇာနဲ့တွေ့တဲ့ လက္ခဏာ

တာဂေတာ

အဘွားကြီးရဲ့ အသားက နီစပ်စပ်ကြီးဗျ။ သူ့ခေါင်းက ဆံပင်တွေကလည်း ခင်ဗျားတို့ ကျုပ်တို့ခေါင်းက ဆံပင်လို အနက်မဟုတ်ဘူးဗျ။ နီကျင်ကျင်၊ ညိုတိုတိုနဲ့ပါဗျာ။ ကျုပ်နဲ့ ဘချစ်က ကျောင်းသွားမလို့ လွယ်အိတ်ကလေးတွေ လွယ်ပြီး ထွက်လိုက်ပါလာကြတာဗျ။

လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ဆိုင်ထဲမှာ လူတွေ အုံနေတာတွေ့လို့ ကျုပ်နဲ့ဘချစ်က တဲ့ကာနဲ့ရပ်ပြီး ကြည့်ကြတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



"ဂျူးမကြီးကွ၊ ဘယ်က ရောက်လာတာတုံး မသိဘူး"

"လူတွေက အုံပြီး ဘာလုပ်နေကြတာတုံးဗျ"

"ဂျူးမကြီးက လက္ခဏာဟောပေးနေတာကွ၊ မေးတဲ့လူတွေကတော့ လွှတ်မှန်တယ် ပြောတာပဲဗျာ"

"ဟုတ်လား၊ ခင်ဗျားရော လက္ခဏာမေးခဲ့သေးလားဗျ၊ ကိုကျော်ကြီးရဲ့"

"ဟာ ငါက ဒါတွေ ဝါသနာပါတာမှ မဟုတ်တာ အောင်ကွန့်ရာ"

"နို့ နေပါဦး ကိုကြီးကျော်ရဲ့၊ လက္ခဏာ တစ်ခါမေးရင် ဘယ်လောက်ပေးရတာတုံး"

"စေတနာရှိသလောက်ပါကွာ၊ လူတွေကတော့ ငါးကျပ်တော့ ပေးကြတာပဲကွ"

"ဒါဆိုရင် ကျုပ်လည်း သွားပြီးလက္ခဏာမေးဦးမယ် ကိုကျော်ကြီးရာ"

ပြောပြောဆိုဆိုနဲ့ ကိုအောင်ကွန့်ဆိုတဲ့လူက လက်ဖက်ရည်ဆိုင်ထဲကို ဝင်သွားတယ်။ လက်ဖက်ရည်ဆိုင်ထဲက ထွက်လာတဲ့ ကိုကျော်ကြီးဆိုတဲ့ လူကတော့ ဦးလူဝလမ်းဘက်ကို ထွက်သွားရောဗျ။

ကျုပ်တို့မြို့မှာက မြို့မဈေးကြီး ရှိတယ်ဗျ။ ဈေးနဲ့ မျက်နှာချင်းဆိုင်မှာ ချစ်မောင်လက်ဖက်ရည်ဆိုင် ရှိတယ်။ လက်ဖက်ရည်ဆိုင်နဲ့ ကပ်လျက်မှာ 'မြိုင်မာလာ' ရုပ်ရှင်ရုံရှိတယ်။ အခု ကျုပ်ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂျူးမကြီးက ချစ်မောင်လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာဗျ။ အဲဒါကို လူတွေကအုံပြီး လက္ခဏာမေးနေကြတာဗျို့။

"ဘချစ်၊ ခဏလောက်ဝင်ပြီး ကြည့်ရအောင်ကွာ"

"ငါထင်သားပဲ၊ မင်းလိုကောင်က ဒါမျိုးတွေ့ရင် မစပ်စုဘဲ ဘယ်နေလိမ့်မတုံး"

ကျုပ်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲကို ဝင်ချသွားကြတာပေါ့ဗျာ။

"ယူ့လက္ခဏာက အိမ်ထောင်သုံးဆက်ကျမယ့် လက္ခဏာပဲ၊ ပထမအိမ်ထောင်က အသက်နှစ်ဆယ်မှာ ကျမယ်၊ ဒုတိယအိမ်ထောင် သုံးဆယ့်နှစ်နှစ်မှာ ကျမယ်၊ တတိယအိမ်ထောင်က အသက် လေးဆယ့်လေးနှစ်မှာ ကျမယ်။ အခု ယူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အသက် လေးဆယ့်ခြောက်နှစ်ဗျ"

"ဒါဆိုရင် ယူ တတိယအိမ်ထောင်နဲ့ပေါ့"

"ဟုတ်ပါတယ် ဆရာမကြီး"

ကျုပ် တော်တော်အံ့သြသွားတယ်ဗျ။ လွတ်မှန်တဲ့ ဆရာမကြီးပါလားလို့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတယ်။ မေးတဲ့လူတွေကတော့ အလုအယက်ပဲဗျ။ ကျုပ်လည်း မေးချင်လိုက်တာဗျာ။ ဒါပေမဲ့ ကျုပ်ရှေ့မှာ စောင့်နေတဲ့လူကြီးတွေကများတော့ ကျုပ်တို့လို ကလေးတွေ အနားကပ်နိုင်ဖို့ မလွယ်ဘူးဗျ။

ပြီးတော့ လူကြီးတွေက ဂျူးမကြီးကို ငါးကျပ်စီ ပေးကြတာ။ ကျုပ်က မေးရင်တောင် ငါးကျပ်ပေးဖို့ မရှိဘူးလေဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဟော…နောက်တစ်ယောက် ဟောပြန်ပြီဗျို့။ ဒီတစ်ခါက မိန်းမတစ်ယောက်ကို ဟောတယ်ဗျ။

"ယူ့လက္ခဏာက ပြောနေတယ်၊ ယူ့အသက် သုံးဆယ့်ငါးနှစ်မှာ ခွေမျိုးတစ်ယောက် မတရားလုပ်လို့ ယူ့မိဘတွေဆီက ရမယ့် အမွေအနှစ်တွေအားလုံး ဆုံးရှုံးခဲ့တယ်တဲ့၊ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာမကြီး"

"ယူ့အသက်က အခု ဘယ်လောက်ရှိပြီတုံး"

"ကျွန်မအသက် လေးဆယ့်ငါးနှစ်ပါ ဆရာမကြီး"

"ဟုတ်ပြီ၊ ယူ မှတ်ထားပါ၊ အသက်လေးဆယ့်ခုနစ်နှစ် ရောက်ရင် ယူ ဆုံးရှုံးခဲ့တာရဲ့ ဆယ်ဆမက ပြန်ရလိမ့်မယ်"

"ဟာ…ဝမ်းသာလိုက်တာ ဆရာမကြီးရယ်"

ဂျူးမကြီးက အဲဒီမိန်းမကို ဟောနေရင်းကနေ ကျုပ်လက်ကို လှမ်းကြည့်တယ်ဗျ။ ခဏနေတော့ ဟောနေတဲ့ မိန်းမက ပြီးသွားပြီ။

"လူကလေး မင်းနာမည် ဘယ်လိုခေါ်တုံး"

ဂျူးမကြီးက ကျုပ်ကို မေးတာဗျ။ ပထမတော့ ကျုပ် နည်းနည်းကြောင်သွားတာပေါ့ဗျာ။

"တာတေပါ ဆရာမကြီး"

"ယူ တာတေ၊ လူကလေး မှတ်ထား၊ မင်းရဲ့ လက်ဖဝါးမှာ ကံလမ်းကြောင်းက စနေဂြိုဟ်ခုံတည့်တည့်ကို တက်နေပြီး ထိပ်ပိုင်းမှာ အခွတွေ လေးခုတောင် ခွထွက်သွားတယ်။ ပြီးတော့ မင်းရဲ့လက်ချောင်းတွေရဲ့ ထိပ်ပိုင်းမှာ တစ်ခုနဲ့ တစ်ခုကြားဟာ တော်တော်ကို

www.burmeseclassic.com

www.burmeseclassic.com




သိသိသာသာ ကားနေတယ်။ ဒီတော့ လူကလေး တာတေဟာ တစ်နေ့ကျရင် ဝိဇ္ဇာကြီးတွေနဲ့ တွေ့ရလိမ့်မယ်။ တွေ့ရုံတင်မကဘူး၊ ဆရာရင်း တပည့်ရင်းတွေတောင် ဖြစ်လိမ့်မယ်။ မင်း မှတ်ထား လူကလေး"

"ဝိဇ္ဇာဆိုတာ ဘာကိုပြောတာတုံး ဆရာမကြီးရဲ့"

"ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကိုပြောတာ လူကလေးရဲ့"

ဒီတုန်းက ဂျူးမကြီးပြောတာကို ကျုပ် သိပ်ပြီး နားမလည်ခဲ့ဘူးဗျ။ ဒါပေမဲ့ အသက်ကလေး ရလာတာနဲ့ ကျုပ်ဘဝမှာ မမျှော်လင့်တဲ့ အတွေ့အကြုံတွေကို တစ်ခုပြီး တစ်ခု ကြုံလာခဲ့တော့တာပါပဲဗျာ။

ဒီတော့မှ ဂျူးမကြီး ဟောခဲ့တာဟာ လွှတ်မှန်တယ်ဆိုတာကို ကျုပ် သိရတော့တာပေါ့ဗျာ။ ခင်ဗျားရဲ့ လက်တွေကိုလည်း သေသေချာချာ ကြည့်လိုက်ပါဦးဗျ။



တာတေ

www.burmeseclassic.com

www.burmeseclassic.com





# မင်းဒေဝ၏မှတ်တမ်းများ (၂)

## ပရလောကနှင့်ဆက်သွယ်ခြင်း

ကျွန်တော်သည် စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် (၃၈)တွင် ဆရာမင်းဒေဝနှင့် အတူကြာမြင့်စွာနေထိုင်ခဲ့ပါသည်။ ထိုစဉ်ကာလများအတွင်း ထူးခြားဆန်းပြားသော ကိစ္စများနှင့် ထဲဝင်ဝင် ကြုံတွေ့ခဲ့ရပါသည်။ ကျွန်တော်၏ ပထမဆုံးအတွေ့အကြုံ (မင်းဒေဝ၏မှတ်တမ်းများ-၁)ကို ဆရာတာတေစီစဉ်သည့် တစ္ဆေ မျက်လုံး စာအုပ်တွင် ထည့်သွင်းဖော်ပြပြီးဖြစ်ပါသည်။ ဆရာမင်းဒေဝ သည် လူစုံကြီးတစ်ဦးဖြစ်သည်။ ဆေး၊ ဗေဒင်၊ အဂ္ဂိရတ်၊ စုန်း၊

www.burmeseclassic.com

www.burmeseclassic.com



အရွေ၊ ကဝေကိစ္စရပ်များနှင့်ပတ်သက်၍ လူအများကသူ့ကို အားကိုးအားကြီး လာရောက်အကူအညီတောင်းခံကြသည်ကို ကျွန်တော့်ကိုယ်တွေ့ ကြုံခဲ့ရပါသည်။

နွေရာသီ၏ ပူပြင်းသောနေ့လည်ခင်းတစ်ခုတွင်ကျွန်တော်သည် စာမူတစ်ခုကို အဆုံးသတ်နိုင်ရေးအတွက် ကြိုးစားအားထုတ်လျက်ရှိသည်။ ဆရာမင်းဒေဝသည် သူ့ကုတင်ဘေးရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်လျက်ရှိသည်။ အကြောင်းမသိသူဆိုလျှင် သူ့အားလွန်စွာပျင်းရိတတ်သူတစ်ဦးအဖြစ် ရှုမြင်မိကြမည်ဖြစ်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံပေါ်လာသည်နှင့် ကျွန်တော်လည်းပျာပျာသလဲထဖွင့်ပေးလိုက်ပါသည်။ ခုလိုနွေရာသီတွင် လာသောဧည့်သည်မှာ ဆရာမင်းဒေဝထံ လာသောသူသာဖြစ်ပါလိမ့်မည်။ နွေရာသီတွင် ကျွန်တော်၏ မူလဘူတ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ကျူရှင်ပြသည့်အလုပ်မှာ ခမ်းခြောက်လှပါသည်။

တံခါးဝတွင် လူရွယ်တစ်ဦးနှင့် မိန်းမကြီးတစ်ဦး မတ်တပ်ရပ်နေကြသည်။ ကြည့်လိုက်ရုံနှင့်ပင် ငွေကြေးချမ်းသာသော သားအမိမှန်း သိသာပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ယောက်နှင့်တစ်ယောက် ရုပ်ချင်းလွန်စွာတူကြပြီး အဖိုးတန်လက်ဝတ် ရတနာများ တောက်ပထည်ဝါသောအဝတ်အစားများကိုလည်း ဝတ်ဆင်ထားသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာကြပါခင်ဗျာ၊ အခန်းထဲဝင်ကြပါ"

ကျွန်တော်သည် ၄င်းတို့ကို ညွှန်ဝတ်ပျူငှာစွာ ဖိတ်ခေါ်လိုက်ပါသည်။

"ဆရာမင်းဒေဝနဲ့တွေ့ချင်လို့ပါကွယ်"

မအေဖြစ်သူက စကားဆိုသည်။ သားဖြစ်သူလူရွယ်မှာမူ ငြိုးငယ်သောမျက်နှာထားနှင့် ထိုင်ခုံတွင်ဝင်ထိုင်သည်။ ဆရာမင်းဒေဝသည် ထိုင်နေရာမှ ကိုယ်ကိုရှေ့သို့မတ်လိုက်ပြီး မေးလာသည်။

"မင်းဒေဝဆိုတာ ကျုပ်ပါပဲ၊ ဘာကိစ္စများရှိလို့ပါလဲ"

မိန်းမကြီးသည် ကိုယ်ကိုအနည်းငယ်ယို့လိုက်ပြီး ဆရာမင်းဒေဝအား လှမ်းကြည့်ကာ

"ကိစ္စကတော့ ပြောရမယ်ဆိုရင် တော်တော်ရှည်လိမ့်မယ် ဆရာရဲ့"

ဟုပြောလာရာ၊ ဆရာမင်းဒေဝက

"ကိစ္စမရှိပါဘူးဗျာ ကျုပ်တို့က တော်တော့်ကို အားနေကြတဲ့ အချိန်ပါပဲ၊ ဘယ်လောက်ရှည်ရှည်ပြောနိုင်ပါတယ်ဗျာ"

ဟုပြန်ပြောလိုက်လေသည်။

"ဒီလိုပါဆရာ ဟောဒီက ကျွန်မသားလေးဟာ ဖတဆိုးလေးတစ်ယောက်ပါ၊ သူ့အဖေဆုံးတော့ သူကလူမမယ်အရွယ်လေးပဲရှိသေးတယ်။ အဲဒီအချိန်ကျွန်မက အရွယ်ကလည်းကောင်းတုန်း ပိုက်ဆံကလည်းချမ်းသာဆိုတော့ ကလေးအမေဆိုပေမယ့် လက်ထပ်ချင်သူ၊ ပိုးပန်းသူတွေ ဒုနဲ့ဒေးပေါ့ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းဒေဝသည် မျက်ခုံးများပင့်လိုက်ပြီး

"အဲဒီတော့ အစ်မကြီးက....."

ဟု စကားကိုထောက်ပေးလိုက်သည်။

"ဒါပေမယ့်ဆရာရယ် ကျွန်မသားလေးကို ပထွေးနဲ့မထားချင်လို့ ကျွန်မနောက်အိမ်ထောင်မပြုခဲ့ပါဘူး၊ သူ့ကိုအဲဒီလောက်ထိ ကျွန်မချစ်ခဲ့တာ"

"ဟုတ်ပါပြီ အစ်မကြီးရယ်၊ ဒါနဲ့ ကျွန်တော်က ဘာများ အကူအညီပေးရမှာပါလိမ့်ဗျာ"

"ဟုတ်ကဲ့ပါဆရာ ပြောပါ့မယ်၊ ဒီလိုနဲ့ သားလေးအရွယ် ရောက်လာတော့ လူငယ်တို့သဘာဝ ရည်းစားသနာထားချင်လာတာ ပေါ့ ဆရာရယ်၊ ကျွန်မချစ်တဲ့သားလေးကို အခြားမိန်းမတစ်ယောက် နဲ့ခွဲဝေချစ်ရမယ့် ကိစ္စဟာကျွန်မရင်ကိုခွဲပြီး ငရုတ်မီးနဲ့ပက်သလိုခံစား ရပါတယ် ဆရာရယ်"

ကျွန်တော်သည် 'ရှည်ချင်သလောက်ရှည်၊ ပြောပါ' ဟုခွင့် ပေးလိုက်သော ဆရာမင်းဒေဝကို အနည်းငယ်ဒေါသဖြစ်လာမိသည်။ ဒီမိန်းမကြီး လိုရင်းရောက်ပါဦးတော့မည်လောဟု သံသယဖြစ်မိလာ သည်။

"ဒါကတော့ ၁၅၀၀နဲ့ ၅၂၈ပဲဗျာ၊ တူတာမှမဟုတ်တာ"

ဆရာမင်းဒေဝကတော့ ကောင်းကောင်းကြီးကို စကားလိုက် ထောက်ပေးနေသည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မလည်းအဲဒီလိုပဲနှလုံးသွင်းပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူကို ကျွန်မချွေးမလောင်းအဖြစ် လက်ခံခဲ့တာပေါ့ဆရာရယ်"

"ကောင်းပါ့ဗျာ"

"သားသားချစ်သူ စာခြည်လေးကို ကျွန်မသမီးအရင်းလေးလိုချစ်ခင်ခဲ့ပါတယ်ဆရာ...၊ ဟင့်..ဟင့်...ဒါပေမယ့် ကလေးမလေးခင်ဗျာ ကံဆိုးရှာပါတယ်ဆရာရယ်..အဟင့်..အဟင့်"

မိန်းမကြီးမှာဆို့တက်လာသော ဝမ်းနည်းမှုကို မခံစားနိုင်တော့သဖြင့် တဟင့်ဟင့်ရှိုက်ငိုနေလေတော့သည်။

ကျွန်တော်လည်း အံ့အားသင့်သွားမိသည်။ သူပြောနေသော ကြည်နူးစရာဇာတ်လမ်းလေးမှာ ရုတ်တရက် ကြေကွဲစရာဇာတ်လမ်းတစ်ပုဒ် ဖြစ်လာလေပြီ။ ဆရာမင်းဒေဝက မေးလိုက်သည်။

"ဘယ်လိုကံဆိုးတာလည်းဆိုတာ ပြောပါဦးဗျာ"

"လွန်ခဲ့တဲ့လက ကျွန်မတို့ အမျိုးတွေရှိတဲ့ ရှမ်းပြည်ဘက်ကို အလည်သွားခဲ့ကြတယ်၊ ကောင်မလေးကိုလည်း မကြာခင်လက်ထပ်တော့မဲ့ ချွေးမလောင်းအဖြစ် ရှမ်းပြည်ကိုခေါ်သွားခဲ့တယ်၊ အပြန်ကျတော့ ချောက်ကမ်းပါးအကွေ့တစ်ခုမှာ ကားတိမ်းမှောက်ခဲ့တယ် ကျွန်မနဲ့သားသားက ကားထဲက ထွက်ကျပြီးကျန်ခဲ့ပေမယ့် ကောင်မလေးက ကားနဲ့အတူချောက်ထဲပါသွားခဲ့ရှာတယ်ဆရာရယ် ဟင့်ဟင့်"

မိန်းမကြီးသည် ပြောရင်းနှင့်စိတ်ကိုမထိန်းနိုင်တော့ပဲ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ သူ၏သားဖြစ်သူ လူငယ်လေးမှာလည်း တစ်ချိန်လုံးစိတ်ထိန်းရာမှ မထိန်းချုပ်နိုင်ရှာတော့ဘဲ မျက်

www.burmeseclassic.com

www.burmeseclassic.com



ညည်များတသွင်သွင် ကျလာလေတော့သည်။

ကျွန်တော်နှင့် ဆရာမင်းဒေဝတို့နှစ်ဦးလည်း ဘာဝင်ပြောလို့ ပြောရမှန်းပင် မသိတော့ပဲဖြစ်နေရတော့သည်။

"အင်း..ကြားရတာစိတ်မကောင်းစရာပါပဲဗျာ.. ဒါပေမယ့် လောကကြီးမှာ ကံတရားရဲ့စီမံခန့်ခွဲမှုကို ဘယ်သူမှရှောင်တိမ်းလို့ ရနိုင်ကြပါဘူး အစ်မကြီးရယ်၊ တရားနဲ့သာဖြေပါဗျာ"

"ဟုတ်ပါတယ်ဆရာရယ် ကျွန်မတို့လည်းဒီလိုပဲသဘော ထားပါတယ်။ ဒါပေမယ့်ထူးခြားတာက ကျွန်မရောသားလေးပါ စာခြည်လေးကို အိမ်မက်မက်ကြတာ ညတိုင်းလိုလိုပဲဆရာရဲ့ ပထမ တော့စိတ်စွဲလို့ မက်ကြတယ်ပဲထင်နေကြတာ နောက်တော့သားအမိ နှစ်ယောက် သူ့အိမ်မက်ကိုယ့်အိမ်မက် ပြန်ပြောဖြစ်ကြတော့မှ မက် တာခြင်းသွားတူနေတာ သိကြရတယ်"

"ဘယ်လိုအိမ်မက်မက်ကြတာမို့လို့လည်းဗျ"

"လူကိုတော့ မမြင်မက်ကြဘူးဆရာ၊ သူပြုတ်ကျသွားတဲ့ ချောက်ထဲကနေ သူ့ကိုဆွဲတင်ပေးဖို့ အော်ဟစ်အကူအညီတောင်းတဲ့ အသံကို အိမ်မက်ထဲမှာကြားရတာပါ၊ ညတိုင်းလိုလို သားအမိနှစ် ယောက်လုံး အဲဒီချောက်ကမ်းပါးနဲ့ စာခြည်လေး အော်ဟစ်ပြီး အကူအညီတောင်းသံကို မြင်မက်နေကြတာ ကြာပါပြီဆရာ"

"ဒီလိုဆိုရင်တော့ အစ်မကြီးတို့ ကျွန်တော့်ဆီလာရမှာ မ ဟုတ်ဘူးဗျ။ သီလသမာဓိနဲ့ပြည့်စုံတဲ့ ဆရာတော်တပါးပါးဆီသွားပြီး ကလေးမလေးအတွက် ကောင်းမှုကုသိုလ်လုပ်၊ အမျှအတမ်းဝေပေး

www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်''

''ဆရာပြောသလိုစီစဉ်ပြီးပါပြီ..၊ ဒါပေမယ့် သားလေးက သူ့ချစ်သူသာ မကျွတ်မလွတ်သေးဘူးဆိုရင် တစ်ခေါက်လောက်တွေ့ ဆုံစကားပြောချင်သေးတယ်လို့၊ ကျွန်မကို မရမကပူစာနေရှာတယ် ဆရာရယ်''

''ဟုတ်ပါတယ်ဆရာရယ်၊ ဇာခြည်နဲ့ကျွန်တော် တစ်ခါလေး လောက် တွေ့ဆုံစကားပြောခွင့်ရရင် ကျေနပ်ပါပြီဗျာ''

တစ်ချိန်လုံးနှုတ်ဆိတ်နေသော လူငယ်လေးမှာ ဝမ်းနည်းကြေ ကွဲမှုအပြည့်ဖြင့်ဝင်ပြောလာသည်။ လူငယ်လေး၏ နုနယ်သောမျက် နှာတွင် ချစ်သူနှင့်ကွေကွင်းရခြင်းတည်းဟူသော လောကဓံတရား၏ ရိုက်ပုတ်နှိပ်စက်မှုကြောင့် ဖြစ်ပေါ်နေသောသောကတရားကို အထင်း သားတွေ့မြင်ရသည်။

''ခက်တာပဲကွ သေသူနဲ့ဆက်သွယ်ပြောဖို့ဆိုတာ လွယ်တဲ့ ကိစ္စမဟုတ်ဘူး၊ မလုပ်ချင်ပါနဲ့ကွယ်''

''ဒီမှာဆရာ ငွေဘယ်လောက်ကုန်ကုန် ကျွန်မသားလေးဆန္ဒ ပြည့်ဝစေမယ့်နည်းလမ်းရှိရင် ဆောင်ရွက်ပေးစေလိုပါတယ်ရှင်၊ ကျွန်မ မိတ်ဆွေများက ဆရာတတ်စွမ်းကူညီနိုင်မယ်လို့ပြောကြပါ တယ်''

''ကျုပ်မတတ်နိုင်ဘူးလို့တော့ မပြောပါဘူး၊ ကျုပ်ကတော့ ခေါ်တွေ့လို့ရတာပေါ့လေ၊ ခုတွေ့ချင်တာက ခင်ဗျားသား၊ နောက် ပြီးတပါးသူကို ပူးကပ်ခိုင်းပြန်ရင်လည်း ဇာခြည်ကိုတွေ့မြင်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ၊ ကြားခံရုပ်ကိုသာ တွေ့မြင်ရမှာပေါ့”

ဆရာမင်းဒေဝ၏ စကားကြောင့် သားအမိနှစ်ယောက်လုံး တွေသွားကြသည်။ ကျွန်တော်ပင် ဘေးမှနေ၍ စိတ်မကောင်းဖြစ် ပါတော့သည်။

“တစ်ခုတော့ရှိတယ်.....”

ဆရာမင်းဒေဝ၏ အစချီလိုက်သောစကားကြောင့် သားအမိ ယောက်အားတက်သွားကြသည်။

“ပြောပါဆရာ..ပြောပါ”

“အရှေ့တိုင်းနည်းတော့မဟုတ်ဘူး။ အနောက်နိုင်ငံတွေမှာ ကြတဲ့ နည်းလေးတစ်ခုရှိတယ်၊ အဲဒီနည်းလေးကို ပေးလိုက်မယ်၊ လိုက်တဲ့နည်းအတိုင်း စနစ်တကျလုပ်ဆောင်ရင်တော့ မောင်ရင့် သူနဲ့တွေ့ဆုံခွင့်ရပါလိမ့်မယ်၊ တစ်ခုတော့ကတိပေးနိုင်ရလိမ့်မယ်”

“ပြောပါဆရာ..”

လူငယ်လေး၏ မျက်လုံးများမှာ စိတ်အားထက်သန်မှုအပြည့် အရောင်တလက်လက်တောက်ပနေသည်။

“မောင်ရင့်ချစ်သူကို တစ်ကြိမ်တစ်ခါပဲ ခေါ်ယူဆက်သွယ် မယ်လို့ ကတိပေးနိုင်ရင်တော့ ကျုပ်ပြောတဲ့နည်းကို မောင်ရင့်ကို လိုက်ပါ့မယ်၊ တစ်ကြိမ်တွေ့ဆုံပြီးတာနဲ့ သူ့ကိုကောင်းကောင်း အမျှအတမ်းဝေပေးရမယ်၊ ဘယ်လိုလဲ..”

“ဟုတ်ကဲ့ပါဆရာရယ် လိုက်နာပါ့မယ်”

သားအမိနှစ်ဦးမှာ ပျာပျာသလဲ ကတိပေးကြရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗို့ဆရာကျောင်း"

ဆရာမင်းဒေဝက ကျွန်တော့်ကိုလှမ်းခေါ်သည်။

"ဗျာ.."

"သူတို့ကို စာရွက်နဲ့ဘောပင်ပေးလိုက်ပါဗျာ"

ကျွန်တော်လည်း စာရွက်အချို့နှင့် ဘောပင်ကိုယူပြီး လူငယ်လေးထံလှမ်းပေးလိုက်သည်။ လူငယ်လည်း ဆရာမင်းဒေဝပြောသော 'ပရလောကနှင့်ဆက်သွယ်နည်း' လုပ်ငန်းစဉ်များကို ဂရုတစိုက်ဖြင့်လိုက်ကူးလေတော့သည်။

ဆရာမင်းဒေဝသည် လုပ်ဆောင်ရမည့် အချက်အလက်တို့ကိုအသေးစိတ်ပြောကြားပေးလေသည်။

"ကဲ... အခုပြောလိုက်တဲ့နည်းလမ်းအတိုင်းဆောင်ရွက်ပေတော့မောင်ရင်ရေ"

"ကျေးဇူးကြီးလှပါတယ်ဆရာရယ် ဆရာပြောလိုက်တဲ့ ညွှန်ကြားချက်တွေအတိုင်း တိတိကျကျလုပ်ဆောင်ပါ့မယ်၊ ဒါနဲ့ဆရာပညာပူဇော်ငွေလေးလက်ခံပေးပါ"

မိခင်ဖြစ်သူမှာ လက်ကိုင်ပိုက်ဆံအိတ်ထဲမှ ငွေတစ်ထပ်ကိုထုတ်ပေးသည်။

ဆရာမင်းဒေဝမှာ လက်ကိုအသာကာပြလိုက်ပြီး

"နေပါဦးလေ ကျုပ်ပြောတဲ့အတိုင်းလုပ်ဆောင်လို့ ဇာခြည်နဲ့ တွေ့ခွင့်ရတယ်ဆိုမှ ငွေကိုကျုပ်လက်ခံပါ့မယ်"

မအေကြီးက အတင်းပေးသော်လည်း ဆရာမင်းဒေဝမှာ

www.burmeseclassic.com

www.burmeseclassic.com



ပုံးလက်မခံပါ။ နောက်ဆုံး သားအမိနှစ်ယောက် ကပြန်သွားတော့သည်။ ကျွန်တော်သည် ပါးရှားသော နွေရာသီကာလဖြစ်နေသည့်အတွက် မအေကြီးလက်ထဲပြန်ပါသွားသော ငွေတစ်ထပ်ကြီးကိုနှမြောနေမိပါသည်။

"ဗိုလ်ဆရာကျောင်း ငွေတွေကိုလွှမ်းမနေပါနဲ့ဗျ၊ သူတို့အောင်မြင်လို့ ပြန်ရောက်လာရင် ဒါ့ထက်ပိုပြီးတောင် သဒ္ဒါပေါက်နေကြဦးမှာပါဗျာ"

ဆရာမင်းဒေဝသည် ကျွန်တော့်အတွင်းစိတ်ကို တပ်အပ်သိနေပုံဖြင့်ပြောလာသည်။

"ပြန်လာဖို့ဆိုတာ ဟိုကောင်လေးက ပရလောကဘက်က သူချစ်သူကို ခေါ်ယူတွေ့ဆုံလို့ရမှလေဗျာ"

"မပူပါနဲ့ သေချာပေါက်ဆက်သွယ်မိမှာပါဗျာ၊ ကျုပ်ပေးလိုက်တဲ့နည်းက ဘယ်သူမဆို စနစ်တကျဆောင်ရွက်ရင် ကျိန်းသေပေါက် အောင်မြင်မယ့်နည်းဗျ၊ အနောက်တိုင်းမှာနာမည်ကြီးနေတဲ့ အကြားအမြင်ဆရာတွေ အသုံးများတဲ့နည်းတစ်နည်းပေါ့ဗျာ"

တကယ်လည်း ဟုတ်ပါပေသည်။ နောက်တစ်ပတ်အကြာတွင် ထိုသားအမိပြန်ရောက်လာကြပြီး ဆရာမင်းဒေဝအား ငွေများသာကန်တော့ပါတော့သည်။ လုပ်ငန်းစဉ်အောင်မြင်ပြီး ဇာခြည်နှင့်တွေ့ဆုံခွင့်ရလိုက်ကြောင်း လူငယ်လေးကပြောလာရာ ကျွန်တော်တို့မှာ ဝမ်းသာဝမ်းနည်းဖြစ်ကြရသေးသည်။

ကျွန်တော်လည်း ထိုအခါမှပင် ဆရာမင်းဒေဝထံမှ ထိုနည်း

www.burmeseclassic.com

www.burmeseclassic.com



ပညာအပြည့်အစုံကိုပြန်တောင်းခံရတော့သည်။ သို့မှသာ ကျွန်တော် ပင်တိုင်ရေးသားနေကျ တစ္ဆေမျက်လုံးမဂ္ဂဇင်းတွင် ပရိတ်သတ်ကြီး အတွက် လက်ဆောင်ကမ်းဖော်ပြနိုင်မည်ဖြစ်သည်။ ဆရာမင်းဒေ ကလည်း ဖော်ပြရန်သဘောတူပြီး အလွယ်တကူပေးပါသည်။ ထို့ ကြောင့် ပရလောကသားတို့နှင့်ဆက်သွယ်သည့်နည်းပညာကို ယခုလို ဖော်ပြလိုက်ရပါတော့သည်။

## ပရလောကသားတို့နှင့်ဆက်သွယ်ရန်ဆောင်ရွက်နည်း

၁။ မှန်ကြီးကြီးတစ်ချပ်လိုအပ်ပါသည်။ ထိုမှန်ကို မိမိရှေ့တွင်ထောင် ထားရပါမည်။ ပရလောကနှင့်ဆက်သွယ်တော့မည်ဆိုလျှင် အရေး အကြီးဆုံးအချက်မှာ စိတ်ကြည်လင်မှုရှိရေးပင်ဖြစ်ပါသည်။ ဆက် သွယ်မှုပြုလုပ်မည့်သူသည် အသားငါး၊ နို့ထွက်ပစ္စည်းများကို ရှောင်ကျဉ်ပြီး သတ်သတ်လွတ်စားရန်လိုအပ်ပါသည်။ မဆောင်ရွက် မီ သုံးရက်ခန့်ကြိုစားရမည်။

၂။ ဆက်သွယ်ဆောင်ရွက်မည့်နေရာမှာ တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်ဖြစ်ရမည်။ ဆက်သွယ်မည့်သူသည် နာရီ၊ ရွှေငွေလက်ဝတ် လက်စားရတနာများချွတ်ထားရပါမည်။ အနီးအနားတွင် အသံမြည်စေ

www.burmeseclassic.com



နိုင်သည့်သတ္တုပစ္စည်းများ၊ စားပွဲတင်နာရီ၊ တယ်လီဖုန်း အစရှိသည့် တို့ကိုဖယ်ရှားထားရပါမည်။

၃။ ဆက်သွယ်ဆောင်ရွက်ချိန်တွင် ဆောင်ရွက်သူ၏ စိတ်ထဲတွင်အနှောက်အယှက်ဖြစ်စရာများရှိနေသည်ဆိုလျှင် သီချင်းအေးအေးကလေးများ၊ တီးလုံးအေးအေးလေးများ နားဆင်ပေးခြင်းဖြင့် စိတ်အေးချမ်းငြိမ်သက်မှုကိုတည်ဆောက်ပါ။

၄။ သေဆုံးသူ၊ ပရလောကသား၏ ဓာတ်ပုံ၊ အမှတ်တရပစ္စည်း၊ ၎င်းမြတ်နိုးသည့် အသုံးအဆောင်တစ်ခုခုကိုရှာဖွေထားပါ။ ထိုပစ္စည်းကို ဆက်သွယ်သူ၏လက်ထဲတွင် ကိုင်ထားပါ။ သို့မှသာ သေဆုံးသူနှင့်ပါတ်သက်၍ အမှတ်တရခံစားချက်များပေါ်ပေါက်လာမည်ဖြစ်သည်။

၅။ ဖယောင်းတိုင်တစ်တိုင်ကို ဆက်သွယ်သူ၏နောက်ကျောဘက်တွင် ထွန်းညှိထားပါ။ စတင်ဆောင်ရွက်ရမည့်အချိန်သည် ဆည်းဆာနေဝင်ချိန်ဖြစ်သည်။

၆။ လိုအပ်ချက်များအားလုံးပြည့်စုံ၍ အဆင်သင့်ဖြစ်ပြီဆိုလျှင် ပရလောကနှင့်စတင်ဆက်သွယ်ဆောင်ရွက်ရတော့မည်ဖြစ်သည်။ ဆက်သွယ်သူသည် အခြားမည်သည့်အရာကိုမှ မကြည့်ဘဲ၊ အာရုံမရောက်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှေ့တွင်ထောင်ထားသည့်မှန်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေရမည်
ဖြစ်သည်။ ပထမဆုံးအနေဖြင့် လက်ထိပ်ကလေးများတွင် စပ်ဖျဉ်း
ဖျဉ်းခံစားချက်စတင်ဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့ခံစားလာရပြီဆိုလျှင်
ဆက်သွယ်မှုရရှိ⋯⋯မည့်ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။

၇။ နောက်တဆင့်အနေဖြင့် ဆက်သွယ်သူ၏ရှေ့တွင်ထောင်ထားသော
မှန်ချပ်တွင် တိမ်ခိုးမြူခိုးများဖုံးလွှမ်းလာသည်ကိုတွေ့မြင်ရလိမ့်မည်။
ဆက်၍စူးစိုက်ကြည့်နေပါက မှန်ချပ်တစ်ခုလုံးမည်းနက်သွားသည်
ကိုဆက်လက်မြင်တွေ့ရလိမ့်မည်။ ထိုသို့ဆိုလျှင် ဆက်သွယ်နေသူ
သည် ပရလောကနှင့်ဆက်သွယ်မှုရရှိပြီဖြစ်သည်။ ထိုအချိန်တွင်
မည်သည့်အသံ၊ အနှောက်အယှက်မျိုးမှ မဖြစ်ပေါ်ရန်အထူးဂရုပြုပါ။

မည်းနက်နေသောမှန်ချပ်ပေါ်တွင် သင်တွေ့ဆုံလိုသူ၏ပုံရိပ်
ပေါ်ပေါက်လာလိမ့်မည်။ **အပြင်လောကမှာကဲ့သို့ပင်** စကားအပြန်အ
လှန်ပြောဆို**ဆက်သွယ်နိုင်ပါသည်။** ဆက်သွယ်နိုင်သည့်**ကြာမြင့်ချိန်**
မှာ (၁)**မိနစ်မှ(၁၀)မိနစ်**အတွင်းဖြစ်ပါသည်။

**ဖော်ပြပါနည်း**သည် မည်သူမဆိုစမ်းသပ်ဆောင်**ရွက်နိုင်**သော
နည်းဖြစ်ပါသည်။ အထူးမှတ်သားရန်မှာ တစ်ခါ**တရံတွင်** မိမိ⋯
ယူသော ပရလောကသားမဟုတ်ဘဲ အခြားပရလောကသားများ
ရောက်လာပြီး နှောက်ယှက်ချောက်လှန့်တတ်ခြင်းပင် ဖြစ်ပါသည်။

လေးစားစွာဖြင့်
**မင်းဒေ**⋯

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြား
တစ္ဆေဖြစ်ရပ်မှန်



# ကစားလို့ရမလား

လီလီနဲ့ ဂျွန်နသန်ဟာ သုံးနှစ်အရွယ်သာရှိသေးတဲ့ သား
သူ တက်ဒ်ကို ကားနောက်ခန်းမှာတင်ပြီး မြို့ထဲကနေ သူတို့အိမ်
ကို ကားမောင်းပြန်ခဲ့ပါတယ်။ ညဘက်ကြီးလမ်းရှင်းနေပေမယ့် မီး
င့်က မီးနီပြသောကြောင့် ကားကိုခဏရပ်လိုက်ပါတယ်။ တက်ဒ်
ကားရှေ့ခန်းက ဖခင်ဖြစ်သူနဲ့ မိခင်ဖြစ်သူကို ခေါင်းလေးပြူ
ကြည့်ရင်း 'မေမေ သား သူတို့နဲ့ကစားလို့ရမလား၊ သူတို့သားကို
စားဖို့ လှမ်းခေါ်နေကြတယ်' ဟုပြောပြီး လက်ညှိုးထိုးပြလိုက်
ယ်။ တက်ဒ်လက်ညှိုးထိုးပြရာနေရာကို လှမ်းကြည့်လိုက်တဲ့အခါ
တော့ လီလီနဲ့ဂျွန်နသန်ဟာ ကြက်သီးမွေးညင်းထသွားပါတော့တယ်။
က်ဒ်ပြတဲ့နေရာက အုတ်ဂူဖွေးဖွေးနဲ့ သင်္ချိုင်းတစ်ခု ဖြစ်နေလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com





ဂျိုဝါရွာကလေး၏မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် မြစ်ပြင်ကျယ်ကို အရှေ့မှအနောက် ဆန့်ချည်စန့်ချည် စီးဆင်းနေသည်ကို တွေ့ရမည်ဖြစ်၏။ မြောက်ဘက်တွင် မျက်စိတဆုံး ကျယ်ပြန့်သော လယ်ကွင်းပြင်ရှိသည်။ လယ်ကွင်းပြင်နှင့် မြစ်ပြင်၏ အထက်ဆီတွင် အဖြူရောင်ဖျိုင်းများ၊ ရေဘဲများ၊ ရေကြက်များနှင့်

www.burmeseclassic.com

www.burmeseclassic.com





# မွှင်းဝိုင်သရဲကြီးနှင့် မောင်ဉာဏ်ရွှင်

မင်းဘုန်းသိခ်သူ

ဆောင်စုံငှက်များသည် ဘာသာဘာဝ ကျက်စားပျံသန်းနေသည်ကို ကြည်နူးဖွယ် တွေ့နေရတတ်သည်။

ဂျိုဝါရွာ၏ အရှေ့မြောက်ဘက်စွန်းတွင် တလရပ်ရှိသည်။ လှမ်းမျှော်ကြည့်လိုက်လျှင် မှုန်ဝါးဝါးသာ မြင်ရမည်။ မိုးတဲကလေးများ၊ သွပ်မိုးပျဉ်ထောင်အိမ်များကို ကျိုးတိုးကျဲတဲ မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုဝါရွာ၏ အရှေ့ဘက်လယ်ကွင်းပြင်တွင် ထီးထီးကြီး ပေါက်နေသော လက်ခုပ်ပင်ကြီးသည် အရွက်စိမ်းစိမ်းစိုစိုဖြင့် အေးမြသောအရိပ်ဖြင့် နားခိုချင်စရာဟု ထင်စရာရှိသည်။ သို့သော် ထိုထင်မြင်ချက်သည် နောင်အခါ မှားယွင်းနေကြောင်း သိရမည်ဖြစ်သည်။

လယ်ကွင်းပြင်၏အစပ်တွင် ထီးထီးကြီးပေါက်နေသော လက်ခုပ်ပင်ကြီးတွင် ကွင်းပိုင်ကြီးထိပ်နီရှိသည်ဟု လူပြောသူပြော ပြောဖူးသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့် ရိုးသားသည့် တောင်သူတောင်သားများသည် ကွင်းပိုင်သောင်ပိုင်ဆိုလျှင် ကြောက်ရွံ့ကြသည်။ ရိုသေကြသည်။ ရိုးရာဓလေ့အတိုင်း ဖွယ်ဖွယ်ရာရာဖြင့် ပူဇော်ပသလေ့ ရှိကြသည်။

တကယ်တော့ ကွင်းပိုင်ကြီးထိပ်နီသည် မကျွတ်မလွတ်ဖြစ်နေသည့် တစ်ချိန်ကဆိုးတေသည့် လူမိုက်ကြီးဖိုးနီသာ ဖြစ်သည်။ ဖိုးနီသည် လူ့ဘဝကပင် ရတနာသုံးပါးကို မရိုသေသည်သာမက မိဘကိုပင် မိုက်မိုက်ရိုင်းရိုင်း ပြောဆိုဆက်ဆံခဲ့သည့် တစ်နယ်လုံးက အော့ကြောလန်သည့် လူမိုက်တစ်ယောက်သာဖြစ်သည်။ သေတော့လည်း မူးမူးရူးရူးဖြင့် လေ့လော်ရာမှ လေ့မှောက်ကာ ရေနစ်သေရခြင်းပင်။ မကျွတ်မလွတ်ဘဝဖြင့် ရေနစ်သေဆုံးခဲ့ရသည့် ချောင်းစွယ်နှင့် မနီးမဝေး လယ်ကွင်းစပ်ရှိ လက်ခုပ်ပင်တွင်နေရင်း လာသမျှလူကို ခြောက်လှန့်ခြင်းဖြင့် နာမည်ကျော်ကာ ကွင်းပိုင်ထိပ်နီ ဖြစ်လာသည်။

လူတို့ကို ဒုက္ခပေးတတ်သော သင်းကွဲပြိတ္တာ၊ တစ္ဆေတို့သည် အပါယ်ဘုံသားများသာ ဖြစ်ကြသည်။ ယင်းတို့ကို ပါဠိဘာသာအား

www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝ၊ ဝိနာဘာဝသတ္တဝါ(အထူးထူးသောဘာဝ၊ များပြားခြား နားသောဘာဝကို ဖန်ဆင်းပြနိုင်သူများ)ဟူ၍ ခေါ်ပေသည်။

ယင်းနာနာဘာဝ ဝိနာဘာဝတို့သည် ကြီးအောင်၊ ငယ်အောင်၊ မဲအောင်၊ ဖြူအောင် ထင်မြင်စေနိုင်မှု၊ ကွယ်ပျောက်အောင်၊ ထင်မြင်အောင်ပြုပြင်နိုင်မှု၊ ခွေးအသွင်၊ နွားအသွင် အယောင်ဆောင်နိုင်မှု၊ ထန်းပင်သဏ္ဍာန်၊ အိမ်သဏ္ဍာန် ထင်မြင်စေမှု၊ လူ့အသွင်ပြင် ဖန်ဆင်းနိုင်မှု စသည်တို့ကြောင့် နာနာဘာဝ (အထူးထူး အမျိုးမျိုး အဖြစ်ကို ပြတတ်သူ)ဟု ခေါ်ဆိုပေသည်။

ယခုလည်း လူ့ဘဝက မိုက်ရိုင်းဆိုးသွမ်းခဲ့သော ဖိုးနီသည် ရွာသူရွာသားများ၏ ထင်ယောင်ထင်မှား ပူဇော်ပသမှုကို အကြိုက် တွေ့ကာ ကွင်းစောင့်သရဲကြီးအသွင်ဖြင့် တဖြည်းဖြည်း ကျော်ကြား လာကာ အချောင်တုပ်နေခြင်းသာ ဖြစ်ပေသည်။

♦ ♦ ♦

အသက် (၁၈)နှစ်အရွယ် လူငယ်ကလေး ဉာဏ်ရွှင်ဟာ ဆီဝါရွာသားတစ်ယောက်ဖြစ်ပြီး ရောဂါသည် ဖခင်ကြီးနဲ့ မိခင်ကို ရှာဖွေကျွေးမွေး ပြုစုနေတဲ့ လူဆင်းရဲကလေးတစ်ယောက် ဖြစ်ပါ တယ်။ သူတို့မှာ လယ်ပိုင်ယာပိုင် မရှိတော့ ရွာထဲမှာ ကြုံသလို ကျပန်းအလုပ် လုပ်ရတာပါ။ ရွာနီးနားဝန်းကျင်က ထွက်သမျှ ဒိန်းနှံ၊ သားငါးတွေကို စုစည်းပြီး မြို့ကဈေးမှာ သွင်းရတဲ့အလုပ်ပေါ့။ နေ့စဉ်တော့ မြို့ပေါ် မတက်ရပါဘူး။ တစ်ပတ်ကို သုံးရက်၊ လေး ရက်လောက် မြို့တက်ရပါတယ်။ မြို့ကလေးနဲ့ ရွာဆိုတာကလည်း

www.burmeseclassic.com



ခြေလျှင်ခရီး (၁)နာရီကျော်ကျော်သွားရပြီး ရေလမ်းခရီးကို သမ္ပာန်တွေနဲ့သွားမယ်ဆိုရင်တော့ နာရီဝက်လောက် သွားရပါမယ်။

မောင်ညဏ်ရှင်မှာ မိဘကို ပြုစုကျွေးမွေးတဲ့ နေရာမှာ စံဝင်လောက်ပါတယ်။ စားဦးစားဖျားကို အမြဲကျွေးမွေးလေ့ရှိပြီး သူကိုယ်တိုင်ကတော့ မိဘကျန်မှ စားသောက်တတ်ပါတယ်။ ဘာသာတရားလည်း ကိုင်းရှိုင်းတယ်။ ရွာဦးကျောင်းမှာ ကိုရင်ဝတ်စဉ်ကာလက ပရိတ်ကြီးဆယ့်တစ်သုတ်ကို အလွတ်ရခဲ့တဲ့ လူငယ်ကလေးပါ။ တစ်ရွာလုံးကလည်း ချစ်ခင်လေးစားပြီး ငွေကြေးကိစ္စမှန်သမျှ စိတ်ချခြင်းခံရပါတယ်။

တစ်နေ့တော့ နံနက် (၄)နာရီထပြီး မြို့ဈေးကို သွားရမယ့်ကိစ္စ ပေါ်လာပါလေရော။ ရန်ကုန်က ပို့လိုက်တဲ့ သကြား၊ နို့ဆီ၊ ဆေးဝါးတွေကို သွားယူရမယ့်ကိစ္စ ပေါ်လာပါတယ်။ ဒါကြောင့် (၄)နာရီလောက်ထပြီး ခြေလျင်ခရီးနှင်ပါမှ မြို့ဈေးကို နံနက်ခင်းဈေးဖွင့်အမီရောက်မှာဆိုတော့ စောစောထ စောစောသွားမှ ဖြစ်မှာလေ။ အပြန်ကျတော့ ကုန်တွေကို သမ္ပာန်နဲ့ သယ်လာရမှာပါ။

ဒါနဲ့ စောစောထ မိဘကို ဝတ်ကြီးဝတ်ငယ် ပြုစုပြီး ရွာကနေ ထွက်လာတယ်။ ရွာလမ်းပေါ်မှာလည်း လူတစ်ယောက်၊ နှစ်ယောက်စပဲ တွေ့နေရတယ်။ လယ်ယာလုပ်ငန်း၊ ခြံလုပ်ငန်း၊ ရေလုပ်ငန်း လုပ်ကိုင်နေကြသူတွေပါ။ အလင်းရောင်တောင် တစ်မှုန်တစ်စမှ မမြင်ရသေးတဲ့အချိန်ဆိုတော့ လူလုံးမကွဲတဲ့အချိန်။

ဒီလိုနဲ့လျှောက်လာရင်း လယ်ကွင်းစပ်ကို ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ခါတိုင်း လူပြောသူပြောများလှတဲ့ လယ်ကွင်းစပ်က လက်ခုပ်ပင်ကြီးကို မဝံ့မရဲ လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ ကြက်သီးမွေးညင်းထသွားတယ်။ ပြီးတော့ သုသာန်နဲ့လည်းနီးတော့ အမှောင်မပြယ်သေးတဲ့ကာလမှာ လက်ခုပ်ပင်ကြီးဟာ ပိုမိုပြီး ကြောက်စရာအဆင်းနဲ့ ပြည့်စုံနေတယ် ဆိုပါတော့။ မောင်ဉာဏ်ရှင်ဟာ လယ်ကွင်းစပ်က လက်ခုပ်ပင်နား ရောက်လာလေလေ ပိုပြီးကြောက်လာလေပါ။ ဒါပေမဲ့ ကြောက်စိတ်ကို တတ်နိုင်သလောက် ထိန်းချုပ်လာတယ်ပဲ ဆိုပါတော့။

လက်ခုပ်ပင်အောက်ရောက်လာလေ ကြောက်စိတ်ကို ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ဘဲ အပင်ပေါ်ကို လှမ်းကြည့်မိလျက်သား ဖြစ်သွားတယ်။ ဒီအချိန်မှာ ပတ်ဝန်းကျင်ဟာ နံနက်စောစော လင်းအရုဏ်မရောက်မီကာလမို့ အေးမြနေပြီး လေကတသုန်သုန် တိုက်ခတ်လျက်ရှိတယ်။ သစ်ရွက်တွေ တဖြောဖြောမြည်သံ၊ ရတ်တရက် မြွေထွန်သံတွေကြောင့် ကြောက်စရာ ပတ်ဝန်းကျင်အဖြစ်ကို ပံ့ပိုးပေးလိုက်သကဲ့သို့ရှိတယ်။

သည်အချိန်မှာ လက်ခုပ်ပင်ကြီးပေါ်ကနေ ထူးခြားတဲ့ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရတော့ မောင်ဉာဏ်ရှင်ဟာ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းသွားသလို ခံစားလိုက်ရတယ်။

"ဘုရား၊ ဘုရား၊ လူတွေပြောနေကြသလို ကျေးပိုင်သရဲထင်တယ်"

လူကြီးလက်နှစ်ဖက်စာ သစ်ပင် ပင်စည်ကြီးပေါ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထိုးဆင်းလာတဲ့ အရာဝတ္ထုကြီးတစ်ခုကို တွေ့လိုက်ရခြင်း ဖြစ်တယ်။ ဦးခေါင်းကလွဲလို့ တစ်ကိုယ်လုံး အမွေးအမျှင်တွေ ထူပိန်းအောင်ပေါက်နေတဲ့ လူဝံလိုလို၊ မျောက်လိုလို သတ္တဝါကြီးဟာ ကွင်းပိုင်ထိပ်နီသရဲကြီးပဲ ဖြစ်ပါတယ်။

မောင်ဉာဏ်ရှင်ဟာ ရှေ့မတိုး နောက်မဆုတ်သာဘဲ နေရာမှာ ကြောင်အအရပ်ရင်း ကွင်းပိုင်ထိပ်နီကြီးကို အံ့သြတကြီး ငေးကြောင်ကြည့်နေမိတယ်လေ။

သည်လို မလှုပ်မယှက် ငေးကြောင်ကြည့်နေတာကိုပဲ ထိပ်နီသရဲကြီးက စိတ်ထဲမှာ တစ်မျိုးတစ်မည် ထင်နေပုံရသွားတယ်လေ။ ဘာပဲဖြစ်ဖြစ် သူ့ခြောက်လှန့်မောင်းထုတ်လိုက်ရင် အခြောက်ခံရသူဟာ ခြေထောက်နဲ့တင်ပါး တသားတည်းနေအောင် ပြေးကြတာပဲလေ။ ခုတော့ မောင်ဉာဏ်ရှင်ဟာ ရှေ့မတိုး နောက်မဆုတ်ဘဲ ကြောက်ရွံ့စိတ်နည်းနည်းနဲ့ပဲ အကဲခတ်သလို ကြည့်နေတော့ ထိပ်နီသရဲ စိတ်ထဲပိုလို့တောင် မရိုးမရွ ဖြစ်လာပါတယ်။

ဒါနဲ့ သူ့ရဲ့ ကမ္ဘာ့ဒွိတန်ခိုးကို အစွမ်းကုန်ထုတ်ပြီး ပိုကြောက်စရာကောင်းတဲ့ပုံစံနဲ့ ခြောက်လှန့်တော့တာပါပဲ။

သူဟာ တစ်ကိုယ်လုံးကို ဝါးတစ်ပြန်လောက်မြင့်အောင် လုပ်လိုက်ပါတယ်။ တင်းတောင်းလောက်ရှိတဲ့ သူ့ခေါင်းကြီးက ဆံပင်မွေးဆိုလို့ အုန်းသီးခြောက်ဆံပင်လို ကျိုးတိုးကျဲတဲ ဖြစ်နေပြီး ထိပ်ပြောင်ကြီး ဖြစ်နေတယ်။ အမှောင်လွှင့်ပြယ်လာကာစအချိန်မှာတောင် ဆံပင်မရှိတဲ့ ဦးခေါင်းပြောင်ပြောင်ကြီး၊ နီကြောင်ကြောင်ကြီး ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြုပြီး သရဲထိပ်နီ ကွင်းပိုင်ကြီးလို့ နာမည်ဆိုးကျော်ကြားခဲ့တော့ပါ။ ပြီးတော့ နာခေါင်းပေါက်ပါတယ်ဆိုရလောက်ပဲ။ နာတံရိုးဝင်နေပြီး မျက်ခုံးမွေး မရှိဘူး။ မောင်ဉာဏ်ရှင်ကို ပြူးပြီးကြည့်တဲ့အချိန်မှာ ကြောက်မယ်ဖွယ်ကောင်းလှတဲ့ မျက်လုံးကြီးက မျက်ဆန်ပျောက်နေတယ်။ ဘဲဥပြုတ်ကို အခွံခွာထားသလိုဖြစ်ပြီး မျက်လုံးနှစ်လုံးကလည်း ဘဲဥပြုတ်လောက်ပါပဲ။

မောင်ဉာဏ်ရှင်ကို စိုက်ကြည့်နေတယ်။

မောင်ဉာဏ်ရှင် ထွက်ပြေးလို့ မဖြစ်သေးဘူး။ ထွက်ပြေးလို့ပြန်ရောက်ရင် ဒီနေ့မနက် ကုန်တိုက်နဲ့ မှာထားတာတွေ လွှဲချော်ကုန်မှာ သေချာတယ်။ ပြီးတော့ ဆန်အိုးထဲမှာ ဆန်မရှိတော့ဘူး၊ ဆန်ဝယ်ရမယ်။ မိဘနှစ်ပါးအတွက် ဟင်းချက်စရာ ဝယ်ရမယ်။ ဒါနဲ့ အားတင်းပြီး ဒီနေရာက လွတ်မြောက်ဖို့ ကြောက်စိတ်ကို ခဏဘေးဖယ်၊ ဆက်လုပ်ရင် ကောင်းမလဲလို့ စဉ်းစားတယ်။ နာနာဘာဝဆိုတာကို ကိုယ်ထိလက်ရောက်တော့ မလုပ်နိုင်ပါဘူး။ အသွင်သဏ္ဍာန်နဲ့ခြောက်ရုံတင် ခြောက်လှန့်ကြမှာပါ။ ဒီအချိန်မှာ မောင်ဉာဏ်ရှင်အဖို့ သြစရာကောင်းနေတာက ဘုရားစာ ပရိတ်ပဌာန်းတွေ ရွတ်ဆိုဖို့ မေ့လျော့နေတာပါပဲ။

သရဲကြီးထိပ်နီဟာ မောင်ဉာဏ်ရှင် သွားရမယ့်ခရီးလမ်းကိုဆုမ သူ့ကိုယ်လုံးကြီးနဲ့ ခွရပ်ပြီး လမ်းပိတ်ထားတာ နှစ်လံကျော်လောက်ပဲ ဝေးကွာမယ့် အနေအထားပါ။

မောင်ဉာဏ်ရှင်ဟာ တဖြည်းဖြည်း လမ်းရောင်ပျို့ခါစ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ရှေ့မှာ မှန်ဝါးဝါး ရပ်တန့်ပြီး သူ့ကို ခြောက်လှန့်နေတဲ့ ထိပ်နီကို သတိအနေအထားနဲ့ စတင်ပြီး မေးမြန်းလိုက်ပါတယ်။

"ခင်ဗျား ဘယ်သူလဲ"

"ငါ ထိပ်နီ၊ ကွင်းပိုင်ကြီး ထိပ်နီ၊ မင်းကရော ဘယ်သူလဲ"

ဒီအချိန်မှာ မောင်ညဏ်ရှင်ဟာ အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာတယ်။ ထိပ်နီကို လှည့်ဖြားဖို့ ဒီနေရာက လွတ်အောင် ကြိုးစားဖို့ပဲ ဆိုပါတော့။

"ကျုပ် သံခဲပါ"

မောင်ညဏ်ရှင်ဟာ နာမည်လွှဲပြီး ပြောလိုက်ပါတယ်။ သံခဲ ဆိုတာ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ရေနစ်ပြီး သေသွားတဲ့ ဒေါ်ရွှေ ဘုံရဲ့သားကလေးပါ။ မောင်ညဏ်ရှင်နဲ့ သက်တူရွယ်တူ ဘုန်းကြီး ကျောင်းမှာ စာသင်ဖက်လို့ဆိုရမယ့် သူငယ်ချင်းပါ။ ရုပ်ရည်ကလည်း ခပ်ဆင်ဆင်ရယ်။

ထိပ်နီကြီးဟာ တစ်ချက် တွေဝေသွားတယ်။

"ဘယ်က သံခဲလဲ"

"လွန်ခဲ့တဲ့ တစ်ပတ်က မြစ်ထဲမှာ ရေနစ်သေသွားတဲ့ သံခဲ ပေါ့၊ ခင်ဗျား မသိဘူးလား"

ထိပ်နီကြီးဟာ ရောမမျက်လုံးကြီးနှစ်လုံးကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ဇဝေဇဝါ ဖြစ်နေပုံရသေးတာပဲ။ အူကြောင်ကြောင် ဖြစ်နေပုံလည်း ရပါတယ်။

"ဪ…ဒါကြောင့် မင်းက ငါ့ ဒီလောက်ခြောက်လှန့်ပြ

www.burmeseclassic.com



နေတာတောင် မကြောက်ဘဲ ဖြစ်နေတာကိုး။ ငါ ခြောက်လှန့်လိုက်တာနဲ့ မကြောက်ဘဲနေမယ့်သူ မရှိသေးဘူးကွ သံခဲရ၊ တော်ရုံတန်ရုံဆို သစ်ပြေးတာပဲ။ တချို့ဆို လန့်ဖျားတောင် ဖျားသေး"

ဒီအချိန်မှာ မောင်ညာဏ်ရှင်ဟာ ကြောက်ရွံ့ထိတ်လန့်မှုတွေ တဖြည်းဖြည်း လျော့ပါးစပြုလာပြီဆိုရမယ်။ ပြီးတော့ တစ်ခုခု တုန့်ပြန်ဖို့လည်း ညာဏ်နီညာဏ်နက်တွေ ဖော်ထုတ်စဉ်းစားနေလေရဲ့။ ဒါနဲ့ ခပ်တည်တည်ပဲ...

"ကျွန်တော်က တစ္ဆေပဲလေဗျာ၊ ဦးထိပ်နီကြီးရဲ့၊ ဘာဖြစ်လို့ ကြောက်ရမှာတုံး၊ ဇာတ်တူသားအချင်းချင်း ဒီလိုမလုပ်ပါနဲ့"

"ဟီး...ဟီး...ဟီး...ဆောရီးကွာ၊ ဆောရီး...ငါက မင်း လူမှတ်လို့ ခြောက်တာပါ၊ ဒါပေမဲ့ မင်းကို ကြည့်ရတာ သရဲပါးမဝ သေးဘူး၊ သရဲပုံစံ မဖြစ်သေးဘူးကွ"

မောင်ညာဏ်ရှင်သည် အနည်းငယ် စဉ်းစားဟန်ပြုလိုက်ပြီး..

"သေတာတောင် တစ်ပတ်ပြည့်ကာစပဲ ရှိသေးတယ်၊ ဘယ်လိုလုပ် သရဲပါးဝဦးမှာတုံးဗျ၊ ရေနစ်နစ်ခြင်း သေသွားတာလေ၊ သေလို့ သေမှန်းတောင် မသိပါဘူး ဦးထိပ်နီကြီးရာ၊ အိမ်ထဲဝင်ဖို့ ကြိုးစားမှ လူဝတုတ်ကြီးတစ်ယောက်က အိမ်ထဲမဝင်နဲ့၊ မင်းနဲ့ ဒီကလူတွေ ဘဝခြားနေပြီကွ၊ မင်း အိမ်ထဲဝင်ရင် တုတ်နဲ့ သေအောင်ရိုက်မယ်ပြောလို့ မဝင်ခဲ့ရပါဘူးဗျာ"

"မင်းကိုတားတဲ့လူကြီးပုံစံက ဘယ်လိုပုံစံပြီးလဲကွ"

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် မောင်ညာဏ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်အသွားတာပါ။

"ဒီလိုဗျာ၊ ဟို…အပေါ်အင်္ကျီမပါ၊ ပုဆိုးခါးတောင်းကျိုက်ထားပြီး ခေါင်းမှာ ဦးထုပ်ချွန်ချွန် သေးသေးကလေး ဆောင်းထားတဲ့ လူကြီးဗျ။ လက်မှာ ကြိမ်လုံးတုတ်တုတ်ကြီး ကိုင်ထားသေးတယ်။ တစ်ချက်လောက်များ အဆော်ခံလိုက်ရရင် ဆွေမျိုးမေ့လောက်ပါရဲ့ဗျာ။ ကျွန်တော်လည်းဗျာ ကြောက်တာနဲ့ အသာလှည့်လစ်ခဲ့ရတယ်။ အမေကတော့ အိမ်ပေါက်ဝမှာ ငိုနေလေရဲ့။ မတတ်နိုင်ပါဘူး ဦးထိပ်နီ၊ ဘဝက ခြားသွားနေပြီကိုးဗျ"

ဒီအချိန်မှာ ဦးထိပ်နီကြီးက ပါးစပ်ကြီးကို တစ်ချက်ဖြဲပြလိုက်တယ်။ ကြောက်စရာကြီးပါဗျာ။ သွားရှည်တွေကျပြီး အစွယ်နှစ်ချောင်းက ထွက်လာတယ်။ မောင်ဉာဏ်ရှင်လည်း မဝံ့မရဲ ဖြစ်လာတယ်။ ကြောက်ချင်ယောင်ဆောင်လို့လည်းမရ၊ သတ္တိရှိဟန်ဆောင်လို့လည်းမရတဲ့ အခြေအနေပါပဲ။

"ဒါနဲ့ ကျွန်တော် လျှောက်သွားတော့ ခု ဦးထိပ်နီကြီးနဲ့ တွေ့တာပဲ"

"ဒါပေမဲ့ မင်းက လောလောလတ်လတ် ရေနစ်သေထားတဲ့ ကောင်ဆိုတော့ သရဲပါးမဝသေးဘူး၊ သရဲဆားဗစ် နုသေးတယ်လို့ ဟုတ်ပါတယ်နော်"

မောင်ဉာဏ်ရှင် ရယ်ချင်စိတ်ကို မနည်းမျိုးသိပ်နေရပြီ။ ပြီးတော့ တဖြည်းဖြည်းလည်း ကြောက်စိတ်လျှော့ပါးလာပြီ။ ပြီးတော့လည်း နေ့အလင်းရောင်ကိုပါ မြင်လာရပြီမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သရဲလုပ်သက် နုသေးတယ် ထားပါတော့၊ ဦးထိပ်နီကြီးကကော"

ထိုအခါ ထိပ်နီကြီးသည် လက်ချောင်းကြီးနှစ်ချောင်းကို ဘယ်လက်ဖြင့် ထောင်ပြလိုက်ပြီး ကျွန်လက်ငါးချောင်းကို ညာလက်ဖြင့် ထောင်ပြလိုက်တယ်။ နှစ်အစိတ်ဟူသည့်သဘော။

"ဩော်...နှစ်အစိတ်တောင် ရှိပြီကိုး"

ထိပ်နီကြီးဟာ ရောမပါးစပ်ကြီးကို ဟဲခနဲ လှစ်ပြလိုက်ပြီး..

"ဟဲ...ဟဲ...လုပ်သက်ရနေလို့ ဒီလိုကွင်းပိုင်ရာထူး ရတာပေါ့ကွ၊ ဘာလဲ၊ မင်းက ကွင်းပိုင်ရာထူးကို လွယ်လွယ်ကူကူ ရတယ် ထင်လို့လား"

"မထင်ပါဘူး"

"ငါ ဒီလက်ခုပ်ပင်ကို မရခင် ချုံပုတ်တစ်ခုမှာ နေရသေးသကွ။ လက်ခုပ်ပင်မှာ ဘယ်ကလာနေတဲ့ မီးနေသည် သရဲမလဲ သိဘူး၊ သူရှိနေတယ်၊ သူကလည်း တစ္ဆေသက် မနည်းတော့ဘူး သံခဲရေ၊ နှစ်ရှစ်ဆယ်တဲ့"

"နှစ်ရှစ်ဆယ် ဟုတ်လား"

"ဟုတ်တယ်၊ နှစ်ရှစ်ဆယ်၊ သူက ကောင်းမှုကုသိုလ်ရှိလာတော့ တစ္ဆေဘဝက ကျွတ်လွတ်တော့မယ်လေ၊ ဒါကြောင့် လူဝင်စားဖြစ်တော့မှာ၊ မြို့ပေါ်က သူဌေးသမီးဗိုက်ထဲ ဝင်စားရတော့မယ်လို့ အထက်နတ်မင်းကြီးတွေဆီက အမိန့်ကျလာပြီ။ ဒီတော့ သူ့နေရာကို ငါရမှာ၊ ကွင်းပိုင်ကြီးအဖြစ်နဲ့ နေရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ကြပါကလား၊ ဒါပေမဲ့ ဦးထိပ်နီကြီးကတော့ သရဲဘဝနဲ့လည်း ကောင်းမှုကုသိုလ် လုပ်တာတို့၊ တရားသံ၊ ရွတ်ဖတ်သံကို ကြားချင် နာချင်တဲ့စိတ်လည်း ရှိပုံမရပါဘူး၊ မသိနားမလည်တဲ့ တောသူတောင်သားတွေ ပင့်တင် မြှောက်တင်တဲ့ အစာတွေကို စားပြီး ကမ္ဘာတည်တဲ့အထိနေမယ့် သရဲကြီးပဲ"

ထိပ်နီကြီး ရှူးရှူးရှဲရှဲ ဖြစ်သွားတော့တယ်။ ကြုံးအော်တယ်။

"ဟေ့ကောင် မှင်စာလေး၊ မင်း ငါ့ကို အဲသလိုမပြောနဲ့၊ ငါ ဘုရားသံ၊ တရားသံ နားထောင်ချင်တာပေါ့ကွ၊ ခုလိုဘဝ ရောက်နေတာ သာယာတယ် ထင်နေသလား၊ ငါတို့က ဘုရားသံ၊ တရားသံလည်း ကြားချင်ပေမယ့် ကြားနာခွင့်မရတဲ့ အမျိုးအစားကွ၊ ငါလည်း ကျွတ်လွတ်ချင်တာပေါ့၊ မင်းကိုလည်း ကြည့်ရဦးမယ်၊ နှစ်ခါသရဲကြီး ဖြစ်မလာရင် ကံကောင်းပြီမှတ်၊ မှင်စာရဲ့"

"ဟား...ဟား...ဟား...ဟား"

မောင်ဉာဏ်ရွှင်က အားရပါးရ ရယ်မောလိုက်ပါတယ်။

"ဒါနဲ့ မင်း ဘယ်ကိုသွားမှာလဲ၊ စောစောစီးစီးကွာ၊ ဘာလဲ အစာရှာထွက်လာတာလား၊ ရွာထိပ်က ညောင်ပင်အောက်မှာ ထမင်းကျန် ဟင်းကျန်တွေ ပုံထားတာတွေ့တယ်၊ သွားစားပါလား"

"မစားတော့ပါဘူးဗျာ၊ မြို့ဈေးကို အမှီသွားရမှာ၊ ဟိုမှာ သားစိမ်း ငါးစိမ်းတွေ ရတတ်တယ်ဗျ၊ ဥပမာ-ငါးတို့၊ အသားတို့ပေါ့၊ အမဲဆိုရင်လည်း ဝမ်းတွင်းသားက ကောင်းမှကောင်းကွာ၊ အဲဒါရရင် စားပြီးရင် တစ်လလောက် အာသာပြေရော"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဟုတ်လား၊ ဟား…ဟား"

မောင်ဉာဏ်ရှင်ရဲ့ စကားဆုံးလိုက်တာနဲ့ ထိပ်နီကြီးရဲ့ တင်းဆောင်းလောက်ရှိတဲ့ မျက်နှာပြင်ကြီးဟာ အဆီပြောင်လာတယ်။ ခေါင်းပေါ်က အုန်းဆံဖတ်လို နီကြောင်ကြောင် ဆံပင်မွေးတွေ ထောင်ထောင်ထသွားသလိုပဲ။ သူက သားစိမ်း၊ ငါးစိမ်း၊ အထူးသဖြင့် အမဲသားကြိုက်တတ်တဲ့ ကွင်းပိုင်ကြီးကိုး။ မျက်သားအဖြူကြီးလန်ပါးစပ်ကြီး ဟစိ ဟစိလုပ်ပြီး မရိုးမရွ ဖြစ်လာတယ်။ ဒါကို မောင်ဉာဏ်ရှင်က ရိပ်မိသွားတယ်။

"ဘယ်လိုဖြစ်လာတာတုံး ဦးထိပ်နီကြီးရဲ၊ ခင်ဗျားတစ်ကိုယ်လုံးလည်း မရိုးမရွ ဆတ်ဆလူးထလာပါလားဗျ"

"ဟင်း…ဟင်း…ဟင်း…ဟီး…ဟီး…မင်းက အမဲသားအကြောင်းပြောတော့ ငါ စားချင်လာတာနဲ့ စားချင်စိတ်တွေ ရိုးတွင်းချဉ်ဆီထဲက ရှန်းကြွပွင့်ကန်လာပြီး တဖျင်းဖျင်း ဖြစ်လာတာပဲဟေ့၊ မှင်စာလေးရဲ့"

မောင်ဉာဏ်ရှင်သည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး…

"ဦးထိပ်နီကြီးက ကျွန်တော့်ကို မှင်စာလို့ပြောရအောင် ကျွန်တော်က မှင်စာပုံ ဖြစ်နေပေါက်နေလို့လား"

"မင်းက သရဲဖြစ်ခါစပဲ ရှိသေးတော့ မှင်စာပေါ့ကွာ၊ လူကောင်ကလည်း ငါ့ထက် အများကြီးငယ်တယ်လေ၊ မင်းကြည့်ပါသား၊ ဆင်နဲ့ဆိတ်လို ဖြစ်နေတဲ့ဥစ္စာ"

မောင်ဉာဏ်ရှင်ဟာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရပြီ

www.burmeseclassic.com



လေ။ ထိပ်နီကြီးက သူ့ကို အမှန်တကယ် သရဲတစ္ဆေ ထင်နေတာကိုး။

"ကဲပါဗျာ၊ ဦးထိပ်နီ၊ ကျွန်တော် မြို့ဈေးကလေးကို အလင်း ရောင် မရောက်ခင် သွားရမှာဗျ၊ သွားလိုက်ဦးမယ်နော်၊ နောက်မှ တွေ့ကြတာပေါ့ဗျာ"

ဒီအခါမှ ထိပ်နီကြီးက ပျာပျာသလဲ ဖြစ်သွားတယ်။

"နေ…နေ…နေပါဦး၊ ငါလည်း လိုက်ပါရစေကွာ"

"ဦးထိပ်နီက ဘာလုပ်မှာလဲ"

ထိပ်နီကြီးက တံတွေးကို ဂွပ်ခနဲ မျိုချလိုက်တယ်။

"ငါ အမဲသားစားချင်တယ်"

"အမဲသား စားချင်ရင် စားပေါ့ဗျ၊ ခင်ဗျားကို ခေါ်စား ဖြုန်းစာ ကျွေးနေတာပဲ"

"မင်းကလည်း လုပ်တော့မယ်၊ အမဲသားမပါဘူးကွ၊ ငါက အမဲသားစားချင်တာ"

မောင်ဉာဏ်ရှင် အနည်းငယ် တွေဝေသွားတော့တယ်။ ခက်ပြီ ပေါ့။

"အမဲသား စားချင်တာ ဟုတ်ပါပြီ၊ ဦးထိပ်နီက ဈေးကို ဘယ်လိုဘယ်နည်း လိုက်မှာတုံး"

"ဒီလိုပဲ လမ်းလျှောက်လိုက်မှာပေါ့ကွာ၊ တို့က အလင်း ရောင်ကြောက်တတ်ကြတော့ တကယ်လို့ လျှောက်ရင်းနဲ့ အလင်း ရောင်ထွက်လာရင် တိရစ္ဆာန်တစ်ကောင်ကောင်အဖြစ် ဖန်ဆင်းရမှာ ပေါ့ကွ၊ ကဲကွာ သွားကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မှင်စာတစ္ဆေအယောင်ဆောင် မောင်ဉာဏ်ရှင်နဲ့ ...ဆောင့်သရဲကြီးထိပ်နီတို့ဟာ မြို့ဈေးကိုထွက်လာကြတော့တယ်။

◆ ◆ ◆

ဒီလိုနဲ့ နာရီဝက်လောက် လျှောက်မိလာတယ်ဆိုရင်ပဲ ...င်ဉာဏ်ရှင်ဟာ လူသားတစ်ယောက်ဖြစ်တဲ့အတွက် သွေးသားနဲ့ ...ည်ဆောက်ထားတော့ ညောင်းညာလာတယ်။ ခြေလှမ်းလေးလာ ...ယ်။ ထိပ်နီက တစ္ဆေဆိုတော့ ညောင်းတာကိုက်တာ ရှိချင်မှ ...ာပေါ့။ တစ္ဆေသရဲကိုး။

နည်းနည်းကလေး လျှောက်မိတယ်ဆိုရင်ပဲ…

"လျှောက်ရတာ မောလိုက်တာ ဦးထိပ်နီ၊ ခင်ဗျားနဲ့ ...န်တော် တစ်ယောက်တစ်လှည့်စီ ထမ်းကြရင်ကောင်းမယ်"

"မင်းသအောပဲ သံခဲ၊ ငါကတော့ မမောဘူးကွ"

"ဦးထိပ်နီက သရဲတစ္ဆေဘဝနဲ့ ရှင်နေပြီကိုး၊ ကျွန်တော်က ...တော့ လူ့ဘဝက ချက်ချင်းသေလာတာဆိုတော့ လူ့စိတ်နည်းနည်း ...သေးတယ်ဆိုရမယ်ခင်ဗျ"

နှစ်ယောက်သား စကားပြောပြီးတာနဲ့…

"ဒီလိုလုပ်ဗျာ၊ ဦးထိပ်နီ ကျွန်တော့်ကို အရင်ကုန်းပိုး၊ ...ာက်ထပ် ကျွန်တော့်အလှည့်ကျ ကျွန်တော်ထမ်းမယ်လေ"

"ကောင်းသားပဲကွ၊ ငါလည်း လျှောက်ရတာ မောသလိုပဲ၊ ...စ်ယောက် တစ်လှည့်ထမ်းရတာ အဆင်ပြေတာပေါ့၊ တစ်ယောက် ... ပခုံးပေါ်က ထိုင်ရင်းလိုက်လာ၊ တစ်ယောက်က ခြေလျင်လျှောက်၊

www.burmeseclassic.com



သိပ်ကောင်း၊ ကဲ လာ၊ ငါ အရင်ထမ်းမယ် သံခဲ"

မောင်ညာဏ်ရှင်က တာရွှေရဲ့ ခရာမပခုံးကြီးပေါ်ကို တက်ထိုင်ပြီး လိုက်လာတယ်။ မောင်ညာဏ်ရှင် တက်တယ်ဆိုရင်ပဲ ထိပ်နီကြီး မျက်နှာရှုံ့မဲ့သွားတယ်။

"ဟာ…မင်းကိုယ်က လေးလှချည်လားကွ၊ လူတစ်ယောက်၊ သက်ရှိလူတစ်ယောက်ရဲ့ အလေးချိန်အတိုင်းပဲကွ"

မောင်ညာဏ်ရှင်က တစ်ချက်စဉ်းစားပြီး ပြောလိုက်တယ်။

"ကျွန်တော်က တာရွှေဘဝရောက်လာတာ ကြာမှ မကြာသေးဘဲကိုဗျာ"

"ဟုတ်လား၊ မသိပါဘူးကွာ၊ ဒါကြောင့် လေးနေတာကိုး"

မောင်ညာဏ်ရှင်က လူကောင်သာ ငယ်တာ၊ လူတစ်ယောက် အနေနဲ့တော့ လေးလံတာပေါ့၊ ထိပ်နီကြီးက ဒယီးဒယိုင်နဲ့ လျှောက်သွားတယ်။

ဒီအချိန်ထိ အရှေ့ဘက်ဆီက ရောင်နီမပျို့သေးပါဘူး။ ကျေးငှက်ကလေးတွေ အိပ်တန်းကနေ လှုပ်လှုပ်ရွရွနဲ့ နိုးခါစပဲ ရှိသေးရဲ့။ တိမ်မျှင်တိမ်စတွေကြားက နေရောင်ခြည်ဟာ ကမ္ဘာမြေကို ချဉ်းနင်းဝင်ရောက်ဖို့ ခြေတစ်လှမ်း လှမ်းထားသည့်ကာလပဲ ရှိပါသေးတယ်။

ဟိုးဝေးဝေးမှာ သစ်တောအုပ်ကတော့ အမှောင်အောင်းမှာ စုန်းမအိုကြီးတစ်ယောက်ရဲ့ ကျောကုန်းမွဲခြောက်ခြောက်လိုပါပဲ။ ပတ်ဝန်းကျင်က သစ်ပင်သစ်ရွက်၊ ရိုးပြတ်လယ်တော မြစ်ချောင်းကျယ်ပေါ်ကို တိုက်ခတ်လာတဲ့ လေပြည်ကတော့ စုန်းမအိုကြီးရဲ့ အဝတ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆတိုးသံနဲ့တူတယ်။ မြစ်လေပြည်ကလည်း တဖျပ်ဖျပ်လှုပ်ခါ။ ဟိုး ဆေးဝေး သချိုင်းမြေဆီက ညီစို့စို့ရနံ့ပေါင်းစုံကလည်း ပွက်ပွက်ထလို့။

အချိန်ကာလကတော့ ငြိမ်သက်အေးဆဲနေတုန်း…

မောင်ဉာဏ်ရှင်ဟာ ထိပ်နီကြီးရဲ့ ပခုံးပေါ်ကနေ အခန့်သား လိုက်ရင်း…

"ဦးထိပ်နီကြီး"

"ပြောကွာ၊ မောရတဲ့အထဲ မင်းကိုယ်က တယ်လေးသကိုး၊ နွံးတဲ့မှပဲ၊ သေရော"

မောင်ဉာဏ်ရှင်က တစ်ချက်ရယ်မောလိုက်တယ်။

"ဦးထိပ်နီပြောတော့ ကမ္ဘာဓဒ္ဓိတန်ခိုးရှိတယ်ဆို၊ အမျိုးမျိုး အန်ဆင်းတတ်တယ်ဆို"

ထိပ်နီကြီးဟာ ဆက်မပြောတော့ဘဲ ငြိမ်သက်ပြီး မောင်ဉာဏ် ရှင်ကို ဆက်ပြီးထမ်းလာတော့တယ်။ ဒီလိုနဲ့ မြို့ကလေးဈေးနားကို တောင် အမှောင်လွင့်ပြယ်ခါစမှ လှမ်းမြင်နေရပြီ။ မကြာမီ အလင်း ရောက်တော့မယ်လေ။ အလင်းရောက်တယ်ဆိုရင် နာနာဘာဝဆိုတာ အလင်းကို ကြောက်ရွံ့စမြဲမို့ ကိုယ်ရောင်ဖျောက်ချင်ဖျောက်၊ ဒါမှမဟုတ် တိရစ္ဆာန်အကောင်တစ်ကောင်ရဲ့ အသွင်ပြောင်းချင်ပြောင်း၊ ဒါပဲရှိတယ်။

မောင်ဉာဏ်ရှင်ဟာ ထိပ်နီသရဲကြီးပေါ်က လိုက်လာနေမယ့် အမျိုးမျိုးကြံစည်နေတာပါ။ တကယ်တော့ ထိပ်နီသရဲကြီးက အမဲသား စားချင်လို့ လိုက်လာတာပဲလေ။ အမဲသားမစားရရင် ဘာလုပ်မလဲ။ မောင်ဉာဏ်ရှင်ကို စားတော့မယ်မဟုတ်လား။ အဲဒါ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုနတ်စားမှာ။ ထိပ်နီဆိုတာလည်း နာမည်ဆိုးနဲ့ ကျော်ကြားနေတာပဲ ဥစ္စာ။

ဒီအချိန်မှာ မောင်ဉာဏ်ရှင်ရဲ့ အသိဉာဏ်ထဲကို အသိတစ်ခု လက်ခနဲ လင်းပသွားတယ်။ ဒီတော့ မဆိုင်းမတွပါဘဲ…

"ကဲ…ကျွန်တော် ဦးထိပ်နီကို ထမ်းရမယ့်အလှည့် ရောက်လာပြီ၊ ဒြော်..ပခုံးပေါ် မတက်ခင် ကျွန်တော် မေးစရာလေး တစ်ခု လောက်တော့ ရှိလို့ပါ"

"ဘာလဲကွ"

"ဒီလိုပါ၊ ကျွန်တော်က တစ္ဆေအသစ်စက်စက်ဖြစ်နေတော့ အကြံလေးဘာလေး ပေးပါဦး၊ လူတွေက တစ္ဆေကို ကြောက်ကြတယ် မဟုတ်လား"

"မဟုတ်တာကွ၊ တကယ်တော့ ပြောင်းပြန်ကွ၊ တစ္ဆေက သာ လူကို ကြောက်ရတာ၊ တစ္ဆေသရဲတွေ အကြောက်ဆုံးက ဘာလဲ ဆိုတာ မင်းသိလား"

မောင်ဉာဏ်ရှင်ဟာ ခေါင်းခါပြလိုက်တယ်။ တကယ်လည်း မသိဘူးလေ။ ဒါပေမဲ့…

"လူတွေမှာ ဘာများကြောက်စရာ လန့်စရာ ရှိလို့လဲဗျာ၊ တစ္ဆေဆိုတာ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းလို့ရတယ်။ ကိုယ်ပျောင် ပျောက်လို့ရသေးတယ်။ လူတွေကသာ ဘာမှ ဖန်ဆင်းလို့ မရတာ မဟုတ်လား၊ ဘာကြောက်စရာရှိလဲဗျာ၊ ဦးထိပ်နီ"

ဒီအချိန်မှာ မောင်ဉာဏ်ရှင်ဟာ တစ္ဆေပခုံးပေါ်ကနေ လျှော

www.burmeseclassic.com

www.burmeseclassic.com



ခင်းလာပြီလေ။

"ဟာကွာ၊ မင်း ဒါတောင် မသိဘူးလားကွာ၊ ခက်တာပဲ၊ ခင်းက တစ္ဆေဖြစ်တာ (၇)ရက်လောက်ပဲရှိတော့ တစ္ဆေလောက အတွေ့အကြုံနည်းသေးတာကိုး"

"ဒါဆိုလည်း ကျွန်တော့်ကို အကြံလေး ဘာလေး ပေးပါဦး ရာ"

"ကဲ…ငါပြောပြမယ်၊ ပြောရင်းဆိုရင်းတောင် ရောင်နီ တောင် ပျို့ချင်လာပဟော့၊ မြန်မြန်ပြောမှကွ၊ ဒီလိုကွာ၊ လူတွေ အကြောက်ရဆုံးက ရဟန်းတော်တွေရဲ့သင်္ကန်းနဲ့ လူတွေရဲ့တံတွေးပဲ။ ရဟန်းတော်တွေရဲ့သင်္ကန်းနဲ့ တို့တစ္ဆေပြိတ္တာတွေရဲ့ ခန္ဓာကိုယ် ထိလို့ ကတော့ သေဖို့သာပြင်ပေတော့ ဟေ့ကောင်၊ စကြဝဠာ မဟာတံတိုင်း အထိ လွင့်သွားမယ်မှတ်၊ အေး…လူ့တံတွေးလည်း အဲဒီလိုပဲဟော့၊ တစ္ဆေတွေ အကြောက်ဆုံးထဲမှာလည်း လူ့တံတွေးပါတာပဲ ဟေ့ ကောင်၊ တစ္ဆေတွေဟာ လူ့တံတွေးနဲ့ အထွေးခံလိုက်ရတယ်ဆိုရင် တစ်ကိုယ်လုံးပူလောင်ပြီး မီးလောင်ဖုကြီးတွေ ထလာတော့တာပဲ။ ပြီးတော့ ကုတ်လို့ဖဲ့လို့ မဝနိုင်အောင် ယားတော့တာပါပဲ။ နောက်ပြီး ပုံသဏ္ဌာန်အမျိုးမျိုးလည်း ဖန်ဆင်းလို့၊ ပြောင်းလို့ မရတော့ဘူး၊ တစ်ခါတည်း ကမ္ဘာဇီဒွီတန်ခိုးတွေ ပျောက်သွားတော့တာပဲ။ ဒီတော့ လူတွေရဲ့ တံတွေးကို သတိထားတော့ဟေ့။ မနူးမနပ် မှင်စာကောင် သံခဲရဲ့၊ သက်ရှိလူတစ်ယောက်ရဲ့ တံတွေးတွေ မင်းခန္ဓာကိုယ်ပေါ် ကျသွားလို့ကတော့ မင်းပုံသဏ္ဌာန်ပြောင်းလို့ မရတော့ဘူးမှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မောင်ဉာဏ်ရှင်ရဲ့ အသိဉာဏ်ထဲကို တစ္ဆေတွေရဲ့ လှျို့ဝှက်ချက်ကြီး ဝင်လာတော့တာပဲ။

“ဟုတ်ပြီ၊ သူ့လှျို့ဝှက်ချက်နဲ့သူ အငိုက်မိသွားတာပဲ၊ ဟင်း‥ ချည်ပြီးတုပ်ပြီးသားပဲ။ မနက်မိုးလင်းမှ တွေ့ကြသေးတာပေါ့၊ သူ့တစ္ဆေရုပ်ပုံလွှာကို သူဖုံးကွယ်ရတော့မယ်။ သူ ဘယ်လို သတ္တဝါ အဖြစ် ဖုံးကွယ်မယ်ဆိုတာ စောင့်ကြည့်ရသေးတာပေါ့၊ ဈေးထဲက အမဲသားမရရင် ထိပ်နီကြီးက ငါ့ကို တစ်နေ့နေ့ ဖမ်းစားတော့မယ် ဆိုတာ သေချာတယ်၊ ငါ လက်ဦးမှဖြစ်မယ်”

ဒါနဲ့ တစ္ဆေထိပ်နီကြီးကို ပခုံးပေါ်တင်ပြီး ဈေးရှိရာကို ထွက်လာတော့တယ်။ တစ္ဆေထိပ်နီရဲ့ ကိုယ်အလေးချိန်က ပေါ့ပေါ့ ကလေးပါ။ တစ္ဆေကိုး၊ ဝိညာဉ်ကိုး ပေါ့မှာပေါ့၊ ငှက်မွေးကလေး၊ သစ်ရွက်ကလေး တင်ထားရသလိုပဲ၊ ပေါ့ပေါ့ရွှတ်ရွှတ်ကလေးပါ။

ဒီလိုနဲ့ ဈေးနားရောက်လာပြီ။ ဒီနေ့တော့ ဈေးက လူစုံတယ် လေ။ ရုံးပိတ်ရက်လည်းဖြစ်လို့ ထင်ပါရဲ့။ လျှောက်ရင်း လျှောက် ရင်းနဲ့ အလင်းရောင်ပျို့လာပြီ။ ရောင်နီရောက်လာပြီလေ။

ထိပ်နီကြီးဟာ ဈေးနားရောက်လာလေလေ နံနက်ခင်းဈေး ခင်းမယ့် ဈေးသည်တွေကိုမြင်လေ သူ့စိတ်ထဲမှာ သံသယတစ်ခု ရှိလာပုံရတယ်။ တစ်နည်းအားဖြင့် တစ်ခုခုလွဲချော်နေပြီဆိုတာ သံသယ ဖြစ်လာပြီ။ ဒါကြောင့် အောက်ကထမ်းနေတဲ့ မောင်ဉာဏ်ရှင်ကို တစ်ချက်ငုံ့ကြည့်ပြီး ထိပ်နီရင်ထဲမှာ ထိတ်ထိတ်လန့်လန့် ဖြစ်သွား တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဉာဏ်ရှင်ဆီက လူ့အနံ့အသက်ရတယ်။ လူ့အငွေ့အသက်ရနေပြီ။ ဒါဟာ သေချာတဲ့ သေချာမှုတစ်ရပ်ပဲ။ မောင်ဉာဏ်ရှင်ဟာ တစ္ဆေမဟုတ်ဘူး၊ လူသားစစ်စစ်ဆိုတာ သိလိုက်ရပြီ။ ဒီအချိန်မှာ မောင်ဉာဏ်ရှင်ဟာ တစ္ဆေကို ပခုံးထမ်းပြီး ရောင်နီပျို့ခါစ အရှေ့ဘက်ဆီသို့ တစ်ဟုန်ထိုး ပြေးထွက်သွားတော့တယ်။

တစ္ဆေထိပ်နီလည်း ယီမ်းထိုးပြီး ပါလာတော့တယ်။

"ဟာ…ဟာ…ဟေး…ဟေး…ဖြည်းဖြည်း"

ဒီအချိန်မှာ မိုးလင်းလာပြီ။

မောင်ဉာဏ်ရှင်ဟာ ပခုံးထက်က တစ္ဆေထိပ်နီကြီးကို မြေကြီးပေါ် ပစ်ချလိုက်တယ်။ ထိပ်နီကြီးဟာ မြေကြီးပေါ်ရောက်တယ်ဆိုရင်ပဲ မူလတစ္ဆေရုပ်သဏ္ဌာန်ပြောင်းလဲသွားပြီး နွားပေါက်ကလေးအသွင်ကို ပြောင်းသွားတော့တယ်။ ပြီးတော့ နွားလို ချက်ချင်းတစ်ချက်အော်လိုက်ပါလေရော။

"ဘူး…အဲ"

မောင်ဉာဏ်ရှင်ဟာ 'ဟာ' ခနဲ တစ်ချက် အော်လိုက်ပြီး…

"ကျုပ်တော်က လူနဲ့ မကင်းသေးတဲ့ တစ္ဆေလို့ပဲ ဆိုပါတော့ဗျာ"

အော်ဟစ်ပြီး နွားပေါက်ကလေးရဲ့ နားရွက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး တံတွေးနဲ့ ထွေးချလိုက်တယ်။

"ထွီ…ထွီ…ထွီ"

နွားပေါက်ကလေးရဲ့ ခန္ဓာကိုယ်အနှံ့ကို တံတွေးနဲ့ ခပ်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြမ်း သုံးချက်ဆင့်ပြီး ထွေးချလိုက်တာပါ။ သွားပြီ၊ ထိပ်နီကြီးဟာ မူလရုပ်သွင်ပြန်ပြောင်းလို့ မရတော့ဘူး။

"ဘူး…အဲ…"

နွားပေါက်ကလေးဟာ အံ့အားတသင့် မော့ကြည့်လိုက်ရှာသေးတယ်။ ဒါပေမဲ့ မောင်ညဏ်ရှင်ဟာ ကုန်စည်တွေ ချည်နှောင်ဖို့ အသင့်ယူဆောင်လာတဲ့ ကြိုးနဲ့ လည်ပင်းကို ချည်နှောင်ပြီး နွားပေါက်ကလေးတစ်ဖြစ်လည်း ထိပ်နီကြီးကိုဆွဲပြီး နွားဈေးကွက်ရှိရာကို အေးအေးလူလူပဲ ထွက်သွားတော့တယ်။

နွားပေါက်ကလေးကတော့ ကန့်လန့်ကန့်လန့်နဲ့ ကြိုးဆွဲရာကို ပါသွားရှာတယ်။

နွားဈေးကွက်ရောက်တော့…

"နွားပေါက်ကလေးတစ်ကောင် ဈေးလျှော့ရောင်းမယ်နော်၊ ငွေပေါ်လျှော့ဈေး"

နွားပွဲစားတွေ ဝိုင်းအုံလာကြတယ်။

နွားပေါက်ကလေးက ခေါင်းတစ်ချက်ရမ်းပြီး မောင်ညဏ်ရှင်ကို မကျေမနပ်မော့ကြည့်တယ်။

"ဘွတ်…အဲ…"

◆ ◆ ◆

မင်းဘုန်းသိမ်သူ

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံရပ်ခြား
တစ္ဆေဖြစ်ရပ်မှန်

# စက်ဘီးစီးတဲ့ကလေးမလေး

မတ်ဟာ အလုပ်ပြန်နောက်ကျတဲ့ ညတစ်ညတွင် ကားမောင်းရင်းပြန်လာခဲ့ပါတယ်။ လမ်းတစ်နေရာအရောက်တွင် ကလေးမလေးတစ်ယောက် သုံးဘီးစက်ဘီးကိုစီးရင်း လမ်းဟိုဘက်တခြမ်းမှ အခြားဘက်တခြမ်းသို့ ဖြတ်ကူးပြီး တောအုပ်ကလေးထဲတိုးဝင်သွားတာ မြင်လိုက်ရပါတယ်။ ကလေးမလေးစက်ဘီးစီးနေပုံက ဒယိုင်ဒယိုင်နှင့် မှောက်မလိုပုံစံပေါက်နေသောကြောင့် မတ်သည်ကားကိုရပ်လိုက်ကာ တောအုပ်လေးနားသို့ လျှောက်သွားလိုက်ပါတယ်။ အဲဒီအချိန် ရဲအရာရှိတစ်ဦးက သူ့နားကိုလျှောက်လာပြီး ဘာလုပ်နေတာလည်း မေးပါတယ်။ မတ်လည်း သူမြင်လိုက်တဲ့ အရာကိုပြောပြလိုက်တော့ ရဲအရာရှိက ဒီလိုရှင်းပြပါတယ်။ 'ခင်ဗျားလိုပဲ ဒီလမ်းက ဖြတ်သွားတဲ့ကားသမားတော်တော်များများ မြင်လေ့ရှိကြပါတယ်။ တချို့ဆို အဲဒီကလေးမလေးကို တိုက်မိမလိုတောင် ဖြစ်ကြသေးတယ်။ ဒါပေမယ့် အဲဒီကလေးမလေးက လွန်ခဲ့တဲ့(၁၄)နှစ်လောက်က ဒီလမ်းပေါ်မှာပဲ သုံးဘီးစက်ဘီးလေးစီးရင်း ကားအတိုက်ခံရလို့ သေဆုံးခဲ့ပြီဗျ။'

www.burmeseclassic.com

www.burmeseclassic.com



# ရောဝတီမြစ်ကမ်းနံဘေး အင်တောထဲက ဂျပန်တစ္ဆေများ

ကိုသာဒင်



အချိန်ကား ဖြာသိုလ။ ဆောင်းတွင်းကာလဖြစ်ရာ နှင်းထုမှာ ပိန်းပိတ်နေလေသည်။ ဝန်စည်စလယ်အပြည့်တင်ထားသည့် လှည်းသုံးစီးမှာ ဧရာဝတီမြစ်နဘေးမှ တောတွင်းလမ်းအတိုင်း ဖြည်းဖြည်းမောင်းနှင်လျက်။ လှည်းလမ်းနဘေးပတ်လည်ရှိ အင်တောကြီးမှာ နှင်းထုကြောင့် မသဲမကွဲ ဝေဝေဝါးဝါး။ အင်ရွက်ကြီးများပေါ် နှင်းကျသည့်အသံ တဖျောက်ဖျောက်ကို ကြားနေရသည်။ လှည်းသုံးစီးပေါ်တွင် စက်ပစ္စည်းများ၊ ပွက်ရေပိုင်းများ၊ တဲဆောက်ရန် သက်

www.burmeseclassic.com





ကယ်တဲတိုင်တချို့၊ မိုးမြဲဒယ်ကြီးများမှာ လှည်းသုံးစီးအပြည့်။ လူက (၇)ယောက်။ သူတို့အားလုံး ဦးဘခိုရဲ့ကြံခင်းတွင် ကြံပွတ်ရည်ချက်ရန် ရွှေ့ပြောင်းလာကြခြင်းဖြစ်လေသည်။

နှင်းထုကွဲသွားသည့်အခါ နေရောင်ကလေးအချို့ ပြူထွက်လာလေသည်။ ကြံပွတ်ရည်ချက်ရန် ဖိုတည်စခန်းချမည့်နေရာသို့ အချိန်ကိုက်ရောက်လာကြသဖြင့် ပစ္စည်းပစ္စယများချပြီး ဖိုးကျောင်းတူးသူကတူး၊ စက်ဆင်သူကဆင်၊ တဲဆောက်သူကဆောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြသည်။

တစ်နေ့တာလုံး အလုပ်လုပ်၊ ပြီးကြသည့်အခါ တစ်ညတာ အိပ်စက်အနားယူကြလေပြီ။ သူတို့အဖွဲ့တွင် ဦးဘခိုနှင့်ရွယ်တူ ဦးညို ဆိုသည့် လူကြီးတစ်ယောက်နှင့်အတူ သာဒင်နှင့်ရွယ်တူလူငယ် (၆) ယောက်၊ စုစုပေါင်းအားလုံး (၇)ယောက် ရှိလေသည်။

နောက်တစ်နေ့ နံနက်လင်းသည့်အခါ ဦးဘခိုမှ စီစဉ် စရာရှိသည်တို့ကို စီစဉ်ရန် ရောက်လာလေသည်။ လူငယ်များမှာ မပြီးသေးသည့် အလုပ်များကိုလုပ်နေကြပြီး ဦးဘခိုနှင့် ဦးညိုက ထမင်းဟင်းချက်ရင်း စကားပြောနေကြသည်။

"မောင်ဘခို ဒီနေရာက သန့်ရဲ့လားကွာ"

"ဘာဖြစ်လို့လဲ ဦးညိုရ"

"ညက ငါ တစ်ညလုံး မအိပ်ရဘူး၊ လူငယ်တွေကတော့ အိပ်လိုက်ကြတာ သူတို့ကတော့သိမှာမဟုတ်ဘူး"

"ဘယ်လိုဖြစ်လို့လဲ ဦးညိုရာ"

ဦးညိုက ထမင်းအိုးကို မီးမရင်း...

"အင်း...ဒီလိုကွ၊ ညက တဲပတ်ပတ်လည်မှာ ခြေသံ တွေကို ဝိုင်းနေတာ၊ ခြေသံတွေက ရိုးရိုးခြေသံ၊ ရိုးရိုးဖိနပ်သံ မဟုတ် ဘူး၊ စစ်ဖိနပ်သံတွေ၊ ငါ့အထင်တော့ လူနှစ်ဆယ် အစိတ်လောက် ရှိမယ် ထင်တာပဲ"

ထိုစကားကို ဦးဘခိုက သံသယကင်းရှင်းကြောင်း ပြော လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလှည်းလမ်းက လမ်းသွားလမ်းလာတွေများလား"

"မဟုတ်ဘူး မောင်ဘခိုရ၊ လရောင်နဲ့ ငါထိုင်ကြည့်နေတာ လှည်းလမ်းကိုလည်း အတိုင်းသား မြင်ရတယ် ဘာမှမရှိဘူး၊ တစ်ညလုံး အိပ်ရပါဘူး၊ စစ်ဖိနပ်သံတွေက ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ လာလိုက်၊ ဝေးသွားလိုက်နဲ့"

"အင်း...အခြေအနေကြည့်လုပ်တာပေါ့၊ ဒါပေမဲ့ လူငယ် တွေတော့ အသိမပေးနဲ့ဦး"

ဦးဘခိုက ဦးညို့နှင့် စကားဖြတ်လိုက်ပြီး...

"မောင်သာဒင်ရေ လာဦးဟေ့၊ လေးလေး ပြောမယ်"

သာဒင်က ရေနွေးကြမ်းသောက်ရင်း ဦးဘခိုနား ဝင်ထိုင် လိုက်သည်။

"ဒီလိုကွ၊ လောလောဆယ်မှာ ကြံခုတ်တွေက မရသေးဘူး၊ တော့ မင်းတို့အဖွဲ့ တောထဲဝင်ပြီး ဝါးလုံးတွေထင်းတွေ ရသလောက် ပြီး စုထားနှင့်ပေါ့ကွာ၊ ဒါပါပဲ၊ ကဲ သွား သွား၊ လုပ်စရာရှိတာ ဆက်လုပ်"

သာဒင်က နေရာမှ ထသွားကာ လုပ်စရာရှိတာ ဆက်လုပ် လိုက်သည်။ ဦးဘခိုကတော့ ဦးညို့နဲ့ ခဏစကားဆက်ပြောပြီး သွားလေတော့သည်။

◆ ◆ ◆

နောက်နေ့နံနက်မှစပြီး သာဒင်တို့လူငယ်တွေ လှည်းသုံးစီး ဖြင့် တောထဲဝင်ပြီး ထင်းခွေကြ၊ ဝါးခုတ်ကြလုပ်ကြသည်။ ဦးညို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ ထမင်းဟင်းချက်ရင်း စခန်းစောင့်နေသည်။ ထင်းခွေပြီးသည့် အခါ ထမင်းစားသောက်ကြသည်။ ထမင်းစားပြီးနောက် ခွေးတွေ ခေါ်ကာ လေးခွ၊ ဓား၊ လှံ ကိုယ်စီကိုင်ကြလျက် မျောက်၊ ဖွတ်၊ ပဒပ်၊ မွေး၊ တောကြက်၊ ရှဥ့်ငပေါ စသည့် တောကောင်ငယ်လေးတွေ ရရာဖမ်းရန် တောလည်ပြီး ရှာဖွေကြသည်။ ထင်းခွေပြီး အားနေသည့် အခါတိုင်း သူတို့လုပ်လေ့ရှိသည့် အလုပ်ဖြစ်သည်။

တောလည်ကြရင်း သူတို့ရှေ့မနီးမဝေး ဝါးပင်သစ်ပင် ချုံပင် အကြိုအကြားတွင် ဘေးလည်းမကြည့် နောက်လည်းလှည့်မကြည့် ဘဲ ရှေ့တည့်တည့်ကိုသာ တရွေ့ရွေ့ သွားနေသည့် လူလေးငါးခြောက် ယောက်ကိုတွေ့သဖြင့် သာဒင်ကသူ့အဖွဲ့အားပြကာ ပြောလေသည်။

"ဒီလူတွေက ဘာလုပ်တာလဲ မသိဘူး၊ တို့ ထင်းခွေရာရော တောလည်တဲ့အခါမှာရော နေ့တိုင်းတွေ့နေရတာ"

သာဒင်ပြောမှ အဖွဲ့သားအားလုံးက သတိထားမိကာ သေ ချာကြည့်မိကြသည်။ အကုန်လုံးမှာ ဝတ်ထားသည့် ဘောင်းဘီ ရှည်များ၊ အင်္ကျီများမှာ စုတ်ပြတ်ဖွာကြဲနေသည်။ ခေါင်းရှိဆံပင်တို့မှာ စုတ်ဖွားလျက်ရှိကြသည်။

တင်မောင်ဆွေက ပြောပြန်သည်။

"အေး...ဟုတ်တယ်ကွ၊ အခုမှ သတိထားမိတယ်၊ တို့နဲ့ နေ့တိုင်း တွေ့နေတာ တစ်ချိန်ချိန်တော့ မျက်နှာချင်းဆိုင် စကားပြော ဖြစ်ရမယ်၊ အနည်းဆုံး ဘာလုပ်ကြတာလဲ၊ ဘာညာတော့ ပြောဖြစ်ရ မယ်၊ ခုတော့ နေ့တိုင်းသာ မြင်နေတာ တစ်ခါမှ မျက်နှာချင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်မိဘူး၊ စကားလည်း မပြောမိဘူး"

"လာကွာ၊ တို့ ကြံ့တုန်း လိုက်စုံစမ်းရအောင်"

သာဒင်က ပြောလိုက်သည်။

ထို့နောက် သာဒင်တို့အဖွဲ့ နောက်ကလိုက်ကြည့်ကြသည့်အခါ ဝါးပင်၊ သစ်ပင်၊ ချုံပင်တို့ကြား ဟိုဝင်ဒီထွက်နှင့် မျက်ခြည်ပြတ်ပျောက်သွားလေသည်။ သာဒင်က…

"တောက်၊ သေချာကြည့်တဲ့ကြားက ပျောက်သွားတာ ခံပြင်းစရာပဲကွာ"

သူတို့အဖွဲ့လည်း လက်လျှော့ပြီး လာလမ်းအတိုင်း ပြန်လှည့်ခဲ့ရာ တစ်နေရာအရောက်တွင် တင်မောင်ဆွေက…

"ဟာ…ဟိုမှာ"

တင်မောင်ဆွေ ညွှန်ပြရာသို့ အားလုံးကြည့်လိုက်ကြရာ စောစောက ပျောက်သွားသည့် လူတစ်စုမှာ ဝါးပင်သစ်ပင်ချုံပင်တို့အကြား ဘေးလည်းမကြည့်၊ နောက်လည်းမကြည့် ရှေ့တည့်တည့်သို့သာ သွားနေကြပြန်သည်။

"ဝူး…ဝူး…ဝူး"

သာဒင်က ရှူးထိုး၍ အသံပြုလိုက်သော်လည်း နောက်သို့ လှည့်မကြည့်ဘဲ ရှေ့သို့သာ သွားနေကြပြန်သည်။ သာဒင်တို့အဖွဲ့ လိုက်ချောင်းကြပြန်သည်။ သည်လိုနှင့် မျက်ခြည်ပြတ်ကာ ပျောက်သွားပြန်လေသည်။ ဒီတော့ စိုးဝင်းက…

"ဟေ့ကောင်တွေ တို့ တောများခြောက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချိမ့်လည်း…

"မဟုတ်ဘူးကွ၊ နာနာဘာဝတွေနဲ့တူတယ်၊ တို့အန္တရာယ်ရှိတယ်၊ လစ်ကြစို့"

သူတို့အဖွဲ့လည်း လက်လျှော့လိုက်ကာ လာလမ်းသို့ ပြန်လစ်ခဲ့ကြလေတော့သည်။

ဒီအဖြစ်ကို သူတို့အဖွဲ့က မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်ကြသည်။ သူတို့အဖွဲ့ထဲတွင် သာဒင်၊ တင်မောင်ဆွေနှင့် စိုးဝင်းတို့မှာ မုဆိုးအလုပ်ကို ဝါသနာထုံကြလေသည်။ ယခုလည်း အလုပ်ပြီးပြီမို့ ညပိုင်း သုတ်ကိုင်းထောင်ရန် ပြင်ဆင်နေကြရင်း သုံးယောက်သား အလုပ်များနေကြလေသည်။

ညနေ နေလေးစောင်းသည့်အခါ ပြင်ဆင်ထားသည့် သုတ်ကိုင်းများထောင်ရန် ကြိုးမောင်းတံ၊ ဒုံးဒင်တို့ကိုယူကာ တောထဲရှိ စမ်းချောင်းကလေးနံဘေးသို့ ရောက်လာကြလေသည်။ သာဒင်က ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုလိုက်ကာ…

"ဒီနေရာ ထောင်မယ်ဟေ့၊ စိုးဝင်း ဒီဝါးရုံပင်အဖျားကို တက်ပြီး ကြိုးချည်ကွာ၊ ဒုံးဒင်ပါ တစ်ခါတည်း ချည်ထားခဲ့"

တင်မောင်ဆွေကလည်း အားပါးတရနှင့်…

"ကိုသာဒင်ရေ သေချာပေါက်ပဲ ဒီနေရာက တောကြောင်တွေ ငါးလာချောင်းတဲ့နေရာပဲ၊ ဒီမှာကြည့်လိုက်၊ ခြေကြောင်ခြေရာတွေ"

သူတို့လည်း သုတ်ကိုင်းထောင်ပြီး စကားတပြောပြောနှင့် စခန်းသို့ ပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ညကျ ဒုံဒင်သံလည်း နားထောင်ကြဦး၊ ဒုံဒင်သံ ကြားရင် ကြောင်မိနေလို့ပဲ"

သူတို့လည်း စခန်းရောက် အောင်ချိမ့်၊ သာဝ၊ ငတိုးတို့က ထမင်းပွဲနှင့် အဆင်သင့်စောင့်နေကြသည်ဖြစ်ရာ အားလုံးစားသောက်ပြီး အိပ်ကြလေတော့သည်။

ည ၁၁ နာရီလောက်ရောက်တော့ 'ဂလုံ...ဂလုံ...' နှင့် သုတ်ကိုင်းထောင်ထားသောနေရာမှ ဒုံဒင်သံက ဆူညံစွာထွက်ပေါ်လာလေသည်။ အောင်ချိမ့်က အရင်နိုးလာကာ...

"ဟော့ကောင်တွေ သာဒင်တို့ ထကြဟ၊ မင်းတို့ သုတ်ကိုင်းထောင်ထားတဲ့ဆီက ဒုံဒင်သံ ကြားတယ်၊ ကြောင်မိနေပြီနဲ့တူတယ်၊"

သာဒင်တို့တစ်တွေ အိပ်မှုံစုံမွှားနဲ့ထကာ ဓားကိုယ်စီကိုင်ပြီး သုတ်ကိုင်းထောင်ထားရာဆီသို့ တစ်ချိုးတည်း ထလစ်ကြလေသည်။

'ဂလုံ ဂလုံ ဂလုံ'

ဒုံဒင်သံကတော့ ဆူညံစွာ ကြားနေရဆဲဖြစ်သည်။

သုတ်ကိုင်းနားရောက်တော့ ဘာကောင်မှမမိဘဲ သုတ်ကိုင်းတပြုတ်နေပြီး ဒုံဒင်က သူ့ဖာသာလှုပ်နေသည်ကို တွေ့ရသည်။ သူတို့လည်း တအံ့တသြဖြစ်ကာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်နေစဉ်မှာပင် တဖြည်းဖြည်းငြိမ်ကာ အသံရပ်သွားလေသည်။ သာဒင်က...

"ဟ...ဘယ်လိုလဲကွ၊ ဘာကောင်မှ မမိဘဲ ဒုံဒင်က ဒါ လောက်မြည်ရသလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



စိုးဝင်းက…

"သေချာကြည့်ကြပါဟ၊ မိပြီးလွတ်များသွားလို့လား"

တင်မောင်ဆွေက…

"ဒီကြေးနန်းကြိုးတော့ မပြတ်နိုင်ပါဘူး၊ မိတဲ့အကောင် ခြေထောက်ပြတ်မှာပဲ"

သာဒင်က ကြေးနန်းကြိုးကွင်းကို ဓာတ်မီးနှင့်ထိုး ကြည့်ပြီး

"အေး…မိထားတဲ့ သဲလွန်စလည်း ဘာမှမတွေ့ဘူး"

ထိုအခါ…

"အဟိ ဟိ ဟိ ဟင်း ဟင်း ဟင်း"

ဘယ်နေရာမှဆိုတာ မှန်းမရ၊ ရယ်သံများကို သဲ့သဲ့ကြား ရလေသည်။ သူတို့က တောထဲပတ်ဝန်းကို ဓာတ်မီးနှင့်ထိုးကြည့် ကြသည်။ ဘာမျှမတွေ့။ ရယ်သံများကတော့ ကြားနေရဆဲပင်။ ချောက်ချားစရာဖြစ်လာသည်။ သာဒင် ကျောစိမ့်လာသည်။

"ဟေ့ကောင်တွေ ပြန်ကြစို့၊ သုတ်ကိုင်းလည်း ဒီတိုင်း ထားခဲ့"

သာဒင်က ပြောပြောဆိုဆို လာလမ်းကိုပြန်သွားနေပြီမို့ တင် မောင်ဆွေနှင့် စိုးဝင်းတို့လည်း နောက်မှ လိုက်လာကြသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် ရှေ့လုနေကြသည်မို့ ကျောစိမ့်ပြေးပြီဆို တာတော့ ခန့်မှန်းလို့ရသည်။ တဲသို့ရောက်သော် အောင်ချိုမြ၊ သာဝနှင့် ငတိုးတို့က ဆီး၍မေးသည်။

"ဘာကောင်မိသလဲကွ"

www.burmeseclassic.com



သာဒင်တို့သုံးယောက်က ဘာမျှမဖြေဘဲ တဲထဲသို့ အလျှင် ဝင်လိုက်ကြပြီး တဲထဲရောက်မှ သာဒင်က…

"ဘာကောင်မှ မမိဘူး၊ အားလုံး ငါပြောမယ်၊ ဒီည မင်းတို့ ထဲက တစ်ယောက်မှ အပြင်မထွက်ကြနဲ့၊ လက်နက်တွေကိုလည်း အသင့်နားထားပြီး သတိဝီရိယနဲ့ အိပ်ကြ"

ငတိုးက သိလိုဇောဖြင့် မေးလိုက်သည်။

"ကိုကြီးသာဒင် ဘာဖြစ်လို့လဲ"

"ငတိုး မင်း လျှာမရှည်နဲ့"

သာဒင်က ငေါက်လိုက်တော့ အားလုံး အကုန်ငြိမ်သွားကာ လုံ၊ မိုန်းလက်နက်တို့ကို အနားသို့ယူထားကာ အတွေးကိုယ်စီနှင့် ငြိမ်နေကြလေသည်။ သာဒင့်စကားကို နားထောင်ရပေမည်။ ထဲတွင်အကြီးဆုံးဖြစ်သည့် ဦးညိုမှာ မနေ့ကပင် ဖျားသဖြင့် ကို ပြန်သွားပြီဖြစ်သည်။ ဒီတော့ သာဒင်က အကြီးဆုံး ဖြစ်နေ သည်။

ဘာများထူးခြားမလဲဆိုသည့်အတွေးများနှင့် အားလုံးအိပ် ပျော်ကြ။ သို့သော် ၁၂ နာရီ ၁ ချက်လောက်ထိ ဘာမျှထူး ခြားမလာသည့်အခါ တချို့တွေအိပ်ပျော် သွားကြလေသည်။ သာဒင်နှင့် တင်မောင်ဆွေတို့နှစ်ယောက်သာ အတွေးကိုယ်စီဖြင့် အိပ်မ ပျော်ဘဲ ရှိနေကြသည်။

"ရှပ်…ရှပ်…ရှပ်…ခွပ်…ခွပ်…ခလွပ်…ခလွပ်"

ထူးခြားလာလေပြီ။ တဲပတ်လည်တွင် ခြေသံတွေ ဝိုင်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



လည်နေသည်။ ခြေသံတွေက ရိုးရိုးခြေသံမဟုတ်ဘဲ စစ်ဖိနပ်သံတွေ ဖြစ်ကြောင်း ခန့်မှန်းမိကြသည်။ သာဒင်နှင့် တင်မောင်ဆွေက တစ်ယောက်ကိုတစ်ယောက် မအိပ်မှန်းသိနေကြသည်။ ဒါကြောင့် သာဒင်က တင်မောင်ဆွေကို လက်ကုတ်လိုက်သည်။ တင်မောင်ဆွေက တိုးတိုးပြောလိုက်သည်။

"ကြားတယ်"

သူတို့နှစ်ယောက် အတန်ကြာအောင် ငြိမ်၍ အကဲခတ်နေကြသည်။ စစ်ဖိနပ်သံတွေက ပျောက်သွားလိုက် ပေါ်လာလိုက်၊ ဝေးသွားလိုက်၊ နီးလာလိုက်နှင့် ကြားနေရသည်။ သူတို့နှစ်ယောက်လည်း နေရာတွင် ထထိုင်လိုက်ကြသည်။ သာဒင်က တောထဲပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အစိမ်းရောင်တောက်နေသည့် မျက်လုံးများက ဟိုနေရာကတစ်စုံ၊ သည်နေရာကတစ်စုံ ပျောက်သွားလိုက်၊ ပေါ်လာလိုက်။ ဓာတ်မီးရောင်အောက်တွင် တွေ့နေရသည်။ သာဒင်က ဓားလှံကို အသင့်ကိုင်လျက် ဓားကိုင်ထားသည့် တင်မောင်ဆွေအား တိုးတိုးပြောလိုက်သည်။

"ဟေ့ကောင် တင်မောင်ဆွေ၊ မကြောက်နဲ့နော်"

"မကြောက်ပါဘူးကွာ၊ တဲထဲဝင်လာလို့ကတော့ အ ကောင်ဖြစ်ဖြစ် ခုတ်မှာပဲ"

သူတို့တစ်တွေ မထူးစိတ်ပိုက်ထားကြလေသည်။ သည်လိုနှင့် မိုးစင်စင်လင်းခဲ့လေပြီ။

အားလုံး အိပ်ရာကထတော့ သာဒင်က ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ချိမ့်တို့ကတော့ အားကိုးရတယ်ကွာ၊ ညက အိပ်ပျော်ကြတာ"

"ဘာဖြစ်လို့လဲ သာဒင်ရ"

"တင်မောင်ဆွေနဲ့ ငါ တစ်ညလုံး မအိပ်ရဘူး"

ငတိုးက မျက်လုံးပြူးကြောင်ကြောင်ကလေးဖြင့်...

"ဘာဖြစ်လို့လဲ ကိုကြီးသာဒင်"

"ဟာ သရဲတွေ တဲကို ဝိုင်းနေတာပဲ"

သာဝက ကြောက်တတ်သူဖြစ်ရာ စိုးရိမ်တကြီး မေးလိုက်သည်။

"ဒါ ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ သည်နေရာဆက်နေလို့ ဖြစ်ပါ့မလား"

"အေး...အဲဒါ လေးလေးလာရင် ပြောမလို့ပဲ၊ တို့ ဒီနေ့အောာထဲဝင်ပြီး ထင်းမခွေဘူး၊ အောင်ချိမ့်တို့ ချက်စရာပြုတ်စရာရှိတာချက်ကြပြုတ်ကြ"

သူတို့အားလုံး အတွေးကိုယ်စီဖြင့် လူစုမခွဲဘဲတဲမှာပင်နေကြလေသည်။

နှင်းထုက ပိတ်ပိတ်ပိန်းမှောင်နေသည်။ သစ်ရွက်တို့အပေါ်နှင်းပေါက်တို့ တဖျောက်ဖျောက်ကျနေသည့် အသံကလေးတွေကြားရာ အသံတစ်ခုကြားရသည်။

'ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်'

မနီးမဝေးဆီမှ ဒုန်းစိုင်းလာသည့် မြင်းခွာသံက သာဒင်တို့တဲ

www.burmeseclassic.com

www.burmeseclassic.com



နှင့်တဖြည်းဖြည်း နီးလာသည်။ နှင်းထုထဲမှ မြင်းကိုစီးလျက် ဦးဘခို ဘွားကနဲပေါ်လာသည်။ တဲနားအရောက် မြင်းကိုဇက်သတ်ကာ မြင်းပေါ်က ဆင်းလိုက်သည်။ ဦးဘခိုက စခန်းမှာ တစ်ခုခုဖြစ်နေသည် ဆိုတာ အကဲခတ်မိသည်။ ထို့ကြောင့် ကျောမှ နှစ်လုံးပြူးသေနတ်ကို ဖြုတ်လိုက်ကာ တဲတိုင်တွင် ချိတ်လိုက်ပြီး သာဒင်တို့ ဝိုင်းဖွဲ့ မီးလှုံနေသည့် မီးဖိုသို့ ဝင်ထိုင်လိုက်ရင်း…

"ကဲ ပြောကြစမ်းကွာ၊ စခန်းမှာ တစ်ခုခုဖြစ်နေတယ်လို့ လေးလေးအကဲခတ်လို့ရတယ်"

သာဒင်က ခေါင်းတစ်ချက် ကုတ်ကာ…

"အဲဒါပြောမလို့ လေးလေးကို စောင့်နေတာ"

သာဒင်က ညကအဖြစ်အပျက်တွေကို ဦးဘခိုအား ပြောပြလိုက်ပြီး…

"အဲဒီတော့ ကျွန်တော်တို့ ဒီနေရာ ဆက်နေလို့ ဖြစ်ပါ့မလား"

"အေး…ဦးညိုပြောလို့ သိပြီးပါပြီကွာ၊ ဦးညိုလည်း ကြောက်ဖျားဖျားပြီး ရွာပြန်သွားတာကွ၊ ရွှေတော့ရွှေတာပေါ့ကွာ၊ ဒါမျိုးကျ လေးလေးက သိပ်ဝါသနာပါတာ၊ အဖွဲ့ညီရင် တစ်ည လောက်တော့ အကဲစမ်းကြည့်ချင်တယ်"

ထိုအခါ သာဒင်နှင့်တင်မောင်ဆွေတို့ စိုးဝင်းတို့ သုံးယောက် ကလည်း ဝါသနာတူတွေမို့…

"ကျွန်တော်တို့အဖွဲ့ကတော့ ညီတယ်၊ ဝါသနာလည်းပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com



သာဝ၊ ဝေကိုး၊ အောင်ချိမ့်တို့ သုံးယောက်ကတော့ ငြိမ်နေကြသည်။

ဦးဘခိုနှင့် အဲဖွဲ့က နေ့ဘက်ပိုင်း လုပ်စရာရှိတာလုပ်ရင်း ညကိုစောင့်နေကြသည်။ အချိန်တန်၍ နေကလေးစောင်းလာတော့ ဦးဘခိုက နှစ်လုံးပြူးသေနတ်ကိုလွယ်လျက် သာဒင်တို့လေးယောက်နှင့်အတူ ထုံးစံအတိုင်း သုတ်ကိုင်းသွားထောင်ကြလေသည်။ သုတ်ကိုင်းထောင်ပြီး ပြန်လာချိန်တွင် အနည်းငယ် မှောင်စပျိုးနေပြီ။ အောင်ချိမ့်တို့ ပြင်ထားသည့် ထမင်းပွဲကို ဝိုင်းဖွဲ့စားကြပြီး ဦးဘခိုက

"ကဲ ကဲ ညကို သတိနဲ့တော့ နေကြပေ့၊ အောင်ချိမ့်က ရေနွေးအိုးတည်ထားကွာ၊ ညမအိပ်ချင်အောင် သောက်ရမယ်ကွ"

ထိုအချိန်မှစ၍ သူတို့အဖွဲ့လည်း အချိန်ရှိသရွေ့ တောတွင်းမှအသံများ လှုပ်ရှားမှုများကို နားစွင့်အကဲခတ်လျက်ရှိကြသည်။

တစ်ညလုံး ဘာမျှထူးခြားလာခြင်းမရှိ။ ဦးဘခိုက လက်မှနာရီ ကြည့်လိုက်လေသည်။ နံနက် ၄ နာရီထိုးလို့ ၁၀ မိနစ်ကျော်လေပြီ။ ငိုက်သူကငိုက် တဝါးဝါးသမ်းသူကသမ်း၊ ဦးဘခိုကိုယ်တိုင်လည်း တစ်ညလုံး မအိပ်ရသဖြင့် မျက်လုံးများ ကျိန်းစပ်လာကာ လက်ဖြင့် မျက်နှာကို ခဏခဏ ပွတ်နေလေသည်။ ထိုစဉ် ခပ်ကြမ်းကြမ်း ထွက်ပေါ်လာသည့် 'ဂလုံ၊ ဂလုံ၊ ဂလုံ၊ ဂလွမ်၊ ဂလွမ်' ဗုံဒင်သံကို ကြားရလေပြီ။

"လာကြပေ့ သွားကြမယ်"

သာဒင်တို့အဖွဲ့ကလည်း လက်နက်ကိုယ်စီဖြင့် အသင့်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးဘခိုက နှစ်လုံးပြူးသေနတ်ကို ကျည်ဆံထည့်ကာကိုင်ထား ပြီး သာဒင်က ဓာတ်မီးကိုင်လျက် နှစ်ယောက်ယှဉ်ကာ ရှေ့မှသွား ကြသည်။ အဖွဲ့သားအားလုံးလည်း လက်နက်ကိုယ်စီဖြင့် လိုက်လာကြ ရာ သုတ်ကိုင်းထောင်ထားသော ဝါးရုံပင် မနီးမဝေးသို့ရောက်သော် လူ ၇ ယောက် ၈ ယောက်လောက် တောကောင်တစ်ကောင်ကို လုယက်စားသောက်နေသည်ကို ဓာတ်မီးရောင်အောက်မှာ အတိုင်း သားမြင်ရလေသည်။ ဓာတ်မီးရောင်ကြောင့် သူတို့အားလုံး သာဒင် တို့ဘက်ကို လှည့်ကြည့်လိုက်ကြစဉ် အစိမ်းရောင်တောက်နေသည့် မျက်လုံးအစုံများ။ သွေးများပေကျံနေပြီး ပါးစပ်မှ အစွယ်ငေါငေါ ထွက်ကြလျက် ထိုလူစုမှာသွေးဆာနေသော ဖုတ်ကောင်များအသွင် ဆောင်နေလေသည်။ သူတို့က အုပ်စုလိုက် သာဒင်တို့ဆီသို့ ဦးတည် လျက် တရွေ့ရွေ့ လာနေကြသည်။

'ဖောင်း'

ဦးဘခိုက ထိုအုပ်စုကို ပစ်လိုက်သည့် နှစ်လုံးပြူးအသံ ဖြစ်သည်။ တစ်တောလုံး ဟိန်းသွားလေသည်။ သို့သော် ထိုလူစုမှာ ဘာမှမဖြစ်သလို ရှေ့သို့သာ တရွေ့ရွေ့တိုးလာနေဆဲ။

'ဖောင်း'

နောက်တစ်ချက် ထပ်ပစ်လိုက်ပြန်သည်။ မမှု၊ ရှေ့သို့သာ တိုးလာနေဆဲ။ ဦးဘခိုက ကျည်ကုန်သွားပြီမို့ ကျည်ထည့်နေစဉ် သာဒင်တို့အဖွဲ့မှာ တစ်ယောက်နှင့်တစ်ယောက် တွန်းကာ ထွန်းကာနှင့် တဲဆီသို့ ပြန်ဆုတ်ဖြစ်နေကြသည်။ ဦးဘခိုကလည်း ကျည်ထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝစ်လိုက်နှင့် ဆုတ်လာရာ တစ်ဖွဲ့လုံး ဘယ်လို ဘယ်ပုံတဲထဲသို့ ရောက်လာကြမှန်း မသိတော့ပါ။ တဲထဲတွင် လူစု၍ နေရတော့သည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ စစ်ဖိနပ်သံတွေနှင့်အတူ လူသဏ္ဌာန် အရိပ်အရောင်တွေက တဲကို ပတ်ချာလှည့်နေလေသည်။ သာဒင်တို့လည်းတဲထဲ၌ လူစုကာ ကျောချင်းကပ်လျက် လက်နက်ကိုယ်စီဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်နေရသည်။ တော်သေးသည်။ တဲထဲဝင်ပြီး အန္တရာယ်တော့မပေး။ သည်လိုနှင့် မိုးစင်စင်လင်းခဲ့သည်။ သည်တော့မှ ဦးဘခိ သက်ပြင်းတစ်ချက်ချလိုက်ကာ…

"အင်း…ငါ ဒါလောက်မထင်ဘူးကွ၊ ဒီနေ့ပြောင်းကြတာပေါ့ကွာ၊ ကဲ အောင်ချိမ့်တို့ ချက်စရာရှိတာချက်၊ သာဒင်တို့က ဖျက်စရာရှိတာဖျက်၊ နေမစောင်းခင် အပြီးရွှေ့ရအောင်"

ထိုအခါမှ ဦးဘခိနှင့်အဖွဲ့သားအားလုံး မျက်လုံးပြူးရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ငတိုးတစ်ယောက် အဖွဲ့ထဲမှ ပျောက်နေသည်ကို သိလိုက်ရ၍ဖြစ်သည်။

ဦးဘခိက အံ့ဩခြင်း၊ ထိတ်လန့်ခြင်းမျက်နှာနှင့် မည်သူ့ကိုမှ ဦးတည်ချက်မရှိဘဲ ညည်းသလိုနှင့် မေးမိလိုက်လေသည်။

"ငတိုး ဘယ်လိုပျောက်သွားတာလဲ"

သာဒင်က…

"အဖွဲ့ထဲက ထွက်သွားတာတော့ မမြင်ဘူး၊ မနေ့တုန်းကလွှဲရာ ညကတဲကို ပြန်ဆုတ်အလာမှာ အကြောက်ကြီးပြီး သွေးရူးသွေး

www.burmeseclassic.com

www.burmeseclassic.com



တန်းနဲ့ ပြေးမိပြေးရာ စွတ်ပြေးပြီးနဲ့တူတယ်"

"အေး…ဟုတ်ပြီ၊ လုပ်စရာရှိတာ နောက်မှလုပ်၊ လက်နက်တွေယူ၊ တောထဲဝင်ရှာရအောင်"

သာ့ခင်အဖွဲ့လည်း လက်နက်ကိုယ်စီဆွဲလျက် နှင်းထူကြီးပိတ်နေသည့် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဒီနေ့နံနက်မှ နှင်းကပိုကျသည်ထင်ရသည်။ ဖွားဖွား ဖွားဖွားနှင့်ကိုကျနေသည်။ အားလုံးမှာ အပေါ်မှကျသည့် နှင်းဖြန်းသည်ကတစ်မျိုး တောတိုးရ၍ သစ်ခက်သစ်ရွက်ပေါ်မှ နှင်းစက်တို့ ကြောင့်ရွှဲတာကတစ်မျိုးဖြင့် အားလုံး ရွှဲရွှဲစိုနေကြသော်လည်း ချမ်းရမှန်းမသိကြပေ။ ငတိုးကို ဘယ်နေရာဘယ်ပုံစံနဲ့ တွေ့ရလေမလဲ ဆိုသည့်အတွေးစိတ်ကတစ်မျိုး ညကဖုတ်ကောင်များကို ကြောက်နေကြသည်ကတစ်မျိုးဖြင့် ချမ်းရကောင်းမှန်းမသိနိုင်ကြပေ။

တစ်ခြံကိုတိုး တစ်ပင်ကိုကြည့်ဖြင့် ရှာလာလိုက်ကြရာ တောတွင်းတစ်နေရာအရောက်တွင် မှတ်ဆိတ်တွေသွယ်တန်းကျနေပြီး အုပ်ဆိုင်းမှိုင်းနေသည့် ညောင်ပိန္နဲပင်ကြီးအောက်သို့ ဝင်မိလိုက်ကြသည်။ အပင်ကြီးအောက်တွင် မည်သည့်အကောင်၏ အရိုးဟုမှန်းလို့မရသည့် အရိုးပေါင်းစုံက ပြန့်ကြဲလျက်ရှိသည်။ အပင်ကြီးပေါ်တွင် အမည်မသိ ငှက်တစ်အုပ်က "ဂိ…ဂိ…ဂစ်…ဂစ်…ဂေါ်းဂိးတဂစ်ဂစ်" နှင့် အသံပေးလျက် သူတို့အဖွဲ့ကို ငုံ့ကြည့်နေသည်။

'ဖောင်း'

ဦးဘခိုက သေနတ်နှင့် တစ်ချက်ပစ်လိုက်မှ ဝေါကနဲ ထပျံ

www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။ ထိုစဉ် သစ်ပင်ကြီးတစ်ဖက်တွင် ရောက်နေသော သာဒင်က အလန့်တကြားနဲ့…

"ဟာ…လေးလေး ဒီမှာ ဒီမှာ"

အဖွဲ့သားအားလုံးက သာဒင်ရှိရာဘက် ရောက်သွားကာ သာဒင်ညွှန်ပြရာသို့ ကြည့်လိုက်စဉ် တစ်ဖက်သို့ ကန့်လန့်ထိုး ထွက်နေသော ညောင်ကိုင်းကြီးပေါ်တွင် ကန့်လန့်မှောက်လျက် လျှာတွဲလွဲ ထွက်ကာ မျက်လုံးကြီးတွေ ပြူးထွက်ပြီး သေနေသည့် ငတိုးကို တွေ့မြင်ကြရလေသည်။ ဦးဘခိုလည်း ဘာမျှမတတ်နိုင်တော့သည်မို့ သက်ပြင်းတစ်ချက် ချလိုက်ကာ…

"အင်း….မတတ်နိုင်တော့ဘူး၊ အလောင်းသာအရသယ် ကြစို့"

ဦးဘခို၏စကားအတိုင်း အလောင်းကို ခဲရာခဲဆစ်နှင့် စခန်းသို့ သယ်ခဲ့ကြလေသည်။ စခန်းသို့ရောက်သော် ဦးဘခိုက

"အလောင်းကို လှည်းတစ်စီးတင် ကျန်တဲ့နှစ်စီးက အရေးကြီးတာတွေတင် အရေးမကြီးတာတွေထားခဲ့၊ ပြီးရင် ရွာကိုမောင်းမယ်"

ရှေ့မှ အလောင်းကိုတင်သည့် လှည်းကို ဦးဘခိုနှင့် သာဒင်က မောင်းပြီး ကျန်လှည်းနှစ်စီးကို ကျန်လူများက မောင်းခဲ့ကြပြီး ရွာသို့ ပြန်ခဲ့လေသည်။ ဦးဘခိုမှာ လှည်းပေါ်တွင်ထိုင်လိုက်သောရင်း သာဒင်ကို ပြောပြလေသည်။

"လေးလေး မှားသွားတယ် မောင်သာဒင်ရေ၊ သတိလက်

www.burmeseclassic.com

www.burmeseclassic.com



လွတ်ဖြစ်သွားတယ်၊ ဦးညိုပြောကတည်းက သတိမူဖို့သင့်တယ်"

"ဘာဖြစ်လို့လဲ လေးလေး"

"ဒီလိုကွ၊ ဂျပန်တွေ စစ်ရှုံးလို့ပြေးတော့ အဲဒီနေရာမှာ ဂျပန်တပ်စိတ်တစ်စိတ် ထွက်ပေါက်မရှိ ပိတ်မိသွားတယ်ကွ၊ ဒါနဲ့ တိုက်ပွဲဖြစ်ကြတယ်ပေါ့ကွာ၊ တိုက်ပွဲမှာ ဂျပန်တပ်စိတ်တစ်စိတ်လုံး ကျဆုံးခဲ့တယ်၊ ငါတို့မျက်မြင်ပေါ့။ ဂျပန်အလောင်းတွေဆိုတာ မြင်မကောင်းဘူး တုံးလုံးပက်လက်တွေပေါ့။ ဒါတွေကို ဘယ်သူမှလည်း မသဂြိုဟ် မရှင်းလင်းကြဘူး။ ဒီလောက်များတဲ့ အလောင်းတွေကိုဘယ်သူရှင်းနိုင်မှာလဲ၊ ဒါနဲ့ အဲဒီနေရာမှာ ခွေးတအူအူ၊ ကျီးတသောသော၊ လင်းတ တရှန်းရှန်းနဲ့ပေါ့။ ဒီကောင်တွေ ဒီနေရာမှာ မကျွတ်မလွတ်ဘဲရှိနေမယ်ဆိုတာ လေးလေးသတိမူဖို့သင့်တယ်၊ လေးလေးသတိလက်လွတ် ဖြစ်သွားတယ်ကွယ်"

ဦးဘခိုက တောက်တစ်ချက်ခေါက်ကာ စကားကို အဆုံးသတ်လိုက်ပြီး အားလုံးအတွေးကိုယ်စီဖြင့် တရွေ့ရွေ့ တအိအိနှင့် ရွာဆီသို့ မောင်းသွားကြလေတော့သည်။

◆ ◆ ◆

အနှစ်ငါးပါးကို ဦးခိုက်လျက်
ဗိုးသာဒင်

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံရပ်ခြား
တစ္ဆေဖြစ်ရပ်မှန်

# တံခါးနှစ်ချက်ခေါက်ပြတယ်

ရောဘတ်ဟာ ငယ်စဉ်ကလေးဘဝက အဖိုးအဖွားတွေအိမ်မှာ ရက်ရှည်လများ သွားရောက်နေထိုင်လေ့ရှိပါတယ်။ အဖိုးအဖွားနေတဲ့အိမ်ဟာ ရှေးကျပြီး ရောဘတ်အိပ်တဲ့ အခန်းမရောက်ခင် စတိုခန်းလို အခန်းကြီးတစ်ခန်းရှိပါတယ်။ တစ်ညမှာတော့ ရောဘတ်တစ်ယောက်အိပ်ရာထဲတွင် တစ်ယောက်တည်းစဉ်းစားရင်း သရဲဆိုတာတကယ်မရှိဘူး၊ ငါ့ဘာကိုမှ ကြောက်နေစရာမလိုဘူးဆိုသောသတ္တိစိတ်နှင့် သူ့အခန်းအပြင်ကိုထွက်ကာ စတိုခန်းဘက်ကိုလျှောက်ခဲ့ပါတယ်။ စတိုခန်းတံခါးက မှန်တံခါးမို့ အထဲကိုမြင်နေရပါတယ်။ ညဘက်မို့ မှောင်တော့မှောင်နေတာပေါ့။ ရောဘတ်လည်း လက်သီးကိုဆုပ်ကာ 'သရဲဆိုတာတကယ်ရှိရင် သိသာအောင်တခုခုလုပ်ပြပါ' ဟု ပြောလိုက်တယ်။ သူ့စကားအဆုံးမှာ စတိုခန်းတံခါးအထဲဘက်ကနေပြီး ဒေါက် ဒေါက် ဆိုတဲ့ တံခါးခေါက်သံအကျယ်ကြီးနှစ်ချက်တိတိ ကြားလိုက်ရပါတယ်။ တံခါးနောက်မှာလည်း ဘယ်သူမှရှိမနေခဲ့ပါဘူး။ အဲဒီနေ့ကစပြီးရောဘတ်လည်း နောက်ဘယ်တော့မှ စတိုခန်းနားမသွားတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com





လူသွားစင်္ကြံတစ်လျှောက် ပိန်းပိတ်အောင် မှောင်မည်းနေ၏။ အချိန်က ည ဆယ်နာရီကျော်။

"အားလုံးအသင့်ပြင်၊ ရယ်ဒီ ရိုက်မယ်၊ ဖိုး…သဗိုး…တွား… ဝမ်း…အက်ရှင်၊ အမှတ်တစ် မီးလုံးဖွင့်၊ အမှတ်နှစ် ဖက်ဖွင့်၊ သုံးနဲ့ လေး ခဏနေဦး၊ ထွက်လာမှ အစဉ်လိုက်ဖွင့်၊ အိုကေ…အက်ရှင်"

www.burmeseclassic.com

www.burmeseclassic.com





ဝသုန်ဟိန်းထက်

# သရဲစီးသော ရိုက်ကွင်း

ဒါရိုက်တာ ကျော်ဇောခရဲ့အသံက ဟိန်းထွက်လာသည်။ စက်အဖွဲ့သားအားလုံးကလည်း အဆင်သင့်။ ရိုက်နေသည့် ဇာတ်လမ်းက 'နာနာဘာဝဖိုင်' ဆိုတဲ့ သရဲဇာတ်လမ်း။ ဇာတ်လမ်းအရ လှူသွားခကြီးတစ်လျှောက် မှောင်မှောင်မည်းမည်းနေရာမှ သရဲမ ထွက်လာရမည့်အခန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဝတ်ရုံပွကြီးကိုဝတ်၊ မိတ်ကပ်အထူးပြုလုပ်ချက်များဖြင့် သရဲမက ဆံပင်ဖားလျားချကာ လေးဘက်ထောက်ပြီး ကြောက်မက်ဖွယ်ဟန်ဖြင့် ထွက်လာရမည်။ လက်ကကားယား၊ ခြေကကားယား၊ ဆံပင်ဖားလျားဖြစ်အောင်တော့ သုံးချောက်ထောက်ပန်ကာကြီးကို ဖွင့်ကြမည်။

စကြီလမ်းတစ်လျှောက်ရှိ ပြာလဲ့လဲ့မီးလုံးများကို သရဲမ၏ ခြေလှမ်းချက်အပေါ် မူတည်၍အစဉ်လိုက် ဖွင့်သွားရမည် ဖြစ်သည်။ နာမည်ကြီးမင်းသမီးဖြစ်၍လည်း အက်ရှင်တွေက နှစ်ခါသင်စရာမလို။

"စမယ်...အက်ရှင်၊ ထွက်လာတော့"

အဖွဲ့သားများအားလုံးက အမှောင်ချထားရာနေရာသို့ မျက်တောင်မခတ်တမ်း ကြည့်နေကြ၏။ ကင်မရာသမား၊ မီးအဖွဲ့၊ အသံဖမ်းအဖွဲ့ အားလုံးအဆင်သင့်။

မပီမသ ဗလုံးဗထွေး ညည်းညူသံကြီးတစ်ခု။

သေအံ့မူးမူး လူနာတစ်ယောက်၏ အသက်ငင်အသံမျိုး။

အသံနှင့်အတူ ဖြူဖြူကောင်ကြီးတစ်ကောင် လှုပ်ရှားရှန်းထွက်လာပုံကို အမှောင်ထဲမှာ မထင်မရှား တွေ့လိုက်ရသည်။ ကင်မရာက စတင်ရိုက်ကူးပြီ။ အမှောင်ထဲမှ သရဲမ ထွက်လာပါပြီ။

"ဟုတ်ပြီ၊ ဖြည်းဖြည်းချင်းထွက်၊ ကိုရှိကားယားပုံစံနဲ့ထွက် ဟုတ်ပြီ၊ အမှတ်တစ်မီး ဖွင့်တော့"

ဒါရိုက်တာကျော်ဇောခ၏ အမိန့်ပေးသံနှင့်အတူ ပြာလဲ့လဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆံမှိန်မှိန် မီးလေးတစ်လုံး လင်းလာ၏။ အမှောင်ထုဒ္ဓ ရုပ်ထွက်က ပိုပီပြင်လာခဲ့သည်။

သရဲမက ဆံပင်တွေ ဖွာလန်ကျဲ၍ လေးဘက်တွားသွားနေရာမှ လက်ကိုဆန့်၍ ထရန်ကြိုးစားသည်။ ပန်ကာလေကြောင့် ဆံပင်တွေက တဖျပ်ဖျပ် လွှန့်လူးလွင့်ကြွလျက်။

"ဟုတ်ပြီ၊ ထမယ်၊ လက်တွေဆန့်ထား၊ ဟုတ်ပြီ၊ အမှတ်နှစ်မီး ဖွင့်တော့"

ဖျပ်ခနဲ မီးလုံးလေး ပွင့်သွားချိန်မှာတော့ ထရန်ကြိုးစားနေသည့် သရဲမက ရုတ်တရက် 'ဝုန်း'ကနဲ ပျော့ခွေလဲကျသွား၏။ သူ့ခန္ဓာကိုယ်က တမံသလင်းတွင် ခွေလဲလို့။

"ဟင်…ဘာဖြစ်တာလဲ"

"ဟာ…မင်းသမီး၊ ဘာလုပ်တာလဲ၊ ပြန်ထလေ၊ ပြန်ထ"

"ရပ်…ရပ်၊ စက်ရပ်ထား"

"မီးချောင်းတွေ ဖွင့်လိုက်ဟေ့"

အားလုံးပျာယာခတ်ကုန်ပြီ။ မီးတွေ ထိန်လင်းသွားတော့ ရိုက်ကွင်းအဖွဲ့သားများက အပြေးအလွှား သွားကြည့်ကြ၏။ မင်းသမီး၏ အမေဖြစ်သူက ထိပ်ဆုံးမှ…

"မင်းသမီး…မင်းသမီး၊ ဟာ…ခေါ်လို့မရတော့ဘူး"

"လူနာတင်ကား အမြန်ခေါ်ဟေ့"

"သမီး…သမီး…ဘာဖြစ်တာလဲ၊ လုပ်ကြပါဦး၊ ခေါ်လို့မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်အတွင်း လူနာတင်ကား ရောက်လာ၍ မင်းသမီးကို ဆေးရုံပို့လိုက်ရသည်။ သရဲကား ရိုက်ကူးနေစဉ်မှာပင် မင်းသမီးက သတိလစ်သွားခဲ့လေပြီ။

"ရိုက်ကွင်းဖျက်လိုက်တော့၊ ဟူး…"

ဒါရိုက်တာ ကျော်ဇောခကတော့ စိတ်ပျက်စွာဖြင့် သူ့ကားပေါ်တက်၍ မောင်းထွက်သွားလေပြီ။ သူ့ဘက်ကကြည့်လျှင် နစ်နာမှုများ ရှိနေသည်ကိုး။ အများစုကတော့ မင်းသမီးဆီ စိတ်ရောက်နေကြ၏။ ပစ္စည်းများ သိမ်းဆည်းရင်းက ထင်ကြေးအမျိုးမျိုး ပေးနေကြတော့၏။

"ဘယ်လိုဖြစ်တာလဲကွာ၊ မင်းသမီးက ရုတ်တရက်ကြီး"

"ငါ့အထင်တော့ ရိုက်တာက သရဲကား၊ မင်းသမီးက တစ်ယောက်တည်း အမှောင်ထဲမှာ နေရတာ၊ ငါ့အထင် သူ သရဲအစစ်ကိုတွေ့ပြီး နှလုံးရပ်သွားတာများလား"

◆ ◆ ◆

ကြားရသည့် သတင်းက ယုံနိုင်စရာ မရှိ။

မင်းသမီး နှလုံးရပ်ပြီး ဆုံးသွားပြီတဲ့။ ကြားရသူတိုင်း ပါးစပ်အဟောင်းသား ဖြစ်ကြရပြီ။ ရုပ်ချော၊ အရွယ်ကောင်း၊ အအောင်မြင်ဆုံးအချိန်မှာ ဆုံးပါးသွား၍ အားလုံးစိတ်မကောင်း။

ဒီမင်းသမီးက သိပ်တော်တာ၊ စိတ်ရောကိုယ်ရော နှစ်ပြီး လုပ်တာ၊ သူ့သရုပ်ဆောင်တိုင်းက သိပ်ပီပြင်ပြီး သိပ်သဘာဝကျတာ။

အခုတော့ ပြည်သူချစ် အနုပညာရှင်တစ်ဦး ဆုံးရှုံးသွားခဲ့ရပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှာပနအခမ်းအနားကား ကြိတ်ကြိတ်တိုးမျှ။ အားလုံး စုတ်တသပ်သပ်ဖြစ်လျက်။ ကြွေရုပ်လေးတစ်ရုပ် အိပ်မောကျနေသည့်အလားမင်းသမီး၏ရုပ်အလောင်းကို လူတွေကြည့်လို့မဝကြ။ 'တဖျပ်ဖျပ်' ဓာတ်ပုံရိုက်လို့ မဝကြ။ ဝိုကြွေးသံများအကြားမှာ မီးပွင့်တွေ တဖျပ်ဖျပ် လက်နေ၏။ အလောင်းထည့်ထားသော ကျွန်းခေါင်းတလားကြီးရဲ့ ဘေးတစ်ဖက်မှာတော့...

ရုပ်ရှင်ဇာတ်ဒီယိုသရုပ်ဆောင်
'သစ္စာသံစဉ်'
အသက် (၂၄) နှစ်

ဟု ရေးထိုးထား၏။

ဒါရိုက်တာကျော်ဇောသည် မင်းသမီးအလောင်း ပြင်ထားရာနှင့် ခပ်လှမ်းလှမ်းတွင် တွေတွေကြီး ရပ်နေ၏။ လူက ငြိမ်နေသော်လည်း သူ့စိတ်တွေက လှုပ်ရှားလျက်။ ဇာတ်လမ်းမပြီးခင် သူ အားထားရသော မင်းသမီး ဆုံးရှာပြီ။ ဘာဆက်လုပ်ရမည်နည်း။

အချိန်၊ ငွေကြေး၊ လူအင်အား ပြည့်စုံကောင်းမွန်စွာ ကြိုးစားခဲ့သည်။ ယခု မင်းသမီးနေရာတွင် ဘယ်သူ့ကို အစားသွင်းရမည်နည်း။ ဤပြဿနာမှာ သူ့ကို ရှုပ်ထွေးစေခဲ့၏။

"ဆရာ...ရှူးဆေးလေး ရှူထားလိုက်ပါလား"

တက်သစ်စ ကြော်ငြာမင်းသမီးလေး လဝန်းငယ်က ရှူးဆေးဘူးကို အလိုက်တသိဖြင့် ကမ်းပေးသည်။

"နေပါစေ လဝန်း၊ ရတယ် ကျေးဇူးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ စိတ်ညစ်နေလားဟင်"

လဝန်းငယ်က ကရုဏာစွက်သော လေသံတိုးတိုးဖြင့် မေး၏။

"အင်း...သစ္စာ ဆုံးသွားတဲ့အတွက် စိတ်ထိခိုက်မိတယ်၊ နှမြောလည်း နှမြောတယ်၊ သူ့အတွက် လုပ်စရာတွေ အများကြီး ကျန်သေးတယ်လေ၊ ဒီလောက်စောပြီး မဖြစ်သင့်ဘူး"

"ဟုတ်တယ်နော် ဆရာ၊ မမသစ္စာသံစဉ်က လဝန်း အတုယူ အားကျရတဲ့ အနုပညာရှင်တစ်ယောက်ပါ။ လဝန်းလည်း အရမ်းယူကြုံးမရ ဖြစ်ရပါတယ် ဆရာ"

"ဟုတ်တယ် လဝန်း၊ ဒီဇာတ်ကားကလည်း ဆရာကိုယ်တိုင် စိတ်နှစ်ထားတာလေ၊ သစ္စာရဲ့ ကာရိုက်တာနဲ့ အလိုက်ဖက် ဆုံးဇာတ်။ သူမရှိတော့ ဘယ်သူနဲ့ အစားထိုးရမလဲဆိုတာ တွေးပြီး ခေါင်းကိုက်နေတာ လဝန်း၊ သူ့လို လမိုင်းကပ်ဖို့ဆိုတာ မလွယ်ဘူး လေ"

ဒါရိုက်တာ ကျော်ဇေခ၏ စကားအဆုံးတွင် လဝန်းငယ် တစ်ယောက် ထူးခြားမှုတစ်ခုကို ရုတ်တရက် ခံစားလိုက်ရသည်။ သူ့ခန္ဓာကိုယ်သည် 'ဟာ'ကနဲ ဖြစ်သွားလျက် ဆတ်ကနဲ တစ်ချက် တုန်ခါသွားသလိုလို။

"ဟင်...လဝန်း၊ ဘာဖြစ်တာလဲ၊ မျက်စိမိုက်လို့လား"

လဲပြိုမလို ယိမ်းနွဲ့တုန်ခါသွားသော လဝန်းငယ်၏ ကိုယ်လုံး လေးကို ဒါရိုက်တာကျော်ဇေခက ထိန်းပေးလိုက်ရသည်။ လဝန်း

www.burmeseclassic.com

www.burmeseclassic.com



ယံ၏ မျက်လုံးတွေက စောစောကနှင့် မတူ။ မျက်လုံးတွေက ကြောင်တောင်တောင်၊ ခန္ဓာကိုယ်က မသိမသာတုန်ခါလို့၊ နှုတ်ခမ်းအစုံကလည်း တဆတ်ဆတ်တုန်ခါကာ တစ်စုံတစ်ခုကို ထုတ်ပြောချင်နေသလိုလို။

"လဝန်း ဘာဖြစ်တာလဲ၊ ဘာပြောချင်လို့လဲ၊ ပြောလေ လဝန်း"

ကြောင်တောင်တောင် မျက်လုံးများဖြင့် ကြည့်လျက်မှ လဝန်းယံက ရုတ်တရက် ထအော်လိုက်သည်။

"ရိုက်မယ်...ဆက်ရိုက်မယ်၊ ပြီးအောင် ဆက်ရိုက်မယ်"

အော်သံက အတန်ငယ် ကျယ်လောင်၍ ပရိသတ်က လှည့်ကြည့်ကြသည်။ မင်းသမီးအလောင်းနံဘေး ငိုယိုနေသူတွေပင် အဒေါ်မျှ ရပ်တန့်သွား၏။ စူးစူးရှရှအော်ဟစ်လိုက်ပြီးမှာတော့ လဝန်းငယ် တစ်ယောက် တစ်ခါတည်း ပျော့ခွေလဲကျသွားပါတော့သည်။ ကိုကျော်ဇောခပင် ဆွဲထူရန် မမီတော့။

"လဝန်း...ဟာ...လဝန်း"

"ဟဲ့...ဟိုမှာ လုပ်ကြပါဦး"

လူတွေ ဝိုင်းအုံစုပြုံရောက်ရှိလာကာ ဝိုင်းဝန်းပွေ့ထူပြုစုကြော့မှ လဝန်းငယ်တစ်ယောက် 'တအီးအီး၊ တအဲအဲ'ဖြင့် အိပ်ရာမှ နိုးလာသလို နိုးထလာတော့သည်။

"လဝန်း သတိရပြီလား၊ လဝန်း ဘာဖြစ်တာလဲ"

"ဟိုမှာ...ဟိုမှာ..."

www.burmeseclassic.com

www.burmeseclassic.com



လဝန်းငယ်က တစ်နေရာသို့ လက်ညှိုးထိုးပြရင်း မျက်ဖြူလန်ကာ ပြန်သတိလစ်သွားပြန်သည်။ သူညွှန်ပြရာမှာ မင်းသမီးသစ္စာသံစဉ်၏ အလောင်းစင်သာ ရှိ၏။

"ဟာ…ပြန်သတိလစ်သွားပြန်ပြီ"

"ဆေးခန်းပို့မှဖြစ်မယ်"

"ကျွန်တော့်ကားနဲ့ပဲ ပို့ပေးပါ့မယ်၊ အန်တီညွှန့်တို့ပါ လိုက်ခဲ့ပေးပါ"

ဒါရိုက်တာကျော်ဇောခက လဝန်းငယ်ကို ဆေးခန်းတစ်ခုသို့ ခေါ်ဆောင်လာခဲ့၏။ ဆရာဝန်ကတော့ သေချာစွာစစ်ဆေးပြီး အခုလို ရှင်းပြသည်။

"စိုးရိမ်စရာ မရှိပါဘူး၊ Pressureလည်း ပုံမှန်ပဲ၊ အနားယူဖို့တော့ လိုလိမ့်မယ်"

အခုတော့လည်း လဝန်းငယ်က ပုံမှန်အတိုင်းပင်။

"ရပါတယ် ဆရာ၊ သမီး အိပ်ရေးပျက်သွားလို့ပါ"

"ကဲ…လာ၊ ဒါဆို လဝန်း အားရှိသွားအောင် ဆရာတစ်ခုခု လိုက်ကျွေးမယ်၊ အန်တီညွှန့်တို့ပါ လိုက်ခဲ့လေ"

"နေပါစေ ဒါရိုက်တာကြီး၊ မင်းသမီး ဈာပနပွဲမှ မပြီးသေးဘဲ၊ အန်တီတို့ တက္ကစီနဲ့ ပြန်ပြေးသွားလိုက်မယ်၊ ဆရာပဲ လဝန်းကို ဂရုစိုက်ပေးလိုက်ပါ"

အန်တီညွှန့်တို့က တက္ကစီဖြင့် ပြန်သွားခဲ့လေပြီ။

"လဝန်း ဘာစားချင်သလဲ ပြော"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…လဝန်း စားချင်တာက ကြေးအိုး၊ ဟုတ်တယ်၊ ကြေးအိုးသောက်မယ်"

ထို့ကြောင့် နှစ်ယောက်သား ကြေးအိုးသောက်ဖြစ်ကြသည်။

"ဒါနဲ့ လဝန်း၊ လဝန်း ဘာဖြစ်တာလဲ၊ နည်းနည်းထူးဆန်းနေသလိုပဲ၊ အခု ဆရာတို့ နှစ်ယောက်တည်းဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောပြပါလား"

စားသောက်ရင်းမှ မေးကြည့်သည်။ လဝန်းငယ်က မျက်မှောင်ကြုတ်၍ တစ်ချက်စဉ်းစားသည်။ သူကိုယ်တိုင် ရှုပ်ထွေးနေပုံရ၏။ အတန်ကြာမှ အခုလို ရှင်းပြသည်။

"လဝန်း မှတ်မိသလောက် ပြောမယ်နော်၊ လဝန်းရင်ထဲမှာ ဘာကနဲ ဖြစ်သွားတယ် ဆရာ၊ တစ်ခုခု တိုးဝင်လာသလိုမျိုး၊ အမြင်က ပြုတ်ကျသွားသလိုမျိုး၊ ပြီးတော့ ဘာမှ မသိတော့ဘူး"

"ဟုတ်ပြီ၊ လဝန်း ပြန်သတိရလာပြီးတော့ ဟိုမှာ…ဟိုမှာ ညီ့ လက်ညှိုးထိုးပြတာကကော"

"အဲဒါ…အဲဒါက…"

လဝန်းက ပြောသင့်၊ မပြောသင့် ချိန်ဆနေပုံပေါ်သည်။

"ပြောလေ လဝန်း၊ ဆရာ့ကို ယုံကြည်စွာနဲ့ ပြောပါကွာ"

"ဟုတ်…ဟုတ်ကဲ့ ဆရာ၊ နည်းနည်းတော့ ဆန်းနေတယ်၊ ဆရာပြောသလို ဆက်ရိုက်မယ်လို့ အော်တာတော့ လုံးဝမသိဘူး"

"ဟုတ်ပြီ လဝန်း၊ ဒါဖြင့် ဆရာပြောမယ် ဆရာ တစ်ခု သတိထားမိတာက လဝန်း အော်လိုက်တာက လဝန်းအသံမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး သစ္စာသံစဥ်ရဲ့အသံ"

"ရှင်…ဟုတ်ရဲ့လား ဆရာ"

"သေချာတယ်၊ သိပ်သေချာတယ် လဝန်း၊ ဒါထက် ပြန်သတိရလာပြီး လဝန်း ဘာမြင်လို့ ညွှန်ပြတာလဲ"

"ဟို…ဒီ…ဒီလို ဆရာ၊ လဝန်း သတိရလာတော့ လူတွေဝိုင်းအုံနေတယ်၊ လဝန်းလည်း အံ့သြသွားတာပေါ့၊ လူတွေရဲ့နောက်နားမှာ ဟိုလေ…မမသစ္စာသံစဥ်ရဲ့ အလောင်းကုတင်အနားမှာ မမသစ္စာသံစဥ် ရပ်နေတယ် ဆရာ"

"ဘာ…ဘယ်လို၊ လဝန်း အမြင်မှားတာလားကွာ"

"မဟုတ်ဘူး ဆရာ၊ ပီပီပြင်ပြင် မြင်ရတာပါ"

"သူက ဘာပြောလဲ လဝန်း"

"ဘာမှမပြောဘူး၊ ပြုံးပြီး လဝန်းကို ကြည့်နေတာ၊ ရုတ်တရက်အခုလို တွေ့လိုက်ရတော့ လဝန်းလည်း လန့်ဖျတ်ပြီး သတိလစ်သွားတာပေါ့ ဆရာ"

ထူးခြားဆန်းကြယ်မှုများနှင့်အတူ အဖြေမထွက်သော ရှုပ်ထွေးမှုများ စတင်ဝင်ရောက်လာပြီဆိုတာကိုတော့ ဒါရိုက်တာ ကျော်ဇောခတစ်ယောက် သိနားလည်လာခဲ့ပြီ ဖြစ်၏။

◆ ◆ ◆

"ကဲ…စမယ်၊ ဆက်တင်၊ အဆင်သင့်ပြင်၊ အားလုံး ကိုယ့်နေရာကိုယ်နေ၊ ဘာမှလွဲချော်တာ မလိုဘူး၊ မီးသမားတွေ အချိန်ကိုက်လှုပ်ရှားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ကျော်ဇော်ခက ရိုက်ကွင်းအတွက် မှာစရာရှိတာများကို မှာကြားနေ၏။ အရေးကြီးသောအခန်းဆိုတာ သိထားကြ၍လည်း အားလုံးက ဂရုတစိုက် လုပ်ဆောင်နေကြသည်။ သို့သော် အားလုံး၏ရင်မှာ တူညီသော ခံစားချက်တစ်ခုက မသိမသာ ရှိနေပါသည်။

ထိုအရာကား 'အကြောက်တရား' ပင်တည်း။

အချိန်က ညဆယ်နာရီကျော်၊ ရိုက်သည့်ဇာတ်လမ်းက 'နာနာဘာဝဖိုင်' ဟူသော သရဲဇာတ်လမ်း။ မင်းသမီး သစ္စာသံစဉ် တစ်ယောက် ထိုအခန်းရိုက်နေရင်းမှ နှလုံးသွေးရပ်ကာ သေဆုံးခဲ့သော အဖြစ်ကလည်း ပူပူနွေးနွေး။

မပြီးပြတ်သောဇာတ်ကို ကြော်ငြာမော်ဒယ်မင်းသမီးလေး 'လဝန်းငယ်' နှင့် ဆက်လက်ရိုက်ကူးရန် ဒါရိုက်တာကျော်ဇော်ခက ဆုံးဖြတ်ခဲ့သည်။ ထိုကိစ္စအတွက် အားလုံးက သဘောတူကြသော်လည်း လဝန်းငယ်က အကြောက်အကန် ငြင်းခဲ့၏။

"မဖြစ်ဘူးထင်တယ် ဆရာ၊ မမသစ္စာရဲ့နေရာမှာ ဝင်ယူရလောက်အောင် လဝန်းမှာ အရည်အချင်း မပြည့်ဝသေးဘူး၊ ပြီးတော့.. ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ လဝန်း၊ ဒီဇာတ်ကားကို မပြီးပြီးအောင် ရိုက်ရမှာပဲ၊ ဒါ ဆရာ့အိပ်မက်ပဲ၊ လဝန်းမှာ အရည်အချင်း အပြည့်ရှိတယ်။ သစ္စာသံစဉ်ရဲ့ ခြေရာကို နင်းနိုင်မယ့် ပါရမီရှိတယ်။ မျက်နှာအကျ၊ အသံနေအသံထား၊ လှုပ်ရှားဟန်ပန်၊ ခန္ဓာကိုယ်အနေ

www.burmeseclassic.com

www.burmeseclassic.com



အထား၊ အားလုံး အားလုံး သစ္စာသံစဥ်နဲ့ ဆင်တူနေတယ်။ ကိုယ့်အနုပညာကို အစွမ်းကုန် ထုတ်ပြရမယ့် အခွင့်ရေးကို လဝန်း လက်လွှတ်ခံမလား။ ခေါင်းဆောင်မင်းသမီးနေရာက သရုပ်ဆောင်ရမယ်လေ၊ ဒါ လဝန်းရဲ့တက်လမ်းပဲ''

မိမိအပေါ် အစစအရာရာ သင်ကြားပေးခဲ့သော လက်ဦးဆရာ၏စကားကို လဝန်းငယ် မပယ်ရှားနိုင်တော့ပါ။ စိုးရွံ့မှုများကို မျိုသိပ်ရင်း ခေါင်းငုံ့နာခံခဲ့ရပါတော့သည်။

မင်းသမီး သစ္စာသံစဥ်ကို မိတ်ကပ်ပြင်ပေးခဲ့သော မိတ်ကပ်ဆရာ အန်တီပေါက်ကပဲ လဝန်းငယ်ကို မိတ်ကပ်ပြင်ပေးခဲ့ပါသည်။ လှပချော့မွတ်သော မျက်နှာလေးကို ကြောက်မက်ဖွယ် သရဲမျက်နှာအဖြစ်သို့။

''လဝန်း အဆင်သင့်ဖြစ်ရင် အမှောင်ထဲကိုသွား၊ ရိုက်ကူးရေး အသင့်ပြင်''

''ဟုတ်...ဟုတ်ကဲ့''

လှသွားစကြီအဆုံးကို အမှောင်ချထားသည်။ လဝန်းငယ်က တိုက်အမှောင်ထဲမှ ထွက်လာရမည်ဖြစ်၏။

''အားလုံး ရယ်ဒီ၊ စမယ်၊ ဖိုက်...ဖိုး...သရီး...တူး...ဝမ်း...အက်ရှင်''

အားလုံးရဲ့ မျက်လုံးတွေက အမှောင်ထုထဲသို့ရင်တထိတ်ထိတ်ဖြင့်။ တစ်စက္ကန့်...နှစ်စက္ကန့်...သုံးစက္ကန့်...။

''အင်း...ဟီး...ဟီး...အီး...''

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ဖွယ် ညည်းတွားသံက ဦးစွာထွက်ပေါ်လာသည်။ ဒါရိုက်တာကျော်ဇောခမှာ အသက်ပင် မရှူရဲ။ ညည်းတွားသံက မြင်လွန်းလှ၏။ ကြားရသူတိုင်း ကြက်သီးထခဲ့ရသည်။

အမှောင်ထုထဲမှ လှုပ်ရှားမှုကို ခပ်ဝါးဝါး မြင်လိုက်ကြရပြီ။ အဖြူရောင်အင်္ကျီပွကြီး ဝတ်ဆင်ထားသော လဝန်းငယ်တစ်ဖြစ်လဲ သရဲမသည် ကိုရိုကားယားပုံစံဖြင့် လေးဖက်တွား၍ ထွက်လာပါပြီ။ တစ်လှမ်း...နှစ်လှမ်း...သုံးလှမ်း...။

"အမှတ်တစ်မီး ဖွင့်တော့"

ပြာလဲ့လဲ့ ခပ်မှိန်မှိန် မီးလုံးလေး လင်းလာ၍ မြင်ကွင်းက ပိုရှင်းလာ၏။ ပန်ကာလေကြောင့်လည်း သရဲမ၏ ဆံပင်များက ဖွာလန်ကြဲ လွင့်မျောနေသည်။ အဖြူရောင်ဝတ်ရုံကလည်း လေထဲမှာ တဖျတ်ဖျတ်။

သရဲမက လေးဘက်တွား ထွက်လာရာမှ လက်တွေဆန့် တန်း၍ ရပ်ရန်ကြိုးစား၏။ မိတ်ကပ်ဆရာ အန်တီပေါက်ကပဲ လက်စွမ်းထက်လေသလားမသိ။ သို့တည်းမဟုတ် လဝန်းငယ်ကပဲ လမိုင်းကပ်လေသလားမသိ။ မြင်ရသူတိုင်း ကျောတွန့်၍ ကြက်သီး တဖျန်းဖျန်း ထကြရသည်။ သရဲမ၏ လက်သည်းရှည်ကြီးများ ကလည်း ကောက်ကွေးနေ၏။

"အမှတ်နှစ်မီးဖွင့်"

ဒုတိယမီးလုံးပြာလေးက လင်းသွားသည်။ သရဲမက ညည်း တွားအော်ဟစ်၍ ခါးကိုဆန့်ကာ မတ်တတ်ရပ်လိုက်သည်။ မာန်ပါ

www.burmeseclassic.com

www.burmeseclassic.com



လွှန်း ၍လားတော့မသိ။ ခါးကော့၍ရပ်လိုက်ရာ ထခုန်လိုက်သလိုမျိုး 'ဝုန်း'ကနဲ လေပေါ် မြောက်တက်သွားသည်။ သရဲမ၏ ခြေဖဝါး နှစ်ဖက်က အောက်ခြေတမံသလင်းနှင့် လွတ်သွားသည်။ နောက်မှ တဖြည်းဖြည်း ပြန်ကျလာ၏။

ကျလာပုံက အုံ့ဩစရာကောင်းလောက်အောင် ညင်သာလွန်း နေသည်။ ကြိုးနှင့်လျှော့ချလိုက်သလို ခပ်ဖြည်းဖြည်း ကျလာခြင်း ဖြစ်သည်။ ထိုအချက်ကို တခြားသူတွေ သတိထားမိသလားတော့ မသိ။ ဒါရိုက်တာ ကျော်ဇောခကတော့ မျက်လုံးပြူးသွား၏။ အံ့ဩ လွန်း၍ 'ဟာ'ကနဲ အာမေဋိတ်အသံပင် ထွက်သွားရ၏။

"တတိယမီး ဖွင့်"

တတိယမြောက် မီးလုံးပြာ ပွင့်သွားပြီ။ အကွာဝေးက တစ်ဆယ့်ငါးပေကျော်ခန့်။

သရဲမသည် ဆံပင်များ အုပ်မိုးလျက်မှ 'တဟီးဟီး' ညည်း သံပေးရင်း တစ်လှမ်းချင်း လျှောက်လာသည်။ လက်နှစ်ဖက်က ရှေ့သို့ ဆန့်တန်းလျက်။ သည်တစ်ခါတော့ စောစောကလို ညင်သာ ခြင်း မရှိ။ ခြေကို ခပ်ကြမ်းကြမ်းဆောင့်နင်းလာရာ ခြေတစ်ဖက်ချ လိုက်တိုင်း 'ဒုန်း'ကနဲ 'ဒုန်း'ကနဲ မြည်၍ တုန်ခါသွား၏။

မိန်းမပျိုတစ်ဦး၏ ခြေချမှုက ဤမျှပြင်းမည်ဟု မထင်ထား ခဲ့။ အခုတော့ လိုအပ်တာထက်ပို၍ အသက်ဝင်လွန်းနေသည်။

"နောက်ဆုံးမီး ဖွင့်တော့"

စတုတ္ထမြောက်မီးက လင်းလာသည်။ သရဲမသည် ပါးစပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြဲလျက် သွားစွယ်များပေါ်အောင် ဖြဲရင်း ရှေ့တိုးလာ၏။ မျက်လုံးအစုံက နီရဲရဲမျှ စူးရှလွန်းနေသည်။ မိတ်ကပ်ဆရာအနေနှင့် မျက်လုံးကို နီရဲရဲသာ ဖန်တီးနိုင်မည်။ စူးရှအောင် ပြုလုပ်နိုင်မည်မဟုတ်။

ထိုဖြစ်ရပ်အားလုံးကို မျက်တောင်မခတ် စိုက်ကြည့်နေသော ဒါရိုက်တာ ကျော်ဇောခတစ်ယောက် ကောင်းစွာသတိပြုမိနေသည်။ လဝန်းငယ်သည် ဤမျှ သရုပ်ဆောင်ကောင်းပါမည်လော။

"ကဒ်...ရပြီ၊ ရပြီ...အိုကေ"

မီးချောင်းတွေ ပြန်ဖွင့်လိုက်၍ ထိန်လင်းသွားသည်။ အဖွဲ့သားများက လဝန်းငယ်ကို ပြေးအလွှားသွား၍ ဂုဏ်ပြုကြ၏။

"အကောင်းဆုံးရိုက်ချက်ကို ရပြီဟေ့"

"မင်းသမီးအသစ်က တော်လိုက်တာ"

"ဟုတ်တယ်၊ အကယ်ဒမီရှေ့ပဲ"

"အေးနော်၊ လဝန်းက ပညာတွေ လျှို့ထားတာကိုး"

ခုနက သရုပ်ဆောင်ကောင်းခဲ့သလောက် အခုကျတော့ လဝန်းငယ်က ကလေးတစ်ယောက်ပမာ ကြောင်တောင်တောင် အမူအရာမျိုး၊ မလှုပ်မယှက်။ အိပ်ရာမှ နိုးထလာသူတစ်ယောက်ပမာ။

ဒါရိုက်တာကျော်ဇောခကလည်း လဝန်းငယ်ကို ဂုဏ်ယူစွာဖြင့် ချီးကျူးစကား ဆို၏။ မည်သည့်ပြဿနာ အနှောင့်အယှက်မျှ မရှိဘဲ အောင်မြင်သွား၍ သူလည်း ဝမ်းသာခဲ့ရသည်။

"တော်တယ် လဝန်း၊ ထင်တောင် မထင်ထားဘူး၊ ကျေးဇူးလည်း တင်တယ်ကွာ၊ ထခုနဲ့လိုက်တဲ့အခန်းက အံ့ဩလို့မဆုံးဘူး

www.burmeseclassic.com

www.burmeseclassic.com



လဝန်း"

"ရှင်...လဝန်း ခုန်လိုက်တယ်၊ ဟုတ်လား ဆရာ"

လဝန်းငယ်စကားကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကုန်ကြ၏။

"ဟင်...လဝန်းပဲ ခုန်လိုက်တယ်လေ၊ တကယ်ဆို ရိုက်ချက်ထဲမှာ ထရပ်ဖို့ပဲ ပါတယ်၊ ဒါပေမဲ့ လဝန်း ခုန်လိုက်ပုံက သိပ်ပီပြင်တယ်၊ ဓာတ်က ပိုကြွသွားတယ်။ ဒါကြောင့် တမင်လွှတ်ပေးလိုက်တာ။ အဲဒါ လဝန်းရဲ့ ဉာဏ်နဲ့ လုပ်လိုက်တာလား၊ မှ(ဒ်) တအား ဝင်သွားလို့လား လဝန်း"

လဝန်းငယ် မဖြေနိုင်ပါ။ ဘာမှမသိသလို ပုံစံဖြင့် အားလုံးကို လိုက်ကြည့်နေ၏။

"လဝန်း သမီး၊ နေကောင်းရဲ့လား"

လဝန်းငယ်က အမေဖြစ်သူ၏ အမေးကို မဖြေဘဲ ဒါရိုက်တာကျော်ဇောခကိုကြည့်ကာ မေးလိုက်၏။

"ဆရာ လဝန်း ရိုက်ရမယ့်အခန်းက ရိုက်ပြီးသွားပြီလား ဟင်"

လဝန်းငယ် အမေးကြောင့် အားလုံး မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုပြောလိုက်တာလဲ လဝန်း၊ ပြီးသွားပြီလေ၊ အခုပဲ ရိုက်ပြီးသွားတာလေ၊ လဝန်းကိုယ်တိုင် အကောင်းဆုံး သရုပ်ဆောင်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လဝန်း မသိဘူး ဆရာ"

"ဟေ"

"ဟင်" "ဘယ်လို"

အာမေဋိတ်အသံတွေ ထွက်ကျကုန်၏။ နားမလည်နိုင်သော မျက်လုံးများစွာဖြင့် လဝန်းငယ်ကို ဝိုင်းကြည့်နေကြသည်။ ဒါရိုက်တာ ကျော်ဇောခက လဝန်းငယ်၏ ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ရင်း ပြော၏။

"လဝန်း ဘာဖြစ်နေတာလဲကွာ။ လဝန်း ဘာတွေလုပ်ခဲ့ တယ်ဆိုတာ တကယ်ပဲ မသိတော့ဘူးလားကွယ်"

"ဟင့်အင်း...တကယ်မသိတာပါ ဆရာ၊ လဝန်း မှတ်မိ တာက စကြီးအဆုံးက အမှောင်ထဲကို လဝန်း သွားတယ်၊ ဆရာတို့ ခင်ပေးသလို အမှောင်ထဲကနေ လေးဖက်တွားပြီး ထွက်လာဖို့..."

"အေးလေ...အဲဒီလိုပဲ လဝန်း လုပ်ခဲ့တယ်လေ"

"လဝန်း မသိဘူး ဆရာ၊ အမှန်ပြောရရင် အဲဒီတုန်းက အမှောင်ထဲသွားဖို့ ကြောက်နေခဲ့တယ်။ ကြက်သီးတွေလည်း တဖြန်း ဖြန်းပဲ။ ဆရာတို့ ဆူမှာစိုးလို့ ကြောက်ကြောက်နဲ့သွားရတာ။ အမှောင် ထဲရောက်တော့ သူ...သူ..."

"ဟင်...ဘယ်သူလဲ လဝန်း"

"ဟို...ဟို...မမသစ္စာသံစဉ်"

"ဘာ..."

"ဟင်"

"ဘုရား ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တစ်ယောက်နဲ့တစ်ယောက် နီးကပ်သွားကြသည်။ ဒါရိုက်တာကျော်ဇော၏ကိုယ်တိုင် တွန့်ကနဲ ကျောချမ်းသွားမိသည်။

"လဝန်း ဘာတွေပြောနေတာလဲ"

"အမှန်တွေပါ ဆရာ၊ လဝန်း မှတ်မိသလောက် ပြန်ပြောပြတာပါ၊ အမှောင်ထဲမှာ သူရပ်နေတယ်။ မှောင်နေတယ်ဆိုပေမယ့် လဝန်းမျက်လုံးထဲ သူ့ကို မြင်နေရတယ်။ လဝန်း အရမ်းလန့်သွားတယ်၊ အော်တောင် မအော်နိုင်ဘဲ သတိလစ်သွားတယ်"

"သတိလစ်သွားတယ်၊ ဟုတ်လား လဝန်း"

"လဝန်း ဘာမှမသိတော့တာ ဆရာ"

"ဒါ...ဒါဆို...အခု သရုပ်ဆောင်ခဲ့တာက လဝန်း မဟုတ်ဘူးလား"

"မသိ...မသိဘူး ဆရာ"

"ဟော"

အံ့သြစရာ ဖြစ်ရပ်ပင်တည်း။ လဝန်းငယ် ညာပြောနေခြင်း မဟုတ်မှန်း အားလုံးသိကြသည်။ ဝါစဉ်နုသော သရုပ်ဆောင် တစ်ယောက်က ထိုသို့သရုပ်ဆောင်သွားခြင်းကိုက သံသယဖြစ်ခဲ့မိသည်။ 'ဝုန်း'ကနဲ ထခုန်တာကို လက်ခံလို့ရပါသည်။

ပြန်ကျပုံက မသက်ာစရာ။ ကြိုးနှင့် လျှောချလိုက်သလို ညင်ညင်သာသာ ကျလာခြင်းမှာ ဖြစ်နိုင်ပါမည်လော။ ထုထည်ရှိသော ခန္ဓာကိုယ်တစ်ခုမှန်လျှင် 'ဝုန်း'ကနဲ ပြန်ကျရပေလိမ့်မည်။ ထို့ပြင် စူးရှတောက်ပနေသော လဝန်းငယ်၏ မျက်လုံးအစုံ။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာသံစဉ်၏ အသုဘပွဲတွင် လဝန်းငယ် ထအော်လိုက်သော စကားကိုလည်း ဒါရိုက်တာ ကျော်ဇောခ ပြန်အမှတ်ရမိသည်။ သာတဲ့…။

“ရိုက်မယ်၊ ပြီးအောင် ဆက်ရိုက်မယ်”တဲ့။

မပြီးပြတ်သေးသော အလုပ်တစ်ခုကို သေသူမင်းသမီး၏ ဝိညာဉ်က ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းပင်လော။ လဝန်းငယ်၏ ခန္ဓာကိုယ်ကို အသုံးချ၍ သူ့တာဝန်ကို ကျေပြွန်အောင် ဆောင်ရွက်ခဲ့ခြင်းပင်လော။ အမှောင်ထဲမှာ ပီပြင်လှသော ညည်းတွားသံပြုသူမှာ မည်သူနည်း။

အကောင်းဆုံးရိုက်ချက်များကိုသာ လိုချင်ပါသည်ဆိုသော ဒါရိုက်တာကျော်ဇောခအတွက် အကောင်းဆုံး ရိုက်ချက်များဖြင့် အရုပ်ဆောင်ပေးခဲ့သူမှာ လဝန်းငယ်လား၊ သစ္စာသံစဉ်လား။

ဤမေးခွန်း၏ အဖြေကိုတော့ ဒါရိုက်တာ ကျော်ဇောခ တစ်ယောက် ကွဲပြားစွာဆုံးဖြတ်နိုင်စွမ်း မရှိဖြစ်ခဲ့ရပါတော့သတည်း။

◆ ◆ ◆

ဝသုန်ပဒိန်းထက်

www.burmeseclassic.com

www.burmeseclassic.com





ပြောပြရရင်တော့ အံ့သြစရာဗျ။

ကျုပ်တို့ရွာက ခွာမဲလို့ခေါ်တဲ့ ကရင်လေးက အခု အသက် ရှစ်နှစ်ရှိပြီ။ ဒီကောင်ခွာမဲ မွေးကတည်းက သရဲမြင်ရတဲ့ကောင်ဗျ။ ဒီကောင်က (၅)နှစ်သားလောက်ကတည်းက သူ့မိဘတွေကို ပြောတာဗျ။ ပထမတော့ သူ့မိဘတွေက ခွာမဲပြောတာကို နားမလည်ဘူးဗျို့။ ခွာမဲကလည်း သရဲဆိုတာကို မသိဘူးလေဗျာ။

www.burmeseclassic.com

www.burmeseclassic.com





"အမိုး ညက ရွာထဲကို အရူးမကြီး ဝင်လာတယ်၊ ခွေးတွေ ငိုင်းဟောင်တော့မှ ထွက်ပြေးသွားကြတယ်ဗျ"

"ဖိုးခွား မဟုတ်ဘူး၊ ဒီရွာမှာ အရူးမ မရှိဘူး၊ ခွေးတွေ ဟောင်တာက ဟိုးမြောက်ပိုင်းက ခွေးတွေ နယ်ကျော်လာလို့ ဟောင်တာပါ၊ မကြောက်နဲ့၊ မကြောက်နဲ့"

"အမိုး၊ ဖိုးခွား မကြောက်ပါဘူး၊ ဒါပေမဲ့ ခွေးမဟုတ်ဘူးဗျ၊

www.burmeseclassic.com

www.burmeseclassic.com



အရှူးမကြီး လာတာ၊ ဖိုးခွား သေသေချာချာ မြင်ရတယ်”

ခွာမဲကတော့ ပြောရှာသားဗျ။ ဒါပေမဲ့ သူ့မိဘတွေက မယုံကြဘူး။ ဒီအကြောင်းကို သူ့အဖေ၊ အမေကို ရယ်စရာလို သဘောထားပြီး လူစုံရင် ပြောပြောပြီး ရယ်ကြသဗျ။ တစ်ခါကျတော့ ခွာမဲက ပြောတယ်ဗျ။

“အမိုး ညကလာတဲ့ အရှူးမက ကြောက်စရာကြီးဗျ၊ ဆံပင်ဖားလျားကြီးနဲ့ မျက်လုံးကြီးတွေက ပြူးထွက်နေတာ၊ ပြီးတော့ အဲဒီအရှူးမကြီးက အဝတ်အစားမပါဘူး၊ ကိုယ်လုံးတီးကြီးဗျ။ လူတွေလို လမ်းလျှောက်တာ မဟုတ်ဘူးဗျ၊ ဖင်ထိုင်လျက်ကြီးသွားတာ လက်နှစ်ဖက်ထောက်ပြီး ပြေးတာများ လွတ်မြန်တာ အမိုးရဲ့”

“ဖိုးခွားရဲ့ အရှူးမကြီးလာရင် ခွေးတွေ ဟောင်မှာပေါ့၊ ညက ခွေးဟောင်သံတွေ အမိုးတော့ မကြားပါလား”

“အမိုး ဒီရွာကခွေးတွေက အရင်လာတဲ့ အရှူးမတွေကိုပဲ ဟောင်ရဲတာ အမိုးရဲ့၊ ညက လာတဲ့ အရှူးမကြီးကိုကျတော့ ကြောက်လို့ ဟောင်ဖို့နေနေသာသာ အိမ်အောက်မှာ အီ၊ အီနဲ့ အော်ပြီး ပုန်းနေကြတာ အမြီးတောင် မလှုပ်ရဲဘူးဗျ”

ခွာမဲက အဲဒီလို မကြာ မကြာ ပြောပြောနေပေမယ့် ဘယ်သူကမှ အလေးအနက် မထားကြဘူးပေါ့ဗျာ။ နောက်တော့ ခွာမဲစကားတွေက နည်းနည်းထူးဆန်းလာတယ်ဗျ။ ရွာထဲမှာ လူသေသွားတဲ့အခါမျိုးမှာ အမြဲမဟုတ်ပေမဲ့ တစ်ခါတစ်ခါမှာ ပြောတယ်ဗျ။

“အမိုးရေ ရွာမြောက်ပိုင်းက ကိုကြက်ပေါ်ဆိုတဲ့လူကြီး

www.burmeseclassic.com

www.burmeseclassic.com



သွားတာ အရှုးကြီး ဖြစ်သွားတာဗျ။ ညက ကျုပ်တို့ဝိုင်းရှေ့ကနေ ဆံပင်ဘုတ်သိုက်ကြီးနဲ့ လျှောက်သွားနေတာ ကျုပ်တွေ့တယ်။ ကျုပ်တို့ ဝိုင်းထဲက ခွေးတွေ ဝိုင်းဟောင်လို့ ရွာနောက်ပိုင်းကို ထွက်ပြေးသွား တာဗျ"

ပထမတော့ ခွာမဲပြောတဲ့ အဓိပ္ပာယ်ကို ကျုပ်တို့ရွာမှာ နားမ လည်ကြဘူးဗျ။ ကလေးပြောတဲ့ စကားဆိုတော့ သိပ်လည်းမဟုံ့နှံ့ သွားပေါ့ဗျာ။ နောက်တော့ ဒီသတင်းက ကျုပ်နားထဲ ရောက်လာရော ဗျာ။

ကျုပ်ကတော့ ဒီသတင်းကြားကတည်းက ချက်ချင်းသဘော ပေါက်လာတယ်လေဗျာ။ ကျုပ်က ခွာမဲကိုခေါ်ပြီး တိတ်တိတ်လေး မေးကြည့်တာဗျို့။

"ခွာမဲ၊ မင်းက ညဘက်ကို အရှုးမတွေ၊ အရှုးတွေ ရွာထဲ ဝင်လာတာတွေ့တယ်ဆို ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေရ၊ ကျုပ် အရှုးမကြီးတွေကို မြင်ရတယ်၊ ဖထီးတို့၊ အမိုးတို့က မမြင်ကြဘူးဗျ၊ အဲဒါ ဘာဖြစ်လို့ တုံး၊ ကိုကြီးတာတေ သိလား"

"ခွာမဲ အရှုးဆိုတာ လူတိုင်း မြင်ကြတယ်၊ လူတိုင်း မမြင် တာက အရှုးမဟုတ်လို့ပေါ့ကွ"

"အရှုးမဟုတ်ရင် ဘာတုံး၊ ကျုပ်မြင်ပါတယ်ဆို ကိုကြီး တာတေကလည်း မယုံပြန်ဘူး"

"ဟာ ယုံပါတယ် ခွာမဲရ၊ ပြီးတော့ ကိုကြီးတာတေ ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"ကျုပ်ပြောမယ် ကိုကြီးတာတော၊ ဒီရွာက လူတွေ သေသွားရင် ကိုကြီးတာတောတို့ သေတဲ့လူကို ဘယ်ယူသွားတာတုံးဗျ"

"ဟ ခွာမဲရ၊ သင်္ချိုင်းကုန်းကို ယူသွားပြီး သင်္ဂြိုဟ်ရတာပေါ့ကွ"

"ဘာတုံးဗျ၊ အဲဒီဟာ ဘာကို ပြောတာတုံး"

"ဒီလိုကွာ၊ သင်္ဂြိုဟ်တယ်ဆိုတာက မြေကြီးမှာ ကျင်းကြီးတူးပြီး သေတဲ့လူကို မြေကျင်းထဲထည့်ပြီး အပေါ်က မြေကြီးတွေ အပြည့်ပြန်ဖို့လိုက်တာပေါ့ကွ"

"ဟာ ဒါဆို သေတဲ့သူက ရွာကို ဘယ်လိုလုပ်ပြီး ပြန်လာမှာတုံး"

"အေးပေါ့ကွ ခွာမဲရ၊ ပြန်လာလို့ ဘယ်ရတော့မှာတုံး"

ခွာမဲဆိုတဲ့ကောင်က ပုတိုတိုလေးဗျ။ ကတုံးပြောင်လေးနဲ့ မျက်လုံးက ပြူးပြူးလေးဗျ။ စကားပြောရင်လည်း ကရင်သံဝဲဝဲလေးနဲ့ ချစ်စရာလေးပါဗျာ။ ကျုပ်ပြောတာကို သေသေချာချာ နားထောင်ပြီးမှ ဒီကောင်က ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောတာဗျာ။

"ကိုကြီးတာတော၊ ခင်ဗျားပြောတာ မှားတယ်ဗျ"

"ဟေ့ ဘာဖြစ်လို့တုံးကွ ခွာမဲရ"

"ကိုကြီးတာတောတို့ မြေကျင်းထဲမှာ မြှုပ်ထားတဲ့ လူသေတွေက ရွာထဲကို ပြန်လာနိုင်တယ်ဗျ၊ ဒီအတိုင်း ပြန်လာတာတော့ မဟုတ်ဘူး၊ အရှူးဖြစ်ပြီး ပြန်လာတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟုတ်လားကွ ခွာမဲရ၊ အဲဒီအရူးတွေကို မင်းမြင်ရ ယ်ပေါ့ ဟုတ်လား"

"ကျုပ်မြင်ရတယ် ကိုကြီးတာတေရ"

"ခွာမဲ မင်းကို ငါပြောမယ်၊ မင်း သရဲဆိုတာ ကြားဖူးလား"

"ဟာ ကြားဖူးတာပေါ့ ကိုကြီးတာတေရ၊ သရဲဆိုတာ တွေကို လန့်သွားအောင် ချောက်တာဗျ။ ကျုပ်တွေ့တာက သရဲ တ်ဘူးဗျ။ သူတို့ဟာ လူလိုပဲ လျှောက်သွားနေကြတာဗျ၊ ခွေးတွေ င်ရင် ကြောက်လို့ ထွက်တောင်ပြေးသေးတယ်"

ကျုပ်ပြောတာကို ဒီကောင် မယုံဘူးဗျ။ ဒါနဲ့ ကျုပ်လည်း ထပ်မပြောတော့ဘဲ သူပြောတဲ့အတိုင်း အရူးလို့ပဲ ထားလိုက်ရ တော့တာပေါ့ဗျာ။

ဘာလိုလိုနဲ့ ခွာမဲတောင် ရှစ်နှစ်၊ ကိုးနှစ်အရွယ် ရောက်လာ ကျုပ်နဲ့ တွေ့ရင်တော့…

"ခွာမဲ မင်း အရူးတွေ တွေ့သေးလား"

လို့ ကျုပ်က မေးရင် ခွာမဲက…

"ဟာ တွေ့တာပေါ့ ကိုကြီးတာတေရ၊ ဟိုတလောက ကျုပ် နဲ့ ယာထဲလိုက်သွားတာ ထိန်ပင်ကြီးပေါ်မှာ ထိုင်နေတဲ့ အရူးမ တစ်ယောက်တောင် တွေ့ခဲ့သေးတယ်ဗျ၊ အရူးမကြီးက ဆံပင်ဖွား ကြီးချပြီးတော့ ထိုင်နေတာဗျ။ ဟိုးရွာမြောက်က ထန်းပင်တွေ ကို လှမ်းကြည့်နေတာ၊ ဖထီးနဲ့ ကျုပ်နဲ့ အဲဒီထိန်ပင်ကြီး က်ကဖြတ်ပြီး လှည်းမောင်းလာတာတောင် ကျုပ်တို့လှည်းကို

www.burmeseclassic.com

www.burmeseclassic.com



ငုံ့မကြည့်ဘူးဗျ"

"ဩော်...ခွာမဲရယ်၊ အဲဒီမိန်းမကြီးက မင်းပြောသလို ရှုံးနေတာဆိုတော့ သူကြည့်ချင်ရာတွေ ကြည့်နေမှာပေါ့ကွာ"

"ဟုတ်တယ်ဗျ၊ ဟုတ်တယ်"

"ဒါနဲ့ နေဦးကွ ခွာမဲရ၊ ထူးထူးခြားခြား အရှုံးတွေ၊ အရှုံးမတွေ တွေ့ရင် ကိုကြီးတာတေကို ပြောဦးနော် ခွာမဲ"

"ပြောမယ်၊ ပြောမယ်"

ခွာမဲက သူပြောထားတဲ့အတိုင်း ကျုပ်ကို တကယ်ပြောတော့တာဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်က ဝိုင်းထဲမှာ အမေ့ကိုကူပြီး မြေပဲတွေ လှမ်းနေတာဗျ။ ဝိုင်းဝကနေ ကျုပ်ကို လှမ်းခေါ်တာ ဘယ်သူတုံးလို့ ကျုပ် လှည့်ကြည့် လိုက်တယ်။ အမေတောင် ကျုပ်လိုပဲ လှည့်ကြည့်သဗျ။

ဝိုင်းဝမှ မတ်တတ်ရပ်ပြီး ကျုပ်ကို ကြည့်နေတာ ခွာမဲဗျ။

"ဟဲ့ တာတေ၊ ဒါ ဘယ်သူ့ကလေးတုံး၊ နင့်ကို သိနေပါလား"

"တောင်ဝိုင်းက စောသာအေးသားလေးပါဗျ"

"ဩော်...ကရင်မသား ခွာမဲလေးလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခွာမဲ လာလေကွာ၊ ဝင်ခဲ့၊ ဝင်ခဲ့"

ခွာမဲက လမ်းလျှောက်ရင် ခြေထောက်ကလေး နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ခွင်တယ်ဗျ။ ဘောင်းဘီပွပွကြီး ဝတ်ထားပြီး ခြေထောက် ခွင်တင်၊ ခွင်တင်နဲ့ ခွာမဲ ဝိုင်းထဲဝင်လာရောဗျ။

"ဟဲ့ ခွာမဲ၊ နင့်အမေ ကရင်မ နေကောင်းလား"

"ကောင်းတယ်ဗျ အစိုးရဲ့၊ ဒီနေ့ ဖထီးနဲ့ ယာထဲလိုက်သွားတယ်"

"သြော်…အေး အေး၊ ခဏနေဦးနော်၊ အစိုးအိမ်ပေါ်မှာ ငှက်ပျောသီး သွားယူလိုက်ဦးမယ်၊ ဘန့်ဘွေးကုန်းက ပုမ လာရောင်းလို့ ဝယ်ထားလိုက်တာ၊ လွတ်ချိုတာ"

အမေက ပြောရင်း အိမ်ပေါ်ကို တက်ပြီး ခွာမဲစားဖို့ ငှက်ပျောသီး သွားယူတယ်။

"ခွာမဲ မင်းက ငါ့ဆီကို လာလည်တာလားကွ၊ မင်းက ငါ့ဆီကို တစ်ခါမှ လာမလည်ဖူးတော့ ကိုကြီးတာတေက အံ့သြသွားတာ ခွာမဲရ"

"ကျုပ် ကိုကြီးတာတေကို ပြောစရာရှိလို့ဗျ၊ ကိုကြီးတာတေက ကျုပ်ကို ပြောထားတယ်မို့လား၊ ထူးခြားတဲ့ အရွှမ်တွေ အရွှေတွေ တွေ့ရင် ပြောပါလို့လေ"

ခွာမဲက ကရင်သံဝဲဝဲနဲ့ ကျုပ်ကို ပြောတာဗျ။

"အေးလေ၊ ကိုကြီးတာတေ ခွာမဲကို ပြောထားတယ်လေ"

ကျုပ်က ခွာမဲပြောတဲ့စကားကို ခေါင်းညိတ်ပြပြီး ပြန်ဖြေလိုက်တာဗျ။

"ကျုပ် အဲဒီကိစ္စ လာတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဟုတ်လားကွ ခွာမဲရ၊ မင်း ခုတလော ထူးထူးခြားခြားအရွေး တွေ့လို့လားကွ"

အမေ လာပေးတဲ့ ရခိုင်ငှက်ပျောသီးတွေကို လှမ်းယူပြီး ခွာမဲက ချက်ချင်းခွာစားတာဗျ။ ခွာမဲတို့ ကရင်တွေက ရိုးသားပွင့်လင်းတယ်ဆိုတာ ကျုပ် သိပြီးသားပါဗျာ။ ဟန်ဆောင်ပန်ဆောင် ဘယ်တော့မှ မလုပ်ကြဘူးဗျ။

ငှက်ပျောသီးကို ပလုတ်ပလောင်း စားရင်းကနေ ခွာမဲက ကျုပ်ကို ပြောတယ်။

"ကိုကြီးတာတော၊ ဟိုတလောက မီးတွင်းမှာ သေသွားတဲ့ အနောက်ပိုင်းက မရွှေစိန်ကို သိတယ်မို့လားဗျ"

"ဟာ မသိဘဲနေမလား ခွာမဲရ၊ ထနောင်းကုန်းတစ်ရွာလုံးကို ငါသိတာပေါ့"

"အဲဒီ မရွှေစိန် သေတုန်းက မြေကျင်းတူးပြီးမြှုပ်တဲ့ လူတွေအထဲမှာ ကိုကြီးတာတောပါလား"

"ဟ ခွာမဲရ၊ ကိုကြီးတာတောက ဦးဆောင်ပြီး လုပ်တာပဲလေကွာ"

"ဒါဆိုရင်တော့ သွားပြီဗျ"

"ဟော…ဘာဖြစ်လို့တုံး ခွာမဲရ"

"ကိုကြီးတာတောတို့ မြေကျင်းကို မြေကြီးပြန်ဖုံးတာမလုံလို့ ဖြစ်မှာပေါ့ဗျ"

"ဟော…ဟုတ်လား ခွာမဲ၊ ဘာဖြစ်လို့တုံးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာတုံးဗျ ကိုကြီးတာတေရ၊ သေသွားတဲ့ မရွှေစိန်ကြီး ရွာထဲကို ပြန်ရောက်လာလို့ပေါ့ဗျ"

"ဟေ…ဟုတ်လားကွ"

"ဟုတ်ပါ့ဗျာ၊ တစ်ကိုယ်လုံး ဆန္ဒင်းတွေ ဝါထိန်လို့"

"ဟာ ဟုတ်လား ခွာမဲရ၊ မရွှေစိန် သူလည်း ရူးနေတာပဲလားကွ"

"ရူးနေတာပေါ့ဗျ၊ ဆံပင်ကြီးဖားလျားချလို့ဗျာ၊ နေဦးဗျ၊ ကျုပ်ပြောဦးမယ်၊ မရွှေစိန်က ရွာထဲကို သူတစ်ယောက်တည်းလာတာ မဟုတ်ဘူး ကိုကြီးတာတေရဲ့"

"ဟေ ဟုတ်လား၊ သူနဲ့အတူတူ တခြားဘယ်သူ ပါလာလို့တုံးကွ"

"အရူးမကြီးတစ်ယောက် ပါလာတယ်ဗျ၊ အဲဒီအရူးမကြီးက မွှတ်ကြောက်စရာကောင်းတာဗျ။ ဆံပင်ဖားလျားကြီးနဲ့ မျက်လုံးပြူးပြူးကြီးဗျ။ သူ့မျက်လုံးကြီးတွေကလည်း နီရဲနေတာ ကိုကြီးတာတေရ၊ မတ်တတ်ရပ်ပြီး မသွားနိုင်ဘူးဗျ။ ဒူးကြီးနှစ်လုံးထောင်ပြီး လက်နှစ်ဖက်ထောက်သွားတာဗျ။ ပြီးတော့ အဝတ်အစားလည်း မပါဘူးဗျ၊ ပြီးတော့ အဝတ်အစားလည်း လုံးဝမပါဘူးဗျ။ အဲ ကျုပ်ပြောရဦးမယ်။ အဲဒီအရူးမကြီးက သစ်ပင်တက်တာ တော်တော်ကျွမ်းကျင်တာဗျ၊ သစ်ပင်ပေါ်ကိုတက်ရင် ကုန်းကုန်းကြီးတက်သွားတာ လှစ်ကနဲ လှစ်ကနဲနေတာ။ ပြန်ဆင်းရင်လည်း ဇောက်ထိုးကြီးဆင်းလာတာဗျို့၊ မြန်ချက်တော့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသရဲမ၊ အဲ...အဲအရူးမကြီးက မရွှေစိန်နဲ့ လိုက်လာတာလား"

"ဟုတ်တယ်ဗျ၊ မရွှေစိန်နောက်က လိုက်လာတာ၊ သစ်ပင်အမြင့်ကြီးတွေတွေ့ရင် လှစ်ကနဲ လှစ်ကနဲ တက်လိုက်၊ ပြန်ဆင်းလိုက် လုပ်နေတာဗျ"

"မင်း ဘယ်တုန်းက တွေ့တာတုံး ခွာမဲ"

"ကျုပ်တွေ့တာ နှစ်ည ရှိပြီဗျ၊ ဒီညလည်း လာဦးမယ်ထင်တယ်"

ခွာမဲပြောတာကို ကျုပ်ခေါင်းညိတ်လိုက်တယ်။ ပြီးတော့ စဉ်းစားတယ်။ ချက်ချင်းသဘောပေါက်သွားတယ်။ မရွှေစိန်က မီးတွင်းမှာ သေတာဆိုတော့ ကလေးကျန်ရစ်ခဲ့တယ်ဗျ။ သူ့ကလေးကို သူ့ဆီခေါ်ချင်လို့ လာလာကြည့်နေတာ ဖြစ်မယ်ဗျ။

အဲဒါကို တစ္ဆေဘဝမှာတွေ့တဲ့ သူရဲမကြီးတစ်ယောက်က မရွှေစိန်ကို ကူညီဖို့လိုက်လာတာ ဖြစ်မယ်ဗျ။ ကလေးရဲ့ ဝိညာဉ်ကို မရွှေစိန်က ရအောင်မနှုတ်တတ်ရင်တောင် သူနဲ့ပါလာတဲ့ သစ်ပင်ပေါ်ကနေ ဖောက်ထိုးဆင်းနိုင်တဲ့ သရဲမကြီးကတော့ ကလေးဝိညာဉ်ကို ရအောင် နှုတ်နိုင်မှာဗျ။ ခွာမဲက ကျုပ်နဲ့ စကားပြောပြီး ခြေထောက်ခွင်ခွင်လေးနဲ့ ပြန်သွားတယ်။

ညဆယ့်တစ်နာရီမှာ ရွာထဲက ခွေးသံတွေ ကြားရောဗျ။ ကျုပ်လည်း မျက်ကွင်းဆေးကွင်းပြီး ရွာထဲကို ထွက်ခဲ့တယ်။ ဆေးလွယ်အိတ်ကိုတော့ လွယ်လို့ပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မရွှေစိန်တို့ ဝိုင်းဘက်ကို ထွက်လာတယ်။ မရွှေစိန် ဝိုင်းနဲ့ မျက်နှာချင်းဆိုင်က ဘိုးတင်ရွှေတို့ ဝိုင်းထဲကဝင်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော ခွေးတွေ အူပြီဗျို့။ ဟော ဟော ခွာမဲပြောတဲ့ သူ့ရဲ့မကြီးဗျို့။ ဆံပင်ဖားလျားနဲ့ ကိုယ်လုံးတီးကြီးဗျာ။ မတ်တတ်ရပ်သွားတာ မဟုတ်ဘူးဗျ။ မျောက်တွေ မြေကြီးမှာ ခုန်ခုန်သွားသလို သွားတာဗျ။ မြန်လိုက်တာမှ ရိပ်ကနဲ ရိပ်ကနဲ နေတာဗျ။ ဟာ သူ့နောက် ခပ်လှမ်းလှမ်းမှာ မရွှေစိန်ဗျ။ ဆံနွှင်းရောင်ဝါဝါကြီးဗျို့။

အံ့ရောဗျာ၊ ခွာမဲဆိုတဲ့ ကလေးက ဒီသရဲတွေကို ဒီအတိုင်းပြနေရတာဗျ။ သရဲကို သရဲမှန်း မသိဘဲ အရူးချည်း ပြောနေတာဗျို့။ ဒါဘ မရွှေစိန်ရော၊ သရဲမကြီးရော။ မရွှေစိန်တို့ အိမ်ရှေ့မှာရပ်ပြီး အိမ်ကို စိုက်ကြည့်နေတဲ့ပုံပဲဗျ။ ကျုပ်စိုးရိမ်သွားတာ အိမ်ထဲမှာရှိတဲ့ မရွှေစိန်ရဲ့ ကလေးအတွက် ကျုပ် တော်တော်ကို စိုးရိမ်သွားတာဗျို့။

ကျုပ် ဘာလုပ်ရင်ကောင်းမလဲလို့ တွေးနေမိတယ်။ ညရောက်လောက်ရှိတော့ သရဲမကြီးရော၊ မရွှေစိန်ရော ပြန်ထွက်သွားကြရောဗျ။ ကလေးတော့ ဘာမှမဖြစ်လောက်ဘူး ထင်ရတာပဲဗျ။

အဲဒီည အိမ်ရောက်တော့ ကျုပ် အိပ်ရာမဝင်ခင် မဖဲဝါ ကျုပ်ကို ပေးထားတဲ့ ကိုယ်ခွဲရုပ်ကို ကိုင်ပြီး မဖဲဝါကို ပင့်လိုက်တယ်။

"သချိုင်းရှင်မ မဖဲဝါခင်ဗျာ. ကျုပ်တို့ ထနေးအင်းကုန်းမှာ ကြောခင်က မရွှေစိန်ဆိုတဲ့ မိန်းမတစ်ယောက် ကလေးမီးဖွားရင်း

www.burmeseclassic.com

www.burmeseclassic.com



မီးတွင်းမှာ သေသွားတယ်ဗျ။

အခု အဲဒီမရွှေစိန် သရဲမနဲ့ ကြောက်စရာကောင်းတဲ့ အခြား သရဲမကြီးတစ်ယောက် ညတိုင်း ကျုပ်တို့ရွာထဲကိုဝင်လာပြီး မရွှေစိန် ရဲ့ကလေးကို ဝိညာဉ်နှုတ်ဖို့ လုပ်နေလို့ဗျ။ အဲဒီကိစ္စကို မဖဲဝါ ကူညီပါ၊ ကလေးအတွက် ကျုပ်စိတ်ထဲမှာ အတော်ကို စိုးရိမ်နေလို့ပါ”

အိပ်ပျော်သွားတာနဲ့ ကျုပ် အိပ်မက်မက်တော့တာပဲဗျို့။

လေတွေ တဝီးဝီးတိုက်နေတဲ့ကြားမှာ အရွက်ကလေး တစ်ရွက်တောင်မှ မလှုပ်တဲ့ ဆယ့်နှစ်ရာသီ အဝါပင်ကြီးရဲ့အောက်မှာ မဖဲဝါ ရပ်နေတယ်။ ကျုပ်ကို အိပ်မက်ပေးတိုင်း မဖဲဝါက ကျုပ်နဲ့ ရွယ်တူ ကောင်မလေးပုံစံ ဖန်ဆင်းပြီး ပြနေကျဗျ။ ဆယ့်နှစ်ရာသီပင် မှာ အပွင့်ဝါတွေကလည်း ပင်လုံးပွင့်နေလိုက်တာ ထိန်လို့ပါပဲဗျာ။ မဖဲဝါရဲ့နားအပေါ်မှာလည်း ဆယ့်နှစ်ရာသီအခါပွင့်လေးတစ်ပွင့် ပန်လို့ ဗျ။

“တာတေ၊ ရွှေစိန်က ကလေးကို ရအောင်ခေါ်ဖို့ လုပ်နေ တာ၊ သူ့မှာ အဲဒီအစွမ်းမရှိဘူးဟဲ့၊ ဒါကြောင့် မီးလောင်ကုန်းသချိုင်း ထဲက ဘန်ဘွေးပင်သရဲမကို အကူအညီတောင်းတာ၊ ဒါပေမဲ့ အိမ်ထဲ ကို သူတို့ ဝင်လို့မရသေးဘူး။ ဝင်လို့ရသွားတာနဲ့ ကလေးကို ဝိညာဉ် နှုတ်လိမ့်မယ်။ နင့်ဥးပြီး အိမ်ကို စည်းသေသေချာချာ ချထားလိုက်၊ မနက်ဖြန်ညကျရင် ဒီကောင်မတွေကို ငါ ရွာပြင်က လှမ်းခေါ်ပြီး ကောင်းကောင်းဆုံးမလိုက်မယ်”

အိပ်မက်လည်းဆုံး ကျုပ်လည်းနိုး၊ မိုးလည်းလင်းတာပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ဗျာ။

ကျုပ် မရွှေစိန်တို့အိမ်ကိုသွားပြီး သူ့ယောကျ်ား ကိုမှိန်ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ ကိုမှိန်ဆိုတာ ကျုပ်ပြောတာကို ကြားတော့ ငိုလိုက်တာဗျာ။

"ဖြစ်မှဖြစ်ရလေ ရွှေစိန်ရယ်၊ ငါ ဘာလုပ်ရမှာတုံး တာတေ ရယ်"

"မရွှေစိန်အတွက် ဆွမ်းထပ်သွပ်ဗျ၊ ကလေးအတွက်တော့ အိုကြီးမှိန် မစိုးရိမ်နဲ့၊ ဒီည မဖဲဝါကိုယ်တိုင် လိပ်ပြာခွဲပေးလိမ့်မယ်"

ကျုပ်က သစ်စုန်းဆေးတောင့်ကို အပ်ကလေးနဲ့ ခြစ်ပြီး အိုးထဲမှာ ဖျော်လိုက်တယ်။ ပြီးတော့ ခွက်ကလေးနဲ့ ဆေးတော်ရည် ကို ခပ်ပြီး ဝိုင်းကို စည်းချလိုက်တယ်။ အိမ်ကိုလည်း စည်းချတယ်။

အဲဒီညတော့ ကျုပ် ကိုမှိန်တို့အိမ်ထဲကပဲ ဝင်ပြီးတော့ စောင့် ကြည့်တာပေါ့ဗျာ။ ညသန်းခေါင်ကျော်တော့ လာတာပဲဗျို့။ ခွေးတွေ လည်း အူလိုက်တာ မပြောပါနဲ့တော့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော…ရောက်လာကြပြီဗျို့။ မျောက်လို ခုန်ခုန်သွားတဲ့ သရဲမကြီးရော၊ တစ်ကိုယ်လုံး ဆန္ဒင်းလို ဝါထိန်သွားတဲ့ သရဲမ မရွှေစိန်ရော ဝိုင်းရှေ့မှာရပ်ပြီး အိမ်ကို ကြည့်နေကြတာဗျ။

ကျုပ်က ဆေးလွယ်အိတ်ထဲက မဖဲဝါရဲ့ ကိုယ်ပွားရုပ် ကလေးကို ထုတ်ယူပြီး မဖဲဝါကို ပင့်လိုက်တယ်။

"သချိုင်းရှင်မကြီးဗျာ၊ သရဲမ မရွှေစိန်နဲ့ ဟိုသရဲမကြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါပြီဗျာ၊ ထနောင်းကုန်းက ကျုပ်တာတေ အကြောင်းကြား ပါတယ်ဗျာ"

ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေး က ဆတ်ကနဲ တုန်သွားတယ်ဗျ။

"အီး၊ အီး၊ အီး၊ အား၊ အား၊ အီး၊ အီး၊ အား"

ဟော မဖဲဝါရဲ့ အသံကြီးဗျ။ ရွာပြင်က ကြားရတာဗျ။ ဟာ သရဲမကြီး ချာကနဲ လှည့်ပြီး ပြေးပြီးဗျို့။ ဟော ဟော သရဲမ မရွှေစိန်လည်း လိုက်သွားပြီဗျ။

"အီး၊ အီး၊ အီး၊ အား၊ အား၊ အား"

ဟာ မဖဲဝါလည်း ရွာပြင်က အော်ခေါ်နေပြီဗျို့။ သွားပြီဗျို့။ သွားပြီ။ သွားပြီ။ ကလေးအတွက်တော့ လုံးဝစိတ်ချရသွားပြီပေါ့ဗျာ။ ခဏနေတော့ ကလေးကိုရင်ခွင်ထဲမှာ ပွေ့ထားပြီး မအိပ်နိုင်အောင် ဖြစ်နေတဲ့ ကိုမှိန်က ကျုပ်ကို မေးတယ်ဗျ။

"တာတေ၊ ဘယ်လိုတုံး ညီလေးရဲ့"

"ကိုကြီးမှိန်ရေ သွားပြီဗျ၊ မဖဲဝါကြီး ခေါ်သွားပြီ၊ ကလေး ကို လိပ်ပြာခွဲပေးလိုက်ပြီ။ မရွှေစိန်အတွက်သာ အလှူအတန်းလုပ်ပြီး အမျှဝေလိုက်ပေတော့ဗျာ"

တစ်ညလုံး မအိပ်ခဲ့ရတော့ အိမ်ရောက်တာနဲ့ ကျုပ်လည်း အိပ်တော့တာပေါ့ဗျာ။ အိပ်မပျော်ခင်မှာ မွေးကတည်းက သရဲမြင်တဲ့ ခွာမဲဆိုတဲ့ ကောင်လေးကို သတိရလိုက်သေးတယ်ဗျ။

တာတေ

www.burmeseclassic.com